၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၁၀)၊ အမှတ် (၇)

၂၀၂၀ခုနှစ်၊ ဧပြီလ (၈)ရက်



# သဘာဝဘေး ဒုံးဝန်းတံတားနှင့် ခွန်အားများ

စာ-၇ »




ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာလ ၁ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။

# အယ်ဒီတာ့ အာဘော်

## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသဆင်နွှဲ လက်တွဲပြည်သူ အောင်ပွဲယူ

COVID-19 ရောဂါသည် ကမ္ဘာ့ကပ်ရောဂါ အဖြစ် တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းအောင် ခြိမ်းခြောက်လျက်ရှိသည်။ အဆိုပါ ရောဂါဆိုးစတင်ဖြစ်ပွားရာ တရုတ်နိုင်ငံသည် အစပိုင်းတွင် ပြန့်ပွားနှုန်းနှင့် သေဆုံးမှုမြင့်မားခဲ့သည်။ ယနေ့သော် အဆိုပါဖြစ်ပွားရာဒေသနှင့် လွန်စွာဝေးကွာသည့် ဥရောပဒေသတွင်ကူးစက်ခံရသူနှင့် သေဆုံးသူမြင့်တက်လျက်ရှိသည်။

ဧပြီလ ၂ ရက်(ညနေ ၄ နာရီ )အထိ အမေရိကန်နိုင်ငံတွင် ကူးစက်ခံရသူ ၁၀၁၇၆၉၃ ဦး၊ သေဆုံးသူ ၅၃၁၇၉ ဦးဖြင့် အမြင့်ဆုံးကြုံတွေ့နေရသည်။ဒုတိယနိုင်ငံမှာ အီတလီ၊ တတိယနိုင်ငံမှာ စပိန်၊ စတုတ္ထမှာ တရုတ်ပြည်မ၊ ပဉ္စမနိုင်ငံမှာ ဂျာမနီ၊ ဆဋ္ဌမနိုင်ငံမှာ ပြင်သစ်နှင့် သတ္တမနိုင်ငံမှာ အီရန်နိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် မတ်လ ၂၃ရက်တွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂)ဦးစတင်တွေ့ရှိခဲ့ရာမှ ဧပြီလ ၃ရက်၊ည ၈နာရီအချိန်ထိ စုစုပေါင်း(၂၀)ဦးနှင့် သေဆုံးတစ်ဦးရှိခဲ့ပြီဖြစ်သည်။

၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ရက်တွင် Coronavirus Disease 2019 (COVID-19)ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ မတ်လ ၁၃ ရက်တွင် အမျိုးသားအဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ပြည်ထောင်စုဝန်ကြီး ၁၈ဦးနှင့် အမြဲတမ်းအတွင်းဝန် ၂ ဦးအားတွဲဘက်အတွင်းရေးမှူးအဖြစ်စုဖွဲ့ခဲ့သည်။ လုပ်ငန်းတာဝန် ၇ ရပ်ချမှတ်ခဲ့သည်။

မတ် ၂၅ရက်နံနက်ပိုင်းတွင် Coronavirus Disease 2019 (COVID-19) ရောဂါနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက် အမှာစကားပြောကြား ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံတွင် အလုပ်သွားရောက် လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုနှင့်ပတ်သက်ပြီး ၎င်းတို့အားနေရပ်ပြန်လည် ပို့ဆောင်ရေးအစီအစဉ်၊ စတင်ဝင်ရောက်ချိန်မှစပြီး နေရပ်ပြန်ချိန်အထိ ၎င်းတို့၏ နေထိုင်စားသောက်ရေးအစီအမံများ၊ နေရပ်ပြန်လည်ရောက်ရှိချိန်တွင် ပြည်သူလူထု၏ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (community based facility quarantine) များနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်သွားမည့် အစီအမံများကိုဆွေးနွေးတင်ပြခဲ့ကြသည်။

ပြောင်းလဲလာသည့် စောင့်ကြည့်လူနာနှင့် သေဆုံးလူနာ ၁ဦးတို့ အပေါ်သုံးသပ်၍ မတ်လ၃၀ ရက်တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ ၅၃/ ၂၀၂၀ဖြင့် Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌအဖြစ်တာဝန်ယူသည်။ ပြည်ထောင်စုဝန်ကြီး ၇ဦးမှာအဖွဲ့ဝင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အတွင်းရေးမှူးများအဖြစ်တာဝန်ယူကြရသည်။ လုပ်ငန်းတာဝန် ၁၁ ရပ်ချမှတ်ခဲ့ပြီး Coronavirus Disease 2019 (COVID-19)ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိမ်းချုပ်၊ ကုသရေးဗဟိုကော်မတီကို ဖျက်သိမ်းခဲ့သည်။

ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်း လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ ငွေကြေးနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ၊ အစားအသောက် အသုံးအဆောင်ပစ္စည်းများပေးအပ်လှူဒါန်းလျက်ရှိကြသည်။ သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီးအသွားအလာကန့်သတ်ခြင်းအစီအစဉ် (community based facility quarantine) များအတွက် လူမှုရေး အဆောက်အဦများ အသုံးပြုခွင့်ပေးခြင်း၊ ဆရာတော်ကြီးများက ၎င်းတို့၏ သာသနိကအဆောက်အဦများကို လိုအပ်သလို အသုံးပြုနိုင်ရန်ခွင့်ပြုပြီး ကိုယ်တိုင်ဦးစီးပါ ဝင်ဆောင်ရွက်လျှက်ရှိသည်။မြို့ရွာ အလိုက်ဒေသခံအချို့က ၎င်းတို့ပိုင်အဆောက်အဦများကို အသုံးပြုခွင့်ပေးအပ်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ မုန်တိုင်းခိုအဆောက်အဦများသည်လည်း ထိုနည်းနှင်နှင်တွင်ကျယ်စွာ အသုံးချ၍ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျှက်ရှိကြသည်။

တပ်မတော်သည် ၎င်းတို့၏ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက်ရှိနေကြသည့် ဆေးတပ်ဖွဲ့ဝင်များ၊အဆောက်အဦများ၊ ဆေးဝါးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ကျွေးမွေးမည့် အစီအမံတို့ဖြင့် အသင့်ရှိနေကြသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် Coronavirus Disease 2019 (COVID-19)ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျှက်ရှိသည်။ မတ် ၃၁တွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသားလေးဦး၊ အမျိုးသမီး နှစ်ဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ၂၀ဦး၊ အမျိုးသမီးတစ်ဦး၊ မြဝတီမှပြန်လည်ရောက်ရှိလာသူ အမျိုးသား ၁၉ဦး၊ အမျိုးသမီးတစ်ဦး၊ စုစုပေါင်း ၄၇ဦးရှိနေပြီဖြစ်သည်။ အလားတူ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ် ၃ စစ်ကြောရေးနှင့် တည်းခိုရိပ်သာတွင် သီးခြားစောင့်ကြည့် ကုသရမည့်သူ တစ်သောင်းခွဲ နေထိုင်နိုင်ရန်အတွက် ဧပြီလ ၁ ရက်မှ စတင်ကာပြင်ဆင်ပြီးဖြစ်ကြောင်း စောင့်ကြည့်လူနာ လက်ခံမည့်နေရာ၊ အိမ်ဆောင်များ၊ ထမင်းစားဆောင်၊ စားဖိုဆောင်၊ ရေချိုးခန်းများနှင့် ကျွေးမွေးမည့်အစီအစဉ်များစသည်ဖြင့် ပြင်ဆင်ထားပြီဖြစ်ကြောင်းသိရသည်။ COVID-19 ကာကွယ်ရေး ပညာပေးရုပ်သံများလည်း ထုတ်လွှင့်ပေးလျက်ရှိသည်။


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ပြည်ပခရီးသွားများအဓိကဝင်ရောက်ရာဖြစ်သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ပြည်တွင်းလေဆိပ်အသီးသီးတို့၏ ပျံသန်းပို့ဆောင်ရေးကဏ္ဍများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကျန်းမာရေးစစ်ဆေးသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ ပျံသန်းပို့ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များထုတ်ပြန်၍ စိစစ်ဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ ကမ္ဘာ့နိုင်ငံအသီးသီးမှ ၎င်းတို့၏နိုင်ငံသားများ တစ်စုတစ်စည်းတည်း လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာနိုင်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

လေကြောင်း၊ ရေကြောင်းနှင့်ကုန်းလမ်းပို့ဆောင်ရေး၊ မီးရထားများ၊ လေယာဉ်များ၊ ရေယာဉ်များအားခရီးသွားများ ကူးစက်ရောဂါမှ ကင်းဝေးစေရန် ပိုးသတ်ဆေးဖျန်းသည့်လုပ်ငန်းများ အသေးစိပ်ဆောင်ရွက်ခြင်းနှင့် အချို့သောခရီးစဉ်များအား ယာယီရပ်နားခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာအမျိုးသားလေကြောင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆရာတော်၊ သံဃာတော်များအား လေကြောင်းဖြင့် ပင့်ဆောင်ကာ နိုင်ငံတစ်နံတစ်လျားသို့ကောင်းကင်ယံမှ အန္တရာယ်ကင်းပရိတ်များရွတ်ဖတ်ခြင်း၊ ပရိတ်ရေ၊ ပရိတ်ဆန်များကြပတ်ခြင်းတို့အား ဆောင်ရွက်ခဲ့ကြသည်။

ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရန် နိုင်ငံအတွင်းရှိ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းများတွင် ရုံးလုပ်ငန်းများကို အိမ်တွင်းမှနေ၍ ဆောင်ရွက်ခြင်းနှင့် Onlineမှ ဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေတွင် ဆက်သွယ်ရေးသည်တစ်ဦးနှင့်တစ်ဦး၊ လုပ်ငန်းတစ်ခုမှတစ်ခုသို့ ဆက်သွယ်ရာတွင် အလွန်အရေးကြီးသော အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ ဆက်သွယ်ရေးအော်ပရေတာများအား " Pricing and Tariff Regulatory framework ကို ကျင့်သုံးဆောင်ရွက်ခြင်းမှ ယာယီသက်သာခွင့်ပြုခြင်း"အား မတ် ၂၇ရက်မှ ဇွန်လ ၃၀ရက်အထိ ဖြေလျှော့ပေးပြီး အော်ပရေတာများအနေဖြင့် ယခုကာလအတွင်း မိမိတို့၏အကျိုးစီးပွားကို အဓိကမထားဘဲ အများပြည်သူများ သက်သာသောနှုန်းထားဖြင့် သုံးစွဲနိုင်ရေးအတွက်ဝန်ဆောင်ခနှုန်းထားများ လျှော့ချဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့ပြီး ဆောက်ရွက်မှုအဆင့်ဆင့်ကိုစိစစ်လျက် အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးလျက်ရှိသည်။

အနှစ်ချုပ်ဆိုရသော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်အား နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အပါအဝင် လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အဆင့်ဆင့်သောနိုင်ငံ့ဝန်ထမ်းများက ခိုင်မာသောယုံကြည်ချက်၊ ထက်သန်သော စေတနာ၊ နိုးကြားတက်ကြွသော လှုပ်ရှားမှုများဖြင့် တည်ဆောက်ကာကွယ်လျက်ရှိကြသည်ဖြစ်ရာ ဘေးကင်းလုံခြုံ၍ ကျန်းမာသော နိုင်ငံတော်၊ နိုင်ငံသားများအဖြစ် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် အောင်မြင်ရရှိနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

## ၂၀၂၀ ပြည့်နှစ်၊ ဧပြီလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာသွန်းနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် (၁၀)ရက်မှ (၁၅)ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ (၉)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### နေ့အပူချိန်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ (၁.၅) ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် (၃)ပေမှ(၅)ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၂)ပေမှ (၃)ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ထီ တိုင်းတော

MPT
ရွှေသို့လှမ်းချီမြန်မာပြည်

# MPT4U APP မှာ
# ထောဘီပတ်ကော့ချ်ဝယ်ပြီး ထီပေါက်ကစားလျှင်
# ထောဘီဖုန်းဘေလ်တွေ အဆ ၁၀၀ အထိ ကံထူးနိုင်ပါပြီ




အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday



# ပန်းဆိုးတန်း – ဒလ ချယ်ရီသင်္ဘောတွင် ခရီးသည့်စီးနင်းလိုက်ပါမှု ယခင်ကထက် ထက်ဝက်လျော့နည်း

လက်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပန်းဆိုးတန်း– ဒလ ချယ်ရီသင်္ဘောတွင် ခရီးသည်စီးနင်းလိုက်ပါမှု ယခင်ကထက် ထက်ဝက် လျော့ကျကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ သိရသည်။

ယခင်က ပုံမှန်ခရီးသည် ၂၉,၀၀၀ ကျော်ခန့် နေ့စဉ်သွားလာလျက်ရှိပြီး မတ်လနောက်ဆုံးအပတ်တွင် ခရီးသည် ၁၄,၀၀၀ ကျော်ခန့်ရှိကာ မတ်လမှစ၍ နိုင်ငံခြားခရီးသွားများ တဖြည်းဖြည်းလျော့ကျကာ ယခုဆိုလျှင် စီးသူမရှိသလောက် ကျဆင်းသွားကြောင်း ယင်းဌာနထံမှသိရသည်။

"ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ ပန်းဆိုးတန်း– ဒလ ချယ်ရီသင်္ဘောခရီးစဉ်က ဌာနရဲ့ ဝင်ငွေကို အဓိကရှာနေတဲ့နေရာပါ။ COVID-19 ရောဂါဖြစ်လာတာနဲ့ ပထမတော့ ခရီးသွားသူတွေ မလျော့ပါဘူး။ မြန်မာနိုင်ငံမှာ ရောဂါပိုးတွေ့ပြီဆိုတဲ့ နောက်နေ့ကစပြီး ခရီးသွားသူတွေ သိသိသာသာလျော့ကျသွားတယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာနမှ မန်နေဂျာ ဦးဝင်းကိုအောင်ကပြောသည်။

ပန်းဆိုးတန်း– ဒလ ချယ်ရီသင်္ဘောတွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် ပန်းဆိုးတန်းနှင့် ဒလဘက်လက်မှတ်ရုံများရှိ ဝန်ထမ်းများသည် ခရီးသည်များနှင့် ထိတွေ့မှုများခြင်းကြောင့် ဝန်ထမ်းများမှ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို မကြာခဏပြုလုပ်ခြင်း၊ လက်မှတ်ရုံအတွင်း ကျန်းမာ ရေးအသိပေးနှိုးဆော်ချက်များ အသံချဲ့စက်ဖြင့် ကြေ ညာပေးခြင်း၊ သင်္ဘောဆိပ်နှင့် လက်မှတ်ရုံတို့တွင် နေ့ စဉ်သန့်ရှင်းရေးအတွက် အမှိုက်များရှင်းလင်းခြင်း၊ ရေဆေးခြင်းနှင့်အတူ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက "သင်္ဘောခရီးစဉ်ကို ပုံမှန် ၄၆ ခေါက်နှုန်းနဲ့ မိနစ် ၂၀ ခြားတစ်ခါစီ ပြေးဆွဲပေးပါတယ်။ ခရီးသည်စီးနင်းမှုက အရင်ကထက် ထက်ဝက်နည်းသွားပြီး နိုင်ငံခြားသား ခရီးသည်ဝင်ရောက်လည်ပတ်မှုမရှိသလောက် နည်းသွားတယ်" အနယ်နယ်အရပ်ရပ်က ခရီးသည်တွေသွားလာမှုအဆင်ပြေစေရေးနဲ့ ဘေးကင်းလုံခြုံရေးကို ဝန်ထမ်းများက အလေးထားပြီး ကြပ်မက်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောသည်။

ပန်းဆိုးတန်း– ဒလ ချယ်ရီသင်္ဘောသည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူးမြို့နယ်များရှိ ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများအတွက် ရန်ကုန်မြို့သို့ဝင်ရောက်ရန်အတွက် အဓိကကျသော ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်ကာ ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် ချယ်ရီသင်္ဘောသုံးစင်းဖြင့် တစ်ရက်လျှင် ၄၆ ခေါက် ပြေးဆွဲပေးလျက်ရှိပြီး သင်္ကြန်ကာလတွင် အခေါက်ရေ ၂၀ လျှော့ချပြေးဆွဲပေးသွားမည်ဖြစ်သည်။

ခရီးသွားမိဘပြည်သူများအား COVID-19 ရောဂါ မဖြစ်ပွားစေရေးအတွက် လက်ဆေးဘေစင်များကို ပန်းဆိုးတန်းနှင့် ဒလကူးတို့ဆိပ်ရှိ လက်မှတ်ရုံအတွင်း၊ ခရီးသည်ဝင်ပေါက်တို့နှင့် တပ်ဆင်ထားရှိပေးထားပြီး သင်္ဘောခရီးစဉ်ရပ်နားချိန် ညအချိန်၌ သင်္ဘောဝန်ထမ်းများ၊ လက်မှတ်ရုံဝန်ထမ်းများက ပိုးသက်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

Transcom

# IME Foundation မှ IWT သို့ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

IME Foundation CEO ဦးဇော်မြင့်ထူးမှ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းကို ဧပြီလ ၂ ရက်က ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် IME Foundation မှ Surgical Mask နှင့် VNVN (Alcohol Spray) တန်ဖိုးငွေကျပ် (၉၃၇,၅၀၀) ရှိ ပစ္စည်းများ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးသီလသိမ်းနှင့် တာဝန်ရှိသူများ လက်ခံရယူခဲ့သည်။

ဦးဝင်းကိုအောင် ဒုတိယအထွေထွေမန်နေဂျာ သယ်ယူပို့ဆောင်ရေးဌာနမှ လှူဒါန်းမှုပစ္စည်းများနှင့် ပတ်သက်၍ "ပန်းဆိုးတန်း– ဒလ ကူးတို့၊ ဝါးတန်း– ခနောင်တို၊ ဝါးတန်း– ဒလ ကူးတို့လမ်းတွေမှာ အဓိကသုံးမယ်။ လူသွားလူလာများတဲ့ ကူးတို့လမ်းတွေမှာ အဓိကသုံးမယ်။ ရုံးချုပ်မှာလည်း ငွေသားလက်မှတ်ကောက်ခံနေတဲ့ နေရာတွေမှာ သုံးစွဲသွားမှာပါ။ နေ့စဉ် ခရီးသွားလာမှုအများဆုံးဖြစ်သည့် ပန်းဆိုးတန်း–ဒလကို ဦးစားပေးအဖြစ် အသုံးပြုမှာပါ" ဟု ပြောသည်။

အဆိုပါပစ္စည်းများအား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှတဆင့် ခရီးသွားပြည်သူများ ထိတွေ့မှုအများဆုံးဌာနများသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့်နေရာများတွင် ဖြန့်ဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

BPO




# COVID-19 ရောဂါ ကာကွယ်ရေးအတွက် ဌာနခွဲအသီးသီးမှ ရေယာဉ်များ ပိုးသတ်ဆေးဖျန်း

COVID-19 ရောဂါကာကွယ်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနခွဲအသီးသီးမှ ခရီးသည်တင်ရေယာဉ်များအား ဧပြီလ (၁)ရက်၊ ညနေပိုင်းတွင် မန္တလေး၊ ဧရာဝတီဌာနခွဲမှ ခရီးသည်ရေယာဉ်များနှင့် ကုန်စည်ပို့ဆောင်ပေးလျက်ရှိသည့် ပြည်သူ၊ ပုံညာ၊ ပြဒါးရှင်၊ ပေါက်တန်းနှင့် ပတိုင်းရေယာဉ်များအား ဂေါဝိန်ဆိပ်ကမ်းတွင် မဟာလူမှုကယ်ဆယ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ပိုးသတ်ဆေးများ ပက်ဖျန်းသည့်လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ကျန်ရှိသည့်ရေယာဉ်များလည်း နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၃၀ ရက်၊ နံနက်ပိုင်းတွင် မန္တလေးမှ ဗန်းမော်သို့ ထွက်ခွာမည့် ပိတောက်ရေယာဉ်ပေါ်တွင် ခရီးသည်များအား COVID-19 ရောဂါကာကွယ်ရေးအတွက် ရေယာဉ်မထွက်ခွာမီ ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ စနစ်တကျလက်ဆေးနိုင်ရေးအတွက် ဆပ်ပြာခဲနှင့် Hand Jel များ ဆောင်ရွက်ပေးခဲ့သည်။

မတ်လ ၂၈ ရက်တွင်လည်း မြစ်ဝကျွန်းပေါ်ဌာနခွဲ ပန်းဆိုးတန်း– ဒလ ကူးတို့ခရီးလမ်းတွင် ပြေးဆွဲနေသည့် ချယ်ရီရေယာဉ်များနည်းတူ လိုအပ်ပါက စင်းရေတိုး အားဖြည့်ပြေးဆွဲပေးရန်လျာထားရှိသည့် အရန်ရေယာဉ်များဖြစ်သည့် သက်ကျော်စွာနှင့် ငါးအမျိုးအစားရေယာဉ်များအား ညပိုင်း (၈)နာရီအချိန်တွင် ပိုးသတ်ဆေးများဖျန်းသည့် လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူစွာ ချင်းတွင်းဌာနခွဲ၊ ရခိုင်ပြည်နယ်ရှိ ရေယာဉ်များတွင်လည်း ပရဟိတလူမှုရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

Transcom

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL

**စီမံခန့်ခွဲရေးအရာရှိ**
**ဦးနီအောင်**

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
နေလင်း

ငွေစာရင်းအရာရှိ
ကျော်သူရ

ဈေးကွက်နှင့်ဖြန့်ဖြူးရေး အဖွဲ့ခေါင်းဆောင် (ဖျက်နှာဖုံးဒီဇိုင်း)
ဝင်းထိုက်

စာမျက်နှာဒီဇိုင်း
နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း

ကွန်ပျူတာ
ခိုင်ယုသွယ်၊ မေသဥ္ဇာငွေး၊ ပြည့်စုံကျော်၊ ခန့်ဇော်ထွန်း

စာတည်း
တင်မောင်၊ အိမ်စည်

သတင်းထောက်
ဘုန်းပိုင်ဦး၊ စိုးသူ၊ ဖွဲ့ထက်အောင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး

သတင်း (ရထား)
အောင်ဆန်းဦး

ဓာတ်ပုံနှင့်သရုပ်ဖော်
တင်ယု


ထုတ်ဝေသူ
နီအောင် (၀၀၄၉၆)

ပုံနှိပ်
မင်းပြည့်စုံ (၀၀၁၀၃)

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ရုံးအဖွဲ့
သဇင်ဖူး

ဓာတ်ပုံ သတင်း
ညွန့်လွင်




တိုက်တည်နေရာ
အမှတ် ၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁–၈၆၁၀၁၉၂, စာတည်းမှူးချုပ် ၀၁–၃၇၅၄၄၃

ကြော်ငြာများထည့်သွင်းလိုပါက ဖုန်း – ၀၁ –၈၆၁၀၁၉၂၊ ၀၉–၄၂၀၀၃၆၆၇



# မြန်မာ့မီးရထားနှင့် ဗိုလ်တထောင်မြို့နယ် ပရဟိတအဖွဲ့များပူးပေါင်း၍ ပိုးသတ်ဆေးဖြန်း

မြန်မာ့မီးရထားနှင့် ဗိုလ်တထောင်မြို့နယ် ပရဟိတအဖွဲ့များပူးပေါင်း၍ ဗိုလ်တထောင်မြို့နယ်တစ်ခုလုံး ဆေးဖြန်းခြင်းလုပ်ငန်းများကို ဧပြီ (၂)ရက် နံနက် (၉)နာရီမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

" ဒီလိုရောဂါကပ်ဆိုးကျရောက်နေချိန်မှာ ကျွန်တော်တို့ မြန်မာ့မီးရထားက တစ်ထောင့်တစ်နေရာက ကူညီအားဖြည့်တာပါ။ ဘိုကလေးဈေးပရဟိတအဖွဲ့တွေကလည်း ဝိုင်းကူပေးပါဆိုလို့ ကျွန်တော့်မှာ စက်လည်းရှိတယ်။ လူအင်အားလည်းရှိတော့ အင်တိုက်အားတိုက်နဲ့ ဒီဗိုလ်တထောင်မြို့နယ်ကို ဆေးဖြန်းမယ်ဆိုပြီး အခုလိုလုပ်ဖြစ်တာပါ။ ဗိုလ်တထောင်မှာရှိတဲ့ ကျွန်တော့်ဝန်ထမ်းမိသားစုတွေ လိုင်းခန်းမှာလည်း ဒီပရဟိတအဖွဲ့နဲ့ပူးပေါင်းပြီး ဆေးဖြန်းခြင်းကို ဆောင်ရွက်သွားမှာပါ။ တခြားနေရာတွေကလည်း အကူအညီတောင်းခံလာရင် ဒီလိုမျိုးပြည်သူလူထုအတွက် မြန်မာ့မီးရထားကနေ တစ်ထောင့်တစ်အားနဲ့ ကူညီအားဖြည့်ပေးမှာပါ " ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇)၊ မြို့ပြဌာနမှ အင်ဂျင်နီယာမှူး ဦးအောင်ကြီးက ပြောသည်။

ထို့ပြင် ၎င်းက နိုင်ငံတော်အစိုးရညွှန်ကြားချက်ပေါ်တွင် တိကျစွာလိုက်နာခြင်းသည် ပို၍လုံခြုံမှုရှိပြီး ပြည်သူများမှ ဝိုင်းဝန်းကူညီမည်ဆိုပါက ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောဆိုသည်။

ယင်းနောက် ဘိုကလေးဈေးပရဟိတ၏တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းကလည်း " ဒီနေ့ကတော့ ဗိုလ်တထောင်မြို့နယ်အနေနဲ့ တစ်မြို့နယ်လုံးအတိုင်းအတာ COVID-19 ကာကွယ်ဖို့အတွက်ကို ကြိုတင်ပြီးတော့ ပိုးသတ်ဆေးဖြန်းခြင်းလုပ်ငန်းကို ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီအချိန်မှာ အားလုံးအချိန်ရှိတဲ့အခါမှာ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့စိတ်ဓာတ်တွေနဲ့ ဒီရက်ပိုင်းအတွင်းမှာ ညှိနှိုင်းဆွေးနွေးပြီး တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ ဆေးဖြန်းတာပါ။ ဆေးဖြန်းတဲ့အခါမှာ ရန်ကုန်မြို့အနေအထားအရ ကားတွေကြပ်တာတော့ရှိပေမယ့် အောင်မြင်အောင်တော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ " ဟု ဆိုသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်း၊ မြန်မာ့မီးရထားမှ အင်ဂျင်နီယာမှူး ဦးအောင်ကြီးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးနေဝင်းတို့နှင့်အတူ ဘိုကလေးဈေးပရဟိတအဖွဲ့၊ ရှင်သန်ရေးကူညီမှုပရဟိတအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်နှင့် အခြားသော ပရဟိတအသင်းများပူးပေါင်း၍ လူအင်အား (၁၅၀)ကျော်ဖြင့် ဆေးဖြန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စိတ်ထက်၊ ဖွဲ

# ရန်ကုန်မှထွက်ခွာသည့် ခရီးဝေးရထားများ ခရီးသည်နည်းပါးလာပါက လူစီးတွဲ လျှော့ချပြေးဆွဲမည်



ရန်ကုန်မှထွက်ခွာမည့် ခရီးဝေးရထားများ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသည်စီးနှင်းမှုနည်းပါးလာပါက လူစီးတွဲလျှော့ချပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

လက်ရှိတွင် ရန်ကုန်မှထွက်ခွာသည့် ခရီးဝေးရထားများ ယာယီရပ်နားထားခြင်းမရှိသော်လည်း ခရီးသည်စီးနှင်းမှုများကို နေ့စဉ်စောင့်ကြည့်ပြီး လူစီးတွဲချိတ်ဆက်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ် (၇)မှ မန်နေဂျာ ဦးဇော်လွင် (သွားလာရေး)က ပြောသည်။

ထို့ပြင် မတ်လ (၂၈)ရက် နံနက် (၆)နာရီတွင် ထွက်ခွာသွားသည့် အမှတ် (၈၉) အဆန် ရန်ကုန် – မော်လမြိုင်ရထားတွင် အထက်တန်းထိုင်ခုံနှစ်တွဲနှင့် ရိုးရိုးတန်းထိုင်ခုံနှစ်တွဲ စုစုပေါင်းလေးတွဲကို လျှော့ချပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

"အခုလက်ရှိမှာ ရန်ကုန်ဘူတာကြီးကနေ မန္တလေးကို အမြန်ရထား (၃)စီးရှိမယ်။ ရန်ကုန်ကနေ မော်လမြိုင် (၂)စီးရှိမယ်။ ရန်ကုန်က ပြည်ကို (၁)စီး၊ ရန်ကုန်က ပုဂံကို (၁)စီး နေ့စဉ်ပြေးဆွဲနေတယ်။ အခုချိန်မှာ COVID –19 ကြောင့် မြို့ပတ်စီးသူခရီးသည်လည်း နည်းပါးလာတယ်။ ဒါ့ကြောင့် ရထား (၆၉)စီးကို ယာယီရပ်နားပြီး ကျန်တဲ့ရထား (၉၉)စီးနဲ့ နေ့စဉ်ပြေးဆွဲသွားမှာဖြစ်တယ်" ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇)မှ မန်နေဂျာ ဦးဇော်လွင် (သွားလာရေး)က ဆိုသည်။

ယင်းပြင် ကိုရိုနာဗိုင်းရပ်စ် (COVID–19) ကြိုတင်ကာကွယ်သည့်အနေဖြင့် ရန်ကုန်ဘူတာကြီးတွင် အဝင်အထွက်ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်အသုံးပြုစေခြင်း၊ ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသည့် မြို့ပတ်ရထားများနှင့် အမြန်ရထားများအား ပိုးသတ်ဆေးဖြန်းခြင်းများကို အထူးအလေးပေးဆောင်ရွက်နေကြောင်း သိရသည်။

စိတ်ထက်

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဗဟိုလေကြောင်းထိန်းဌာနနှင့် လေကြောင်းထိန်းမျှော်စင်ရှိ COVID – 19 ကြိုတင်ကာကွယ်မှုအစီအမံများ သွားရောက်စစ်ဆေး





လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းသည် မတ်လ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဗဟိုလေကြောင်းထိန်းဌာနနှင့် လေကြောင်းထိန်းမျှော်စင်တို့ကိုသွားရောက်၍ လတ်တလောဖြစ်ပေါ်လျက်ရှိသည့် COV–ID – 19 ရောဂါ ကြိုတင်ကာကွယ်မှုအစီအမံများအား သွားရောက်စစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

လေကြောင်းထိန်းလုပ်ငန်းသည် ရပ်ဆိုင်း၍မရသည့်လုပ်ငန်းသဘောသဘာဝဖြစ်သဖြင့် လေကြောင်းထိန်းဝန်ထမ်းများ၏ ကျန်းမာရေးသည် အထူးအရေးပါပြီး မိမိတစ်ဦးချင်းအလိုက် တစ်ကိုယ်ရည်ကျန်းမာရေးကို အထူးဂရုပြုစေလိုကြောင်း ဦးအောင်ကျော်ထွန်းမှ မှာကြားခဲ့သည်။

ထို့ပြင် လေကြောင်းဆက်သွယ်ရေးဌာနခွဲ လေကြောင်းမိုးလေဝသဌာနများသို့လည်း သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကိုမှာကြားခဲ့ပြီး COVID – 19 ကြိုတင်ကာကွယ်သည့်အနေဖြင့် စီမံထားသော အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်းအသုံးပြုစက်ကိရိယာများ ပုံမှန်သန့်စင်ခြင်းအစီအမံများအား စစ်ဆေးကြည့်ရှုခဲ့သည်။

စိတ်ထက်

## Huawei က ယမန်နှစ်အတွင်း ယွမ်ဘီလျံရှစ်ရာကျော်အထိ ရောင်းအားရှိခဲ့

Huawei ၏ ခိုင်မာသောစီးပွားစွမ်းဆောင်ရည်များ အသေးစိတ်ပါဝင်သော ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို မတ်လ ၃၁ ရက် တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ၂၀၁၉ ခုနှစ်အတွင်း ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ ရောင်းအားဝင်ငွေသည် တရုတ်ယွမ်ငွေ ၈၅၈.၈ ဘီလျံထိရှိခဲ့ပြီး နှစ်အလိုက်အမြတ်ငွေသည် ၁၉.၁% ထိတိုးမြင့်ခဲ့ကာ အသားတင်အမြတ်ငွေမှာ တရုတ်ယွမ်ငွေ ၆၂.၇ ဘီလျံထိ ရရှိခဲ့ကြောင်းဖော်ပြထားသည်။

လုပ်ငန်းလည်ပတ်မှု အသားတင် ငွေစီးဆင်းမှုသည် တရုတ်ယွမ်ငွေ ၉၁.၄ ဘီလျံထိရှိပြီး နှစ်အလိုက် ၂၂.၄% ထိမြင့်တက်ခဲ့သည်။ နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် သုတေသနများတွင် နှစ်ရှည်ရင်းနှီးမြှုပ်နှံလျက်ရှိရာမှ Huawei သည် ၎င်း၏ ၂၀၁၉ ခုနှစ်ဝင်ငွေ၏ ၁၅.၃% (သို့) တရုတ်ယွမ်ငွေ ၁၃၁.၇ ဘီလျံကို R&D သို့ ပြန်လည်ရင်းနှီးမြှုပ်နှံခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း R&D အသုံးစရိတ်သည် တရုတ်ယွမ်ငွေ ၆၀၀ ဘီလျံကို ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်းလည်းဖော်ပြထားသည်။

၂၀၁၉ ခုနှစ်တွင် Huawei ၏ Carrier လုပ်ငန်းစုသည် 5G ကွန်ရက်ကိုစတင်ခဲ့သည်။ 5G application များ၏ ဆန်းသစ်တီထွင်မှုများကို မိတ်ဆက်ရန်နှင့် စီးပွားကူးသန်းရောင်းဝယ်မှုကို ပိုမိုတိုးတက်စေရန် ကမ္ဘာတစ်ဝန်းရှိ တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်းများနှင့်အတူ 5G ပူးတွဲတီထွင်မှုစင်တာများကို တည်ထောင်ခဲ့သည်။ Huawei ၏ RuralStar အခြေစိုက်စခန်းများမှနည်းပညာများသည် ဝေးလံခေါင်ဖျားသောဒေသများမှ ပြဿနာများကိုပင် ထိထိရောက်ရောက် ဖြေရှင်းနိုင်စွမ်းရှိသည်။

Huawei ၏ Enterprise လုပ်ငန်းစုသည် ဒစ်ဂျစ်တယ်လ်ကမ္ဘာကြီးဖြစ်လာရန် အခြေခံအုတ်မြစ်ချပေးသည့်အနေဖြင့် စက်မှုလုပ်ငန်းများမှသုံးစွဲသူများအတွက် ဒစ်ဂျစ်တယ်လ်အသွင် ကူးပြောင်းခြင်းကို အင်တိုက်အားတိုက် ကူညီလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင်လည်းမြို့ပြပေါင်း ၇၀၀ ကျော်နှင့် Fortune Global 500 မှကုမ္ပဏီပေါင်း ၂၂၈ ခုသည် ၎င်းတို့၏ ဒစ်ဂျစ်တယ်လ်အသွင်ပြောင်းပါတနာအဖြစ် Huawei ကို ရွေးချယ်ခဲ့ကြသည်။ Huawei က နည်းပညာ ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီး ဖွံ့ထွားရှင်သန်လာစေရန် ပျိုးထောင်သည့်အနေဖြင့် ၎င်း၏ Computing Strategy (ကွန်ပျူတာနည်းပညာ)ကို ထုတ်ဖော်ကြေညာခဲ့သည်။

Huawei ၏ Consumer လုပ်ငန်းစုသည် တစ်နှစ်ပတ်လုံးအတွင်းတွင် စမတ်ဖုန်းစုစုပေါင်း ၂၄၀ မီလျံကိုတင်ပို့ရောင်းချမှုနှင့်အတူ တိုးတက်မှုအားကောင်းနေသည်။ Personal Computer များ၊ Tablet များ၊ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားနိုင်သည့် ကိရိယာများ၊ Smart Screens များအပါအဝင် စက်ကိရိယာမျိုးစုံတွင် Seamless AI Life ecosystem ကို ထည့်သွင်းထားခြင်း၏တိုးတက်မှုများကို တင်ပြနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း Huawei Consumer လုပ်ငန်းစု၏ အရောင်းဝင်ငွေသည် တရုတ်ယွမ်ငွေ ၄၆၇.၃ ဘီလျံထိမြင့်တက်ခဲ့ပြီး နှစ်အလိုက်ဝင်ငွေ၏ ၃၄%ထိ မြင့်တက်ခဲ့သည်။

၂၀၁၉ နှစ်ပတ်လည် အစီရင်ခံစာ၏ ဘဏ္ဍာရေးရာ ရှင်းတမ်းများအားလုံးကို နိုင်ငံတကာ Big Four စာရင်းကိုင်ကုမ္ပဏီဖြစ်သော KPMG မှ လွတ်လပ်စွာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ၂၀၁၉ နှစ်ပတ်လည် အစီရင်ခံစာကို Download လုပ်လိုပါက www.huawei.com/en/press-events/annual-report/2019 တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ES




## ကမ္ဘောဇဘဏ်မှ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလှူဒါန်း

COVID-19 ရောဂါ ကာကွယ်ကုသရေး ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်မှ လှူဒါန်းထားသည့် ကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ကုန်းလမ်းမှမူဆယ်မြို့နှင့် မန္တလေးမြို့သို့ ဆက်တိုက်စတင် ရောက်ရှိလာပြီဖြစ်သည်။

မတ်လ (၃၀) ရက် အထိ မူဆယ်မြို့သို့ စတင်ရောက်ရှိလာသောဆေးရုံသုံးနှာခေါင်းစည်းခုရေ ၃၀၀,၀၀၀ ကို မူဆယ်ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟန်နိုင်စိုးသို့ လှူဒါန်းခဲ့သည်။ အဆိုပါ လှူဒါန်းခဲ့သော ဆေးရုံသုံးပစ္စည်းများကိုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအစီအစဉ်ဖြင့် မူဆယ်မြို့မှမြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူ့ဆေးရုံများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံမှတိုက်ရိုက်မှာယူထားသည့် ဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် ခေါင်းစွပ်၊ မျက်မှန်၊ နှာခေါင်းစီး၊ လက်အိပ်များ အပြည့်အစုံပါဝင်သော CE Standard PPE ဝတ်စုံ ၂၃,၀၀၀ ၊ ၅၀၀ မီလီ ပါဝင်သည့် Hand Gel ဘူး ၁၀,၀၀၀ တို့ မြန်မာနိုင်ငံသို့ အသုတ်ခွဲ၍ ဆက်လက်ရောက်ရှိလာတော့မည် ဖြစ်ကြောင်းသိရသည်။

မတ်လ ၁၈ ရက်မှစတင်ကာ ကမ္ဘောဇဘဏ်နှင့် KBZ MS General Insurance တို့မှ လှူဒါန်းမှုများပြုလုပ်ခဲ့ရာ သက်ဆိုင်ရာပြည်သူ့ဆေးရုံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် သံသယနှင့်ကူးစက်ခံရသောလူနာများအတွက် ကနဦးမတည်ငွေ ကျပ်သိန်း (၁၀၀၀) ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သည်။

ထို့အပြင် ကမ္ဘောဇဘဏ်မှရှမ်းပြည်နယ် အစိုးရနှင့်ပူးပေါင်း၍ ဆန် ၂ ပြည်၊ ဆီ ၁ ဗူး၊ ကုလားပဲ ၁ ပိဿာနှင့် ငွေကျပ် ၁ သောင်းစီပါသော ရိက္ခာထုပ်ပေါင်း ၁၀၀,၀၀၀ ကို အရေးပေါ်လိုအပ်လာပါက လှူဒါန်းသွားရန် အသင့်ပြင်ဆင်ထားကြောင်းသိရသည်။

ကမ္ဘောဇဘဏ်သည် မတ်လ ၃၀ ရက်အထိ COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီး ဆက်လက်၍လည်း ကမ္ဘောဇဘဏ်သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ES

## အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပိုင် e-Resources များကို Online ဝန်ဆောင်မှု စတင်အသုံးပြုနိုင်ပြီ




အမျိုးသားစာကြည့်တိုက် (ရန်ကုန်) စာကြည့်တိုက်ပိုင် e-Resources များကို Online အသုံးပြုရှာဖွေခြင်း ဝန်ဆောင်မှုကို ဧပြီလ ၃ ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကြေညာထားသည်။

အများပြည်သူအနေဖြင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) Website www.nlm.gov.mm တွင် ဝင်ရောက်၍ စာကြည့်တိုက်ပိုင် e-Resources များကို အဆိုပါရက်မှ စတင်၍ Online မှ ရှာဖွေအသုံးပြုနိုင်ပြီဖြစ်ပြီး ပြည်သူများအနေဖြင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ရှိ စုဆောင်းထားသော စာပေပစ္စည်းများ၏ စာရင်းအချက်အလက်များကို အမျိုးသားစာကြည့်တိုက် Website Homepage မှ Resources ရှိ Online စာရင်း (Online Public Access Catalogue) တွင် အချိန်တိုအတွင်း လျှင်မြန်လွယ်ကူစွာ ရှာဖွေနိုင်ပြီဖြစ်သည်။

ထို့ပြင် စာကြည့်တိုက် Website တွင် အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် ဒစ်ဂျစ်တယ်စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာ အစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာစာစုများ၊ ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေဆိုင်ရာ စသည့် e-Resources များအား ချိတ်ဆက်ဆောင်ရွက်ထားပြီး စာဖတ်သူများအနေဖြင့် အမျိုးသားစာကြည့်တိုက် Website ရှိ NL e-Resources နှင့် Quick Links တို့တွင် ဝင်ရောက်ရှာဖွေအသုံးပြုနိုင်သည်။

eTekkaatho ဒစ်ဂျစ်တယ်စာကြည့်တိုက်ဝန်ဆောင်မှုနှင့် Rsearch 4 Life Program Database၊ ProQuest Database စသည့် ဒစ် ဂျစ်တယ်စာစုများကိုမူ အမျိုးသားစာကြည့်တိုက်ဖွင့်လှစ်သည့်အခါတွင် စာကြည့်တိုက်သို့ လူကိုယ်တိုင်လာရောက် ရှာဖွေအသုံးပြုနိုင်ကြောင်း သိရသည်။

ES

## ခရီးသွားထက်ဝက်ကျော်ကျဆင်း၍ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားအစီးရေ ယာယီလျှော့ချ




ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရထားစီးခရီးသည်များ လျော့နည်းလာသည့်အတွက် မတ်လ (၂၉)ရက်မှစ၍ မြို့ပတ်ရထား (၁၆၈)စီးမှ (၆၉)စီးကို ယာယီလျှော့ ချပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများတွင် COVID-19 နှင့် ပတ်သက်၍ စီးနင်းသူနည်းပါးလာပြီး မြို့တွင်းသွားလာမှုလည်း လျော့နည်းလာသည့်အတွက် မြို့ပတ်ရထားအစီးရေကို လျှော့ချရခြင်းဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ် (၇)မှ မန်နေဂျာ ဦးဇော်လွင် (သွားလာရေး)က ပြောသည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ယခင်က စီးနင်းသူအရေအတွက် တစ်ရက်လျှင် (၅၀,၀၀၀)ကျော်ရှိပြီး ယခုအခါတွင် စီးနင်းသူအရေအတွက် (၂၀,၀၀၀)ခွဲခန့်သာရှိတော့ကြောင်း လက်ရှိတွင် ရထား (၉၉)စီး ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

"အရင်ထက်စာရင် ခရီးသည်ဦးရေက လျော့သွားတယ်။ လျော့သွားတဲ့အခါ မလိုအပ်ဘဲ ရထားတွေပြေးနေတာဖြစ်မှာစိုးလို့ ကျွန်တော်တို့က လျှော့ချလိုက်တာပါ။ လျှော့တယ်ဆိုတာကလည်း ဘယ်ရထားတွေက ခရီးသည် မစီးတာလဲ၊ ဘယ်ရထားတွေ စီးတာလဲ။ ဒါတွေကို ချိန်ဆရတာပေ့ါ။ နောက်တစ်ခုက မနက်ပိုင်းရုံးချိန်ရထားရှိမယ်။ ညနေပိုင်းရုံးချိန် ရထားရှိမယ်။ ဒီရထားတွေကိုတော့ မထိခိုက်ဘဲနဲ့ နေ့လည်နေ့ခင်းတွေ၊ မနက်အစောကြီးတွေ၊ ခရီးသည်မရှိတဲ့ရထားတွေကို လျှော့ချလိုက်တဲ့သဘောပဲ" ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇) မှ မန်နေဂျာ ဦးဇော်လွင် (သွားလာရေး) က ဆိုသည်။

ရန်ကုန်မြို့ပတ်ရထားလက်မှတ်ဈေးနှုန်းများမှာ ခရီးသည်အစမှ (၁၅)မိုင်အထိ ငွေကျပ် (၁၀၀)နှုန်း၊ (၁၅)မိုင်အထက်နှင့် မြို့တစ်ပတ်လုံးကို ငွေကျပ် (၂၀၀) သတ်မှတ်ထားပြီး နံနက် (၄)နာရီမှ ည (၁၀)နာရီထိ ပြေးဆွဲပေးနေကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

စိတ်ထက်

# “သဘာဝဘေး၊ ဒုံးဝန်းတံတားနှင့် ခွန်အားများ”





၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၄ ရက် (စနေနေ့) (၁၀:၃၀) ချိန်ခန့်တွင် ရန်ကုန်- မော်လမြိုင်ရထားလမ်းရှိ တံတားအမှတ် (၇၄)(ဒုံဝန်းတံတား) သို့ ရောက်ခဲ့သည်။ တိုင်းအမှတ် (၈)မှ တာဝန်ရှိသူ အင်ဂျင်နီယာမှူးနှင့်အဖွဲ့မှ လိုက်လံပို့ဆောင်ပြသပေးခြင်းဖြစ်သည်။ မော်လမြိုင်မြို့မှ နံနက် (၀၈:၃၀) ချိန်ခန့်တွင်ထွက်ခဲ့ပြီး ဘီးလင်းမြို့အဝင်အနီးရှိ ကောင်းကြိုက်စားသောက်ဆိုင်အနီးမှ ကားလမ်းလက်ဝဲဘက်အခြမ်းရှိ လယ်ကွင်းဖြတ်လမ်းအတိုင်းဆင်းလာပြီး ၅ မိနစ်ခန့်မောင်းသော် တံတားအမှတ် (၇၄)သို့ရောက်သည်။

တံတားအမှတ် (၇၄)သည် အလျား (၂၄၀)ပေရှိ အခန်းဖွင့်တံတားအမျိုးအစားဖြစ်သည်။ နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာအကြား (ဒုံဝန်းဘူတာနှင့်နီးသည်) တွင်တည်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစတင်ကာ အစုန်/ အဆန်ရထားများ မူလသတ်မှတ်မိုင်နှုန်းအတိုင်း စတင်ခုတ်မောင်းနိုင်ခဲ့ကြောင်းသိရသည်။ (၁၁:၀၉) နာရီအချိန်တွင် အမှတ် (၁၉)အစုန်ရထားဖြတ်သန်းချိန်ကို စောင့်ဆိုင်းမှတ်တမ်းတင်ခဲ့သည်။

ဒုံဝန်းဘူတာအနီးရှိ မြေပြင်အနေအထားကို စူးစမ်းလေ့လာကြည့်ရာ ရန်ကုန် -မော်လမြိုင်ကားလမ်း၏ အနောက်ဘက်အနီးတွင် ရထားလမ်းရှိသည်။ ကားလမ်း၏အရှေ့ဘက်တွင် စိမ်းညို့နေသောတောင်တန်းကြီးရှိသည်။ ရထားလမ်း၏ အနောက်ဘက်တွင် မြေနိမ့်လွင်ပြင်ရှိသည်။ လွင်ပြင်အဆုံးတွင် ကွေ့ကောက်ရစ်ခွေနေသည့် ဘီးလင်းမြစ်ရှိသည်။ စစ်တောင်းမြစ်အတွင်း ပေါင်းဝင်မည့်နေရာတွင်မူ ယပက်လက်စာလုံးသဏ္ဌာန်မြောက်ဘက်သို့ကွေ့ပြီး ထိုမှတဖန်အနောက်တောင်ဘက်သို့ပြန်လည်ကာ စစ်တောင်းမြစ်ဝအတွင်းသို့စီးဝင်သည်ကို မြေပြင်မြေပုံအရတွေ့မြင်ရသည်။

ထိုအနေအထားသည် မိုးလယ်ကာလမိုးရွာရက်နှင့် ရွာသွန်းချိန်များသည့်ရက်များတွင် ကားလမ်းအရှေ့ဘက်ရှိတောင်တန်းကြီးပေါ်မှ ဆင်းလာသည့်ရေသည် ယပက်လက်သဏ္ဌာန်မြစ်ကွေ့နေရာသည် ဆင်းလာသည့်ရေကို စစ်တောင်းမြစ်ဝအတွင်းသို့ အဆင်ပြေစွာစီးဝင်ခြင်းကို ဟန့်တားသည့်အနေအထားဖြစ်နေသောကြောင့် ဘီလင်းမြို့နယ်သည် နှစ်စဉ်ရေကြီးရေလျှံမှုကြုံတွေ့နေရသည်။ ရပ်ရွာဒေသ၊ စိုက်ပျိုးရေးနှင့် လူသူကျွဲနွားတို့ ဆုံးရှုံးရသည်။ သွားလာမှုဆက်သွယ်ရေးလမ်းကြောင်းပြတ်တောက်မှုတို့ကြုံရသည်။ ဒေသတွင်းအခက်အခဲများ မြင့်မားစွာကြုံရသည်။ အရေးပေါ်လေကြောင်းခရီးစဉ်များပြေးဆွဲ၍ အားဖြည့်မြှင့်တင်ရသည်။ (အဆိုပါအချက်ကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်မှ ဘီးလင်းမြစ်ပြုပြင်ရေး စီစစ်တွက်ချက်၍အမျိုးသားအဆင့် တိုင်တင်ပြခဲ့သည်။ ငွေကြေး၊ နည်းပညာ၊ အချိန် စသည့်ကာလကြီးမားသည့် ကန့်သတ်ချက်များရှိနေသောကြောင့် အခြားနည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရကြောင်း ကြားနာမှတ်သားမိပါသည်။)

## ခွန်အားမှတ်တမ်း

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် နှင်းပုလဲ- ဒုံးဝန်းကြား ၁ လအတွင်း စံချိန်တင်မိုးရေချိန် (၈၂.၄၃) လက်မ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်တိုင်အမှတ် ၁၁၈/ ၁၂ နှင့် ၁၁၉/ ၁၅ ကြား အလျား ၁ မိုင်



တွင် ရထားလမ်းပေါ် ရေ ၁ ပေခန့်ကျော်တက်ခဲ့ပြီး နေရာ ၃ နေရာတွင် တာဘောင်ပြတ်ပါသွားခဲ့သည်။ ရထားပြေးဆွဲမှုအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ရပ်တန့်ခဲ့ရသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် တံတားအမှတ် (၇၄)၏ ရေလယ်တိုင် အမှတ် (၄)မှာ အောက်ခြေတိုက်စားခံရ၍ ရေဆန်ဘက်သို့ငိုက်ဆင်းသွားခဲ့သည်။

တာဘောင်ပြင်ထွက်သွားသည့် နေရာများအား ကျောက်ရထား (၃)စင်းဖြင့် ၆ လက်မ x ၉ လက်မ ကျောက်ကျင်း (၁၂၀၀) ခန့်အားသယ်ယူ၍ ကျောက်တာဘောင်ပြုလုပ်ခြင်းနှင့် တံတားအမှတ် (၇၄) ၏ ယိုင်လဲသွားသော ရေလယ်တိုင်အမှတ် (၄)နေရာတွင် ယာယီဘေလီ (၃)လွှာ (၂)ထပ် အလျားပေ (၉၀)အား ထည့်သွင်းတပ်ဆင်ခြင်းလုပ်ငန်း (၂)မျိုးအား တစ်ပြိုင်တည်း နေ့ဆိုင်းညဆိုင်းဖြင့် ဆောင်ရွက်ခဲ့သည်။

ရန်ကုန် - မော်လမြိုင်လမ်းပိုင်းအနေဖြင့် နှစ် (၁၀၀)အတွင်း အဆိုးဝါးဆုံးသဘာဝဘေးဒဏ် ခံစားရခြင်းဖြစ်ပြီး ရထားလမ်းပိုင်းအား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှသာ ပြန်လည်ဖွင့်လှစ်နိုင်သဖြင့် ရထားပြေးဆွဲမှု ၁ လခန့် ပြတ်တောက်သွားခဲ့ရသည်။

ရထားလမ်းပိုင်းပြတ်တောက်သွားစဉ် လမ်းပိုင်းဘူတာများ၌ ပိတ်မိနေသောရထားပေါ်မှ ခရီးသည်များအား မြန်မာ့မီးရထားမှ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် စားရေရိက္ခာစီစဉ်ပေးခြင်း၊ ဘူတာမှကားဖြင့် ရွှေ့ပြောင်းသယ်ယူပေးခြင်းများအား စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယာယီဖွင့်လှစ်ထားသော ရထားလမ်းပိုင်းတွင် အဆိုးရွားဆုံး တာဘောင်ပြတ်ထွက်သွားသောနေရာနှင့် ရေလယ်တိုင်ကျိုးသွား၍ ယာယီဘေလီထိုးထားသော တံတားအမှတ် (၇၄)နေရာ (၂)နေရာတွင် စက်သတ်မောင်း (တစ်နာရီ ၅ မိုင်နှုန်း) Caution ဖြင့် အစုန်၊ အဆန်ရထားများအား ဖြတ်သန်းခွင့်ပြုထားခဲ့ပါသည်။ တာဘောင်ပြတ်ထွက်သွားသော နေရာတွင် (၄ x ၅၇) ပေ ခန့်းဖွင့် တံတားသစ်တစ်ဆင်း တည်ဆောက်ရန်နှင့် ကျိုးသွားသော ရေလယ်တိုင်နေရာတွင် တိုင်အသစ်တစ်လုံး ပြန်လည်တည်ဆောက်ရန် လုပ်ငန်းများအား သဘာဝဘေးရန်ပုံငွေဖြင့် တင်ဒါခေါ်ယူခဲ့သည်။

(၄ x ၅၇) ပေ ခန်းဖွင့်တံတားသစ် (တံတားအမှတ် ၇၂ (A) ) တည်ဆောက်ခြင်းအား Kyaw Thar Company မှ ငွေကျပ် သန်း (၃၄၀.၅) ဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး တံတားအမှတ် (၇၄) ရေလယ်တိုင်အသစ်တည်ဆောက်ခြင်းအား High- Tech Company မှ ငွေကျပ်သန်း (၇၀.၅) ဖြင့် တင်ဒါအောင်မြင်ခဲ့ပါသည်။ တံတားအမှတ် ၇၂ (A) ၏ လုပ်ငန်းပမာဏမှာ 0.8 Diameter bore pile (၃၀)လုံး၊ ကမ်းကပ်ခုံ (၂)ခု၊ ရေလယ်တိုင် (၃)ခု၊ PC girder (၂၄) ချောင်း Concerte Slab (၄) ခန်းဖြစ်ပါသည်။ တံတားအမှတ် (၇၄)၏ လုပ်ငန်းပမာဏမှာ 6 ft Diameter Short Well (၆)လုံးနှင့် အမြင့်ပေ (၂၅)ပေ တိုင်တစ်လုံးဖြစ်သည်။

တံတားအမှတ် ၇၂ (A) တည်ဆောက်ခြင်းအား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။ တံတားတည်ဆောက်နိုင်ရန် လက်ရှိတာဘောင်အားဖွင့်ထုတ်၍ ဘေးတွင်ယာယီလမ်းလွှဲတာဘောင်ဖြင့် ရထားများဖြတ်သန်းစေပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တံတားအမှတ် ၇၂ (A) တွင် ထူးခြားဖြစ်စဉ်အနေဖြင့် ကွန်ကရိတံတားဘောင် (၂၄) ဘောင်အား တံတားပေါ်တင်ပြီးချိန် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်တွင်မိုးသည်းထန်စွာရွာသွန်း၍ ယာယီလမ်းလွှဲတာဘောင်ပေါ်၌ သံလမ်းပေါ်ရေကျော်တတ်ခဲ့သဖြင့် ကွန်ကရိတံတားဘောင်များပေါ်တွင် Concrete Slab မလောင်းနိုင်မီ ယာယီသံလမ်းခင်း၍ အရေးပေါ်တံတားများ ဖြတ်သန်းခွင့်ပြုခဲ့ရပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်တွင်မှ လုပ်ငန်းအားလုံးပြီးစီး၍ အဆိုပါတံတားပေါ်တွင် မူလမိုင်နှုန်းဖြင့်ရထားများပြန်လည်ပြေးဆွဲ နိုင်ခဲ့ပါသည်။

တံတားအမှတ် (၇၄) ၏ ရေလယ်တိုင်အသစ်ဆောင်ရွက်ခြင်းအား ဒီရေအတက်အကျရှိသော ချောင်းလယ်တွင်တည်ဆောက်ရခြင်းဖြစ်၍ ချောင်းရေနည်းပါးချိန်အား စောင့်ဆိုင်းနေရသဖြင့် လုပ်ငန်းစတင်ချိန်နောက်ကျခဲ့ရသည်။ ယိုင်လဲသွားသော မူလအုတ်တိုင်ဟောင်းအား ယမ်းခွဲဖယ်ရှားပြီးချိန်တွင် မိုးရာသီပြန်လည်ကျရောက်ခဲ့၍ လုပ်ငန်းများအား ရပ်တန့်ထားရသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် လုပ်ငန်းများပြန်လည်စတင်ဆောင်ရွက်ခဲ့သည်။

တံတားအမှတ် (၇၄) ၏ ရေလယ်တိုင်အသစ်တည်ဆောက်ခြင်း၊ ယာယီဘေလီဖြုတ်သိမ်းခြင်း၊ ပေ (၄၀) သံဘောင် (၂)ဘောင်ထည့်သွင်းခြင်းနှင့် သံဘောင်ပေါ်တွင် ရထားလမ်းခင်းခြင်းလုပ်ငန်းများအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် လုပ်ငန်းအားလုံးလက်စသတ်ပြီးစီးခဲ့ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် အဆိုပါတံတားပေါ်တွင် မူလမိုင်နှုန်းဖြင့် ရထားများပြန်လည်ပြေးဆွဲနိုင်ခဲ့ပါသည်။

တံတားအမှတ် (၇၄) တွင် ထူးခြားဖြစ်စဉ်အနေဖြင့် ယာယီဘေလီထိုးပေးပြီး ရထားများပြန်လည်ဖြတ်သန်းနိုင်မှုအပေါ် ထိုင်းနိုင်ငံလူမှုကွန်ရက်စာမျက်နှာများတွင် “ထိုင်းဘာသာဖြင့် မြန်မာ့မီးရထားဝန်ထမ်းများ၏ အနစ်နာခံမှု လျှင်မြန်သွက်လက်မှုများကို ချီးကျူးကြသည့်အပြင် ကော့သောင်း- ရေး- ဘိတ်- ထားဝယ်- မော်လမြိုင်- ရန်ကုန်သို့ ဝင်လာမည့် ထိုင်းကုန်စည်များ၏ Logistics လမ်းကြောင်းတစ်ခုကို မြန်မာနိုင်ငံအစိုးရ၏ လျှင်မြန်သွက်လက်စွာ ညွှန်ကြားကွပ်ကဲနိုင်ခြင်းအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း” ရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

သဘာဝဘေးကြောင့် ကားလမ်း၊ ရထားလမ်းများပြတ်တောက်ခဲ့ရသည်။ လမ်းတံတားများ ပျက်စီးယိုယွင်းခဲ့ရသည်။ ဒေသတွင်း အခက်အခဲများ မြင့်တက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့မီးရထားမှအကြီးအကဲများ အချိန်မဆိုင်းကွင်းဆင်းစစ်ဆေးကြည့်ရှု၍ လုပ်ငန်းလမ်းညွှန်မှုများပြုလုပ်ခြင်း၊ အရေးပေါ်အစီအမံနှင့် ရေရှည်လုပ်ငန်းဥ်များချမှတ်ခြင်း၊ လိုအပ်သည့်ငွေကြေး၊ စက်ယန္တယားနှင့် ဖြည့်ဆည်းမှုလုပ်ငန်းများဖြင့် အားဖြည့်ပေးခဲ့သည်။ တိုင်းနယ်မြေအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ ခံယူချက်နှင့် ထက်သန်သည့်စေတနာတို့ဖြင့် အကောင်အထည်ဖော်ကြသည်။ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ၏ ဝန်းရံမှုအားတို့ဖြင့် တည်ဆောက်အကောင်အထည်ဖော်ကြသည်။

ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေချိန်တွင် ရန်ကုန် -မော်လမြိုင်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ တိုးမြှင့်အားဖြည့်သည်။ ၉ ချောင်းဆက်သံလမ်းစီမံကိန်းကိုလည်း ပေါင်းစည်းအားဖြည့်ကြသည်။ မြန်မာ့မီးရထား၏ အားမာန်များသည် ပြည်ထောင်စုကြီး၏ အနာဂတ်တိုးတက်အောင်မြင်မှုအသီးအပွင့်များ ဖော်ဆောင်ပေးနေပါကြောင်း မှတ်တမ်းပြုတင်ပြအပ်ပါသည်။

(မြန်မာ့မီးရထား၊ တိုင်းအမှတ် (၈)မှ တာဝန်ရှိသူများနှင့် ကွင်းဆင်းလေ့လာရေးသားနိုင်ရန် ဖြည့်ဆည်းကူညီခဲ့ကြသည့် ဦးမျိုးဇော်တူး၊ ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)နှင့် အဖွဲ့အား အထူးကျေးဇူးတင်ရှိပါသည်။)

ဝါဖလေ



# COVID-19 ကူးစက်ခြင်း ဘေးကင်းဝေးပါစေ

အိမ်စည်

ထိုနေ့က ဖေဖော်ဝါရီလ ၂၇ ရက်။ ရန်ကုန်မြို့ရှိ Gandamar Grand Ballroom တွင် မြန်မာအမျိုးသားလေကြောင်း၏ ဂုဏ်ပြုပွဲကျင်းပနေသည့်မြင်ကွင်းများက ပြုံးပျော်ကြည်နူးစရာ။ မြန်မာအမျိုးသားလေကြောင်းမှ CEO ဦးသန်းထွန်း၏မျက်နှာမှာလည်း စိတ်နှလုံးချမ်းမြေ့သည့် အပြုံးတို့ဝေဆာလို့နေသည်။ အခမ်းအနားတွင်ပါဝင်ကြသည့် သူများမှာလည်း ထိုသို့သောအပြုံးများနှင့်။

အကြောင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ သွားရောက်ပညာသင်ယူနေသည့် ပညာတော်သင်ဝန်ထမ်းများအား COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်ရန် သွားရောက်ခေါ်ယူရာတွင် မြန်မာအမျိုးသားလေကြောင်းမှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများကို အဆိုပါလေကြောင်းလိုင်းမှ ဂုဏ်ပြုပွဲကျင်းပပေးခြင်းဖြစ်သည်။ ထို့အတူ ဖေဖော်ဝါရီလ (၂၀)ရက် ညနေပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅)အစည်းအဝေးခန်းမဆောင်၌လည်း ဝန်ကြီးဌာနမှဂုဏ်ပြုပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပေးရာတွင် "ဒီနေ့ဟာ ချီးကျူးဂုဏ်ပြုထိုက်တဲ့သူတွေကို ချီးကျူးဂုဏ်ပြုရတဲ့အတွက်ကြောင့် မင်္ဂလာရှိတာပေါ့။ တကယ်တမ်းလိုက်တဲ့ လေယာဉ်မှူးတွေစေတနာကို အများကြီးချီးကျူးရမှာပါ။ လေယာဉ်မှူးတွေ၊ လေယာဉ်မောင်တွေ၊ အင်ဂျင်နီယာတွေလိုက်ပါပြီးသွားတဲ့ဟာ risk တော့ အရမ်းကြီးတာပေါ့။ ဒါကြောင့် ဒါတွေအားလုံးကိုလည်း ကျေးဇူးအရမ်းတင်ဂုဏ်ပြုပါတယ်။ စီစဉ်ဆောင်ရွက်ပေးတဲ့ အမှုဆောင်အရာရှိချုပ်ကြီးနဲ့ အားလုံးဝိုင်းဝန်းလုပ်ဆောင်ပေးတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်။ ပိုပြီးတော့ထိုက်ထိုက်တန်တန်ဂုဏ်ပြုရဦးမှာဖြစ်ပါတယ်" ဟုဆိုသည်။

အဆိုပါခရီးစဉ်တွင် စေတနာ့ဝန်ထမ်းလိုက်ပါခဲ့သူများမှာ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံနှင့်လေယာဉ်မှူးကြီး ဦးမျိုးလွင်ဦး၊ ဒုတိယလေယာဉ်မှူးကြီး ဦးစံမင်းကျော်၊ အင်ဂျင်နီယာမှူးကြီး ဦးအောင်ချို၊ အင်ဂျင်နီယာမှူးကြီး ဦးအောင်ဇင်နှင့် မန်နေဂျာ (လေယာဉ်မောင်) ဦးသန်းကျော်ဌေး၊ အကြီးတန်းလေယာဉ်မောင် ဦးဝဏ္ဏဝင့်၊ ဦးရဲမြတ်အောင်နှင့် ဦးအာကာလင်းတို့ဖြစ်သည်။ တရုတ်နိုင်ငံ၊ ဝူဟန်မြို့တွင်ကျောင်းတက်နေသော မြန်မာနိုင်ငံအရပ်ရပ်မှ ကျောင်းသား၊ ကျောင်းသူ ၅၉ ဦးမှာ တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးနှင့် တရုတ်အစိုးရတို့ညှိနှိုင်းချက်အရ အထူးလေယာဉ်ဖြင့် ဖေဖော်ဝါရီလ ၂ ရက်၊ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် မန္တလေးမြို့ ၆၂ လမ်းပေါ်ရှိ ကန်တော်နဒီ အထူးသီးသန့်ဆေးရုံတွင် ၁၄ ရက်ကြာ စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပေသည်။ ထိုဆေးရုံတွင် စောင့်ကြည့်စစ်ဆေးခံအပြီး မြန်မာကျောင်းသား ၅၉ ဦးမှာ ဖေဖော်ဝါရီလ ၁၆ ရက်တွင်ဆေးရုံမှ ဆင်းခွင့်ရလိုက်ပြီဖြစ်ကာ မိမိနေရပ်များသို့ပြန်လည် ရောက်ရှိနေပြီလည်းဖြစ်သည်။

ထိုနည်းတူ အဆိုပါခရီးစဉ်တွင်စေတနာ့ဝန်ထမ်းလိုက်ပါခဲ့သူများမှာ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံနှင့် လေယာဉ်မှူးကြီး ဦးမျိုးလွင်ဦး၊ ဒုတိယလေယာဉ်မှူးကြီး ဦးစံမင်းကျော်၊ အင်ဂျင်နီယာမှူးကြီး ဦးအောင်ချိုတို့မှာ PPE ဝတ်စုံပြည့်ဖြင့် လေယာဉ်မှူးအခန်း (COCKPIT) ထဲတွင် သီးသန့် Lock ချပြီးနေခဲ့သဖြင့် ၎င်းတို့၏နေအိမ်တွင် (၁၄)ရက် သီးခြားနေခဲ့ရပြီး အင်ဂျင်နီယာမှူးကြီး ဦးအောင်ဇင်နှင့် မန်နေဂျာ (လေယာဉ်မောင်)အပါအဝင် လေယာဉ်မောင်လေးဦးတို့မှာ ရန်ကုန်မြို့ရှိ ဝေဘာဂီ ဆေးရုံတွင် ၁၄ ရက်ကြာ စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းပြီးနောက် ယခုအခါ လုပ်ငန်းခွင်သို့ပြန်လည်ရောက်ရှိနေပြီလည်းဖြစ်သည်။

လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံက "ဒီခရီးစဉ်မှာ ဘာမှန်းမသိတဲ့ ဒီရောဂါပိုးဟာ ဘယ်လိုပုံစံဘယ်လိုနေရာကနေဝင်လာမယ်။ ဘယ်လို ကာကွယ်ရမယ်ဆိုတာကို အစကသေသေချာချာမသိခဲ့ပါဘူး။ ဒီအတွက်လည်း ညွှန်ကြားမှုတွေပေးခဲ့တဲ့ ဆရာဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အန္တရာယ်ကင်းကင်းနဲ့ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဘာတွေဆောင်ရမလဲ၊ ဘာတွေရှောင်ရမလဲဆိုတာကို လမ်းညွှန်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ ခွန်အားတစ်ခု တွန်းအားတစ်ခုရရှိခဲ့ပါတယ်။ နောက်ပြီးတော့ အခုလို တာဝန်ကိုထမ်းဆောင်ခွင့်ပေးခဲ့တဲ့လေကြောင်းလိုင်းက အကြီးအကဲအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုလိုကျွန်တော်တို့ တာဝန်ထမ်းဆောင်ခဲ့တာကို အသိအမှတ်ပြုပေးပြီး ချီးကျူးဂုဏ်ပြုတဲ့ပွဲလေးကို လုပ်ပေးတဲ့အတွက်လည်း အားလုံးရဲ့ကိုယ်စား ကျွန်တော်ကျေးဇူးအများကြီးတင်ရှိပါတယ်" ဟု ၎င်းတို့အားဂုဏ်ပြုသည့်အခမ်းအနားတွင် ပြန်လည်ကျေးဇူးတင်စကားဆိုခဲ့သည်။

အဆိုပါခရီးစဉ်တွင် စေတနာ့ဝန်ထမ်းအဖြစ်လိုက်ပါခဲ့ဖြစ်ပုံနှင့်ပတ်သက်ပြီး Cabin Crew Manager ဦးသန်းကျော်ဌေးနှင့် စကားလက်ဆုံကျမိသည့်အခါ" ကျွန်တော်တို့ဌာနကနေ ဒီခရီးစဉ်ရှိကောင်းရှိနိုင်တယ်။ ပြင်ဆင်ထားပါလို့ဆိုတော့ ဒီခရီးစဉ်အတွက် ဒီအတွက် ကျွန်တော်ကိုရွေးချယ်ပါလို့ ချက်ချင်းပြောခဲ့တယ်။ Volunteer လုပ်ခွင့်ရတဲ့အတွက်လည်း အရမ်းဝမ်းသာပါတယ်လို့ပြောချင်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ပေါ့နော်။ အများအဆင်မပြေနေရင် သူများတွေဒုက္ခရောက်နေရင် သူများတွေအကျပ်အတည်းတွေ့နေရင် ကူညီပေးချင်တယ်။ အများသွားလာနေတဲ့လမ်းမှာ ခလုတ်ကသင်းတွေ၊ ခဲတွေတွေ့တာကအစ ကျွန်တော်တို့ အရှေ့ကဆရာသမားတွေရဲ့သင်ပြမှုတွေနဲ့ဖယ်ခဲ့တယ်။ ကျွန်တော်တို့ငယ်စဉ်ထဲက ကုသိုလ်တစ်ခုအနေနဲ့ သူများတွေအန္တရာယ်ကင်းအောင်လို့ စပြီးတော့ဖယ်ခဲ့တယ်။ အခုလိုပါဝင်ဖြစ်ခဲ့တာကလည်း ဒီလိုမျိုးဆရာမိဘတွေရဲ့ သွန်သင်ဆုံးမခဲ့တဲ့ ကျေးဇူးအစပျိုးတာဖြစ်ပါတယ်"ဟု ဆိုပါသည်။

ထို့နောက်တွင် အတူသွားရောက်ခဲ့သည့် မိမိလေကြောင်းလိုင်းမှ စေတနာဝန်ထမ်းများအကြောင်းကို သတိတရဆိုသည်မှာ "တစ်ဖက်မှာလည်း ဝူဟန်ထဲမှာ ပိတ်မိနေတဲ့ ကျောင်းသားတွေရဲ့သတင်းတွေက Facebook ထဲမှာ အလွန်သနားစရာကောင်းတယ်။ ဒါလူသားတွေပဲလေ။ ဒီလိုဖြစ်နေတဲ့တစ်ချိန်ထဲမှာ Evacuation Flight သွားခေါ်ရတော့မယ်ဆိုတော့ အတူလိုက်တဲ့ လေယာဉ်မောင်/ မယ်တွေ ရွေးရတော့မှာပေါ့နော်။ ကိုယ်ကတော့ဟုတ်ပြီ ဘယ်သူတွေကလိုက်ဦးမှာလဲ။ ဒီအချိန်မှာ အရမ်းဝမ်းသာသွားတယ်။ ဘာဖြစ်လို့လည်းဆို ကျွန်တော်တို့မြန်မာအမျိုးသားလေကြောင်းလိုင်းမှာ အများအကျိုးကိုပေးဆပ်နိုင်တဲ့ ကျွန်တော်တို့နဲ့ စိတ်တူကိုယ်တူ Volunteer စိတ်အခံရှိသူ အများကြီးရှိတယ်ဆိုတာ တွေ့ခဲ့ရပါတယ်" ဟု ဆိုပါသည်။

မိမိတို့မိသားစုအတွင်းမှ တစ်ဦးတစ်ယောက်သာဆိုပါကဆိုသည့်အတွေးနှင့် ဦးသန်းကျော်ဌေး၏မိသားစုအနေဖြင့် မည်သို့ရှိခဲ့သည်ကို မေးကြည့်ရာတွင် "ဒီသတင်းကိုကြားကြားခြင်းပဲ ကျွန်တော်ကဆုံးဖြတ်ခဲ့တယ်။ ချက်ချင်း ကိုယ်ဘာသာပြင်လို့ပြင်ရမယ့်အရာတွေဖြစ်တဲ့ အိတ်တွေဘာတွေ ကိုယ့်ဘာသာပြင်ဆင်စရာရှိတာတွေ ကြိုတင်ပြင်ဆင်ခဲ့တယ်။ ဘာဖြစ်လို့လည်းဆိုတော့ သမီးကငယ်သေးတာကိုး။ ဒါပေမဲ့ကျွန်တော် ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်ကို ဒီကုသိုလ်ဆန္ဒကိုပြောပြတယ်။ ဆရာတော်က အရမ်းဝမ်းသာပြီး သာဓုခေါ်တယ်။ အနောက်ကနေပြီးတော့ သံဃာတစ်ပါးအနေနဲ့ ဆရာတစ်ယောက်အနေနဲ့ လုပ်ပေးရမယ့်လုပ်ပေးသင့်တာတွေအကုန်လုံးကို ပုံ့ပိုးပြီးလုပ်ပေးပါတယ်။ ဒါကတစ်ချက်ပေါ့။ နောက် ကျွန်တော့်အမေကို ပြောပြတယ်။ အမေကလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တယ်။ သွားပါ။ သူတို့တွေ ပိတ်မိနေတဲ့အခါကျတော့ သူတို့တွေ ဒီနေရာကလွတ်မြောက်ချင်ပါမှာပေါ့လေ တဲ့။ နောက်တော့ကျွန်တော် မနက်ဖြန်သွားတော့မယ်ဆို ဒီလိုနေ့ကျတော့မှ ကျွန်တော်အိမ်သူကိုပြောတာ။ ပြောတဲ့အခါကျတော့ မကန့်ကွက်တဲ့အပြင် သူက Virus အခြေအနေမပြတ်ကြည့်နေတဲ့ Update ကြည့်နေတဲ့သူဖြစ်တဲ့အတွက် ဘာစဉ်းစားလဲဆိုတော့ သမီးကလည်း ငယ်သေးတဲ့အတွက် ခရီးစဉ်သွားပြီးရင်စောင့်ကြည့်မှုအတွက် ၁၄ရက်က အိမ်နဲ့အတူမနေရဘူး။ဆေးရုံမှာနေရမယ်။ ဒီ ၁၄ရက်အတွက်လည်းပြင်ထားပါ။ ဒီထပ်ကြာလည်း စဉ်းစားထားပါ။ တစ်သက်လုံးအတွက်လည်းဖြစ်ချင်ဖြစ်သွားနိုင်တယ်ဆိုပြီး ဒီအထိလည်း ကျွန်တော်တို့ စဉ်းစားထားတယ်။ စဉ်းစားခဲ့ပြီးတော့ ကျွန်တော်တို့လုပ်ရမယ့် ဖြစ်လာနိုင်ခြေတွေကို တွက်ပြီးတော့လည်း ပြင်ဆင်ထားကြပါတယ်" ဟု ဆိုပါလေသည်။

ဌာနအနေဖြင့် ပြင်ဆင်မှုများအတွက်လည်း "သွားမယ်လို့သိရတဲ့အခါကျတော့ ကျွန်တော်တို့ဌာန ဌာနတွေမှာ ဌာနအကြီးမှူးတွေစုပြီးတော့ အစည်းအဝေးတွေလုပ်ပါတယ်။ ဒီ Virus ရဲ့ ကူးစက်လာနိုင်ချေကနောက်ဆက်တွဲတွေက အလွန်ကြောက်ဖို့ကောင်းတယ်တဲ့အတွက် သွားခေါ်လိုက်ရုံတင်မဟုတ်ဘူး။ ဘယ်လိုသွားခေါ်ကြမှာလဲ။ ဘယ်လိုအစီအမံတွေနဲ့ ဘယ်လိုထားမှာလဲ။ ကူးစက်ထိခိုက်နိုင်တဲ့ Virus ရဲ့နောက်ဆက်တွဲတွေကို ဘယ်လို ကျွန်တော်တို့အန္တရာယ်ကင်းအောင် ရှင်းကြမလဲ။ ဘယ်လိုနည်းစနစ်နဲ့ ပိုးသတ်မလဲ။ စတာတွေက ကျွန်တော်တို့ထင်တာထက်ပိုပြီးတော့ လူကြီးတွေက တွေးထားပါတယ်။ ဒီအတွက် အစည်းအဝေးတွေကြိုပြီးတော့လုပ်ခဲ့ပါတယ်။ သွားနေစဉ်မှာ ဘယ်လိုနောက်ကစီစဉ်ထားမလဲ။ ပိုးသတ်တဲ့ကိစ္စမျိုးတွေမှာ ဘယ်လိုကူးစက်မှုမရှိအောင် . . . စတာတွေကို စီစဉ်ကြရပါတယ်။ မြန်မာအမျိုးသားလေကြောင်းအနေနဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုတဲ့အခါကျရင် ဝန်ဆောင်မှုမှာ ခရီးသည်တွေရဲ့လုံခြုံမှုအပြင် ဂုဏ်သတင်းမကျအောင် ပြည်သူယုံကြည်တဲ့ Airline တစ်ခုဖြစ်အောင်နောက်ဆက်တွဲ ထိခိုက်မှုတွေမဖြစ်အောင် သေချာအစီအစဉ်ချပြီးတော့ အစည်းအဝေးပေါင်းများလုပ်ပြီး ပြင်ဆင်ခဲ့ပါတယ်" ဟု ကြိုတင်ပြင်ဆင်မှုအပိုင်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းပြပါသည်။ ဟုတ်ပါသည်။

ကူးစက်ရောဂါဖြစ်သည့်အတွက် သွားရောက်ခေါ်မည့်ကျောင်းသူကျောင်းသားများတွင် ရောဂါပါလာမည်ဆိုပါ နောက်ဆက်တွဲသည့် နိုင်ငံအတွက်အန္တရာယ်များလွန်းပါသည်။ သို့သော် ထိုကျောင်းသားများသည် နိုင်ငံ၏ရင်သွေးများမဟုတ်ပါလား။ အဘယ်မိခင်မှာ ပစ်ထားရက်ပါမည်နည်း။ ထို့ကြောင့် မိခင်နိုင်ငံတော်မှစီစဉ်ပါသည်။ ပါဝင်အားဖြည့်သည့် သက်ဆိုင်ရာဌာနများနှင့် စေတနာဝန်ထမ်းများကလည်း ကုသိုလ်စိတ်တစ်ခုတည်းနှင့်အတူ ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ကြရပါသည်။

"ဖေဖော်ဝါရီလ ၁ ရက် ညနေ ၆ နာရီ ခရီးစဉ်ထွက်တယ်။ ကျွန်တော်အဲ့ဒီနေ့ရဲ့ နေ့လည်မှာ မြန်မာအမျိုးသားလေကြောင်းလိုင်းမှာရှိတဲ့ CEO အပါအဝင်ဌာနလူကြီးတွေပါပါတယ်။ ဌာနအကြီးအမှူးတွေပါပါတယ်။ ပြီးတော့ DCA (လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)က လူကြီးတွေပါပါတယ်။ ကျန်းမာရေးနှင့်အားကစားရေးရာဝန်ကြီးဌာနက ဆရာဝန်ကြီးတွေပါပါတယ်။ ကူးစက်က ဆရာဝန်ကြီးတွေ ဌာနအသီးသီးက ဆရာဝန်ကြီးတွေ ကျွန်တော်ဆီမှာရှိတဲ့ CMO ဆေးမှူးချုပ်ပေါ့နော်။ ကျွန်တော်တို့ သွားမယ် Crew တွေက ဟိုရောက်ရင် ဘယ်လိုလေယာဉ်ပေါ်တင်မယ်။ သူတို့က ဘယ်ပုံနဲ့တက်လာမလဲ။ သူတို့တက်လာရင် ဘယ်ပုံစံနဲ့ ကူညီမလဲ။ ပြီးရင် ကူးစက်နိုင်တာဖြစ်တဲ့အတွက် ဘယ်သူကရောဂါပါလာမှာလဲ။ ရောဂါဖြစ်နေတဲ့သူ

တ-၉ »

# Myanmar Championship 2020 ဖိုင်နယ် Online ဂိမ်း အနိုင်ရအသင်းများနှင့် PMCO SEA Wildcard Final တိုက်ရိုက်ဝင်ခွင့်ရအသင်းများထွက်ပေါ်

PUBG MOBILE မှ COVID-19 အခြေအနေကြောင့် ကစားသမားများ၊ အားပေးသောပရိသတ်များနှင့် ပါဝင်သူအားလုံး၏ ဘေးကင်းလုံခြုံမှုအတွက် Myanmar Championship 2020 ဖိုင်နယ်ဂိမ်းပြိုင်ပွဲကို Online သီးသန့်ပြိုင်ပွဲအဖြစ် မတ်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်တွင် နေ့လယ် ၁ နာရီမှ ည ၈ နာရီထိ ပြုလုပ်ကျင်းပခဲ့ပြီး အဆိုပါဖိုင်နယ် Online ဂိမ်းပြိုင်ပွဲမှ ဆုရရှိသည့် အသင်းများ ထွက်ပေါ်လာခဲ့ကာ ဆုကြေးငွေများနှင့်အတူ ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း PUBG MOBILE က သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါပြိုင်ပွဲကြီးကို MPT က Official Telecom Partner အဖြစ် ပူးပေါင်းကူညီပံ့ပိုးထားပြီး PUBG MOBILE နှင့် MPT Facebook Page တို့မှလည်း တိုက်ရိုက် LIVE Stream ပြသသွားခဲ့သည်။ My GALAXY အသင်းသည် PUBG MOBILE Myanmar Championship 2020 ၏ Champion ဖြစ်ခဲ့ပြီး First Runner-Up ဆုကို Yangon Galacticos မှလည်းကောင်း၊ Second Runner-Up ဆုကို DEUS Esport မှလည်းကောင်း၊ Third Runner-Up ဆုကို Team SCOTT မှလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

PUBG MOBILE မှ Champion ရရှိခဲ့သည့် My GALAXY အသင်းကို ကျပ်သိန်း ၁၅၀၊ First Runner-Up ရရှိခဲ့သည့် Yangon Galacticos အသင်းကို ကျပ်သိန်း ၁၀၀၊ Second Runner-Up ရရှိခဲ့သည့် DEUS Esport အသင်းကို ကျပ် သိန်း ၆၀၊Third Runner-Up ရရှိခဲ့သည့် Team SCOTT အသင်းကို ကျပ်သိန်း ၃၀၊ အဆင့် ၅ မှ ၈ ရရှိသည့် အသင်းများကို ကျပ် ၁၅ သိန်းစီ၊ အဆင့် ၉ မှ ၁၈ ရရှိသည့် အသင်းများကို ကျပ် ၁၀ သိန်းစီ ဆုကြေးငွေများ အသီးသီးချီးမြှင့်သွားခဲ့သည်။

ထို့အပြင် ယခုဖိုင်နယ်အဆင့်ပြိုင်ပွဲတွင် ထိပ်ဆုံးရရှိသော အသင်း (၄) သင်းဖြစ်သည့် My GALAXY၊ Yangon Galacticos၊ DEUS Esport၊ Team SCOTT တို့သည် PMCO SEA Wildcard Final အဆင့်သို့ တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိမည်ဖြစ်သည်။ ထိုမြန်မာအသင်း ၄ သင်းနှင့်အတူ လာအို၊ စင်္ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် အရှေ့တီမောနိုင်ငံများမှ Online ပြိုင်ပွဲများမှ အနိုင်ရရှိသော အသင်း ၁၂ သင်း၊ စုစုပေါင်း အသင်း ၁၆ သင်းတို့သည် PMCO SEA Wildcard Final အဆင့်တွင် Online မှတစ်ဆင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို PMCO SEA Wildcard Final အဆင့်တွင် ထိပ်ဆုံးရပ်တည်နိုင်သော အသင်း (၃)သင်းကသာ ကိုယ်ပိုင် League ရှိသောနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံမှ အသင်းများနှင့်အတူ PMCO SEA Final သို့ တက်လှမ်းယှဉ်ပြိုင်ရမည်ဖြစ်သည်။

PMCO SEA Final ပြိုင်ပွဲကြီးတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ တန်ဖိုးရှိသည့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

၎င်း PUBG MOBILE Myanmar Championship 2020 ပြိုင်ပွဲကြီးသည် PUBG MOBILE ၏ အရှေ့တောင်အာရှဒေသအတွင်း အကြီးမားဆုံး နိုင်ငံတကာအဆင့်ပြိုင်ပွဲကြီးတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများမှ အကောင်းဆုံးကစားသမားအဖွဲ့များနှင့် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်မည့် PMCO (PUBG MOBILE Club Opens) SEA Final ပြိုင်ပွဲကြီးအထိ ခေါ်ဆောင်သွားနိုင်မည့် စိတ်လှုပ်ရှားဖွယ်နိုင်ငံတွင်းပြိုင်ပွဲကြီးဖြစ်သည်။

ယခု PUBG MOBILE Myanmar Championship 2020 ပြိုင်ပွဲ ဖိုင်နယ်အဆင့်မတိုင်မီ ပြိုင်ပွဲဝင်အသင်းများသည် တစ်အုပ်စုလျှင် အသင်း ၂၀ ဖြင့် အုပ်စု ၆၀ ခွဲကာ အွန်လိုင်း Round ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်း ၁၆ သင်းနှင့် ပြီးခဲ့သော ၂၀၁၉ ခုနှစ်တွင် PUBG MOBILE Myanmar Championship Offline ဂိမ်းပြိုင်ပွဲကြီးမှ ပထမနှင့် ဒုတိယရရှိသော အသင်း ၂ သင်း၊ စုစုပေါင်း ၁၈ သင်းသည် ယခု PUBG MOBILE Myanmar Championship 2020 ပြိုင်ပွဲ Final အဆင့်တွင် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲနှင့်ပတ်သက်သော အချက်အလက်များ ထပ်မံသိရှိလိုပါက PUBG MOBILE ၏ Official Facebook စာမျက်နှာတွင်လည်း www.fb.com/PUBGMOBILE.MM. OFFICIAL\ ဝင်ရောက်လေ့လာနိုင်သည်။

ES




»တ-၈

မပါလာဘူးလား ရှိလားမရှိဘူးလား ကျွန်တော်တို့ရှိတယ်လို့ပဲ အမှန်တွက်ထားရတာပဲ့နော်။ ရှိတာလည်း ရှိနိုင်တာတွေအတွက် တွက်ထားရတာပေ့ါနော်။ အဲ့ဒီမှာ ဝတ်ရမယ် PPE လို့ခေါ်တဲ့ ကာကွယ်ရေးဝတ်စုံတွေ . . . ဒီဝတ်စုံဝတ်နည်းကို ကူးစက်ရောဂါဆေးရုံက ပါမောက္ခဆရာဝန်ကြီးတွေက စနစ်တကျသင်ပေးပါတယ်။ သူကအဆင့်တွေကများတယ်။ ဝတ်ရတာတွေက လုပ်ထုံးလုပ်နည်းတွေနဲ့ဝတ်ရတယ်။ ဝတ်ပြီးတော့ ချွတ်တဲ့နည်းက မှန်ဖို့အရေးကြီးတယ်။ ရောဂါမှာကပ်နေတဲ့အမှုန်တွေ လေထဲမှာဖွာမထွက်ရအောင် လွင့်မထွက်ရအောင် အသာလေးလိတ်လိတ်ပြီးတော့ ငြိမ်ငြိမ်လေးနဲ့ လိတ်ပြီးချွတ်ရတာပေ့ါ။ ဒီဝတ်နည်းတွေ ချွတ်နည်းတွေကိုမသွားခင်မှာ တကယ်ဝတ်စုံတွေနဲ့ အကုန်လုံးလေ့ကျင့်ကြတယ်။ ကျွန်တော်တို့တင်မဟုတ်ဘူး။ နောက်ဆက်တွဲပိုးသတ်မယ်သူတွေလည်း ဒီလေယာဉ်မှာလာတဲ့သူတွေတိုင်း ပိုးသတ်မယ့်အဖွဲ့တွေရှိတယ်။ စစ်တိုက်တဲ့ဥပမာဆိုရင် ကျွန်တော်တို့က ရှေ့တန်းကထွက်ပြီးတိုက်နေချိန်မှာ အရှေ့ဖက်မှာရှိနေတယ်လို့ဆိုရင် သူတို့ကအနောက်တန်းက ကန့်လန့်ကာနောက်ကွယ်ကနေပြီး အားဖြည့်ပေးခဲ့တဲ့ကျွန်တော်တို့လို့ နှလုံးသားတူတဲ့သူတွေ အများကြီးရှိတယ်” ဟု နောက်ကွယ်မှ စိတ်တူကိုယ်တူအားဖြည့်ပေးသူများကို ဦးသန်းကျော်ဌေးကသတိတရဆိုပါသည်။

“ကျွန်တော်တို့တွေပဲ စွန့်စားရတာမဟုတ်ဘူး။ နောက်ဆက်တွဲ ပိုးသတ်ပေးမယ့်သူလည်းကူးနိုင်တာပဲ။ သူတို့မှာလည်း တကယ်ပရဟိတစိတ်အပြည့်နဲ့ လုပ်ခဲ့ကြတာပါ။ ပြင်ဆင်ခဲ့ကြတာပါ။ ပြန်စဉ်းစားတိုင်း ဒီလိုကူညီနိုင်ကြတာက တကယ်ဝမ်းသာရပါတယ်” ထို့အပြင် လေယာဉ်မောင်များသာမက လေယာဉ်မယ်များဘက်မှလည်း ကုသိုလ်အားဖြည့်မည့်အကြောင်း တောင်းဆိုကြသည်ဟု ဦးသန်းကျော်ဌေးက ဆိုပါသည်” ဒီမှာ လေယာဉ်မောင်မယ်တွေအများကြီးရှိတဲ့အထဲမှာ လေယာဉ်မယ်အမျိုးသမီးတွေကလည်း သူတို့လည်း လိုက်မယ်ဆိုပြီးဆန္ဒပြုကြတဲ့သူတွေရှိပါတယ်။ သို့ပေမယ့် သူတို့လိုက်နိုင်ကြတယ်ဆိုလည်းမခေါ်ရက်ဘူး။ ယောကျ်ားလေးတွေဖြစ်တဲ့ ငါတို့ပဲဦးဆောင်ပြီးသွားကြမယ်။ ဒီကညီမတွေ ဒီတစ်ခေါက်မှာနားလိုက်ပါပေ့။ ဒီတော့ ဒီခရီးစဉ်မှာ လေယာဉ်မောင်အနေနဲ့က အမျိုးသားလေးဦးပါခဲ့ပါတယ်” ဟုဆိုသည်။

ဆက်လက်ပြီး ဦးသန်းကျော်ဌေးက ထိုနေ့ကခရီးစဉ်အကြောင်းကို ကုသိုလ်စိတ်အပြည့်ဖြင့် ပြန်လည်မျှဝေပေးသည်မှာ စိတ်ဝင်စားစရာလည်းကောင်းလှပါသည်။ သာမုလည်း အကြိမ်ကြိမ်ခေါ်ရပါသည်။

“ကျောင်းသားတွေအနေနဲ့ သူတို့ဘယ်လောက်ဝမ်းသာမလဲဆိုတာစဉ်းစားကြည့်ပါ။ သွားခေါ်နိုင်တဲ့ ကျွန်တော်တို့ဝမ်းသာတယ်ဆိုတာထက် အဆပေါင်းများစွာကွာတယ်။ သူတို့က ကာယကံရှင်လေ။ ခံစားနေရတဲ့သူတွေ။ အပိတ်ခံရတဲ့လူတွေ။ သူတို့ဘေးနားမှာ ကူးစက်မြန်တဲ့ ရောဂါဝိုင်းရံပြီးရှိနေတဲ့နေရာမျိုးမှာ . . . ကျွန်တော်တို့ ထမင်းကောင်းကောင်းစားနေတဲ့အချိန်မှာ သူတို့ထမင်းကောင်းကောင်းမစားရဘူး။ အမေ့ရင်ခွင် အဖေ့ရင်ခွင်ထဲမှာလည်းမရှိကြဘူး။ တစ်ခြားမှာ ကြိုးစားရှန်းကန်နေတဲ့ သူတို့ရဲ့ရင်ထဲမှာ ဘယ်လောက်မွန်းကြပ်နေမလဲ။ ပူနေမလဲ။ မျှော်လင့်နေမလဲ။ ခေါ်ဖို့ဆုံးဖြတ်ချက်ချပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ ဖြည့်ဆည်းပေးတဲ့ Airline ရော ဌာနဆိုင်ရာ ဝန်ကြီးဌာနဆိုင်ရာ ဖြည့်ဆည်းပေးတဲ့အတွက်ကြောင့် ကျွန်တော့်အတွက် တကယ်တမ်းကျ အောင်မြင်ခဲ့တဲ့ခရီးစဉ်တစ်ခုပါပဲ။ တိုင်းပြည်တစ်ခုလုံးအတွက် တကယ်အရေးပါတဲ့ လူသားချင်းဆိုင်ရာစိတ်ဓာတ်တွေရော ကျွန်တော်တို့အားလုံးမှာရော တိုင်းရင်းသားတွေအများကြီးရှိတဲ့ အထဲမှာ ဒီကလေးတွေမှာလည်း လူမျိုးပေါင်းစုံပါတယ်။ မြန်မာတစ်ပြည်လုံးနေရာပေါင်းစုံလာတဲ့ ကလေးတွေပါကြတယ်။ ဒါသည်ကျွန်တော်တို့ တစ်ပြည်လုံးအတွက် ကောင်းတဲ့ဂုဏ်မြတ်တစ်ခုအနေနဲ့လူကြီးတွေကိုလည်းကျေးဇူးအရမ်းတင်ပါတယ်။သွားခေါ်ဖို့ဆုံးဖြတ်စီစဉ်ခိုင်းတဲ့လူကြီးတွေရဲ့အတွေးအခေါ် အထူးသဖြင့် ချစ်မြတ်နိုးတဲ့၊ ကိုယ်ချင်းစာတဲ့ နှလုံးသားပေ့ါဗျာ။ ကျေးဇူးအလွန်တင်ရပါတယ်”ဟုဆိုလေသည်။

ဆက်လက်ပြီး လေယာဉ်ပေါ်ပါလာသည့် ကျောင်းသူကျောင်းသားများအကြောင်း နားထောင်ရသည်မှာလည်း မိမိကိုယ်တိုင်မြင်တွေ့ဘိသကဲ့သို့ ခံစားရပါသည်။ “လေယာဉ်ပျံပေါ်ကျတော့ တချို့လဲ အမိမြေကလာကြိုတဲ့လေယာဉ်ပျံရောက်လာပြီဆိုတော့ စိတ်ချလက်ချပဲ အိပ်ပျော်သွားကြတယ်။ သူတို့တွေစိတ်ချလက်ချအိပ်မောကျသွားကြတာပေ့ါ။ လေယာဉ်တစ်ခုလုံးက ည flight လဲဖြစ်တယ်ဆိုတော့ ဒီအချိန်မှာ အနှောက်အယှက်တောင်မပေးရက်ဘူးပေ့ါ။ သူတို့နိုးသွားမှာစိုးလို့ လှုပ်ရှားမှုဘာညာကအစအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ပြီးခေါ်ခဲ့တာပေ့ါ” ဟုဆိုသည်။

ထို့နောက် ဖေဖော်ဝါရီလ ၂ ရက်၊ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ ကျောင်းသူကျောင်းသား များကိုဘေးအန္တရာယ်ကင်းစွာဖြင့် ပို့ဆောင်ပေးပြီးသည့်အခါ စေတနာဝန်ထမ်းများမှာ ကျန်းမာရေးစစ်ဆေးစောင့်ကြည့်မှုခံယူရန် ရန်ကုန်မြို့ရှိ ဝေဘာဂီဆေးရုံတွင် ၁၄ ရက်ကြာနေထိုင်ခဲ့ကြရသည်များကိုလည်း . . .

“ဝေဘာဂီမှာက ပျော်စရာလဲကောင်းတယ်။ စိတ်လှုပ်ရှားစရာလဲကောင်းတယ်ပေ့ါ။ လူသားတွေဖြစ်တဲ့အတွက် လူသားဆန်စွာ အကောင်းအဆိုးတော့ရောနေကြရတာပဲလေ။ ဆေးရုံဆိုတာ ကိုယ့်အိမ်မဟုတ်တဲ့အတွက် အိမ်မှာလိုနေချင်သလိုနေ စားချင်သလိုစားလို့တော့မရဘူးပေ့ါ။ ပြီးတော့ စောင့်ကြည့်စစ်ဆေးခံနေရအချိန်ဆိုတော့ ကျွန်တော်တို့ကို အပြင်ကနေသော့ခတ်ထားတယ်။ ဒါပေမယ့် တစ်ခုကောင်းတာက ၁၄ ရက်အတွင်းမှာ လိုအပ်သမျှတွေကို ကျွန်တော်တို့ဌာနအကြီးအကဲတွေက အချိန်တိုင်းဖုန်းတွေဆက်ပြီးတော့ ကျွန်တော်တို့လိုအပ်တာတွေကို တောက်လျှောက်ဖြည့်ဆည်းပေးခဲ့တယ်။ နောက် PPE ကိုဝတ်ဖို့ လေ့ကျင့်ပေးတဲ့ Prof: ဒေါက်တာဒေါ်စံပယ်ဖြူဆိုတာရှိတယ်။ သူက မသွားခင်ကတည်းက ဝတ်တဲ့နည်းတွေပြောပြတယ်။ ဝတ်ပြတယ်ပေ့ါ။ လိုအပ်တာတွေလဲ စောင့်ရှောက်ပေးပါတယ်။ အပြင်ထွက်မရတော့ အဲ့ဒီအခန်းလေးထဲမှာပဲ လမ်းလျှောက်တာတွေ ပုတီးစိပ်တာတွေ။ မေတ္တာပို့တာတွေလုပ်ဖြစ်တယ်။ နောက်ပြီး မန္တလေးသတင်းလဲနားထောင်ရတာပေ့ါ။ ကျွန်တော်တို့နဲ့အတူတူသွားတဲ့သူတွေ၊ ပြန်လာတဲ့ကျောင်းသူကျောင်းသားတွေ နေကောင်းကြလားဆိုပြီး အမြဲတမ်းအဆက် အသွယ်လုပ်ပါတယ်။ အဲ့ဒီကာလအတွင်းမှာ မိသားစုဝင်တွေရော . . . ဌာနဆိုင်ရာကရော . . .၊ အဖွဲ့အစည်းတွေကရော၊ မြောက်ဥက္ကလာကအမတ်တွေလည်း လာကြည့်ပေးကြပါတယ်။ အစားအစာတွေ အသုံးအဆောင်တွေ လိုအပ်တာတွေကို ဖြည့်ဆည်းပေးကြပါတယ်” ဟုဆိုပါသည်။ မြန်မာအမျိုးသားလေကြောင်းမှ CEO ဦးသန်းထွန်းက “အဓိကတော့ ကျွန်တော်ကျေးဇူးတင်ချင်တာက နိုင်ငံရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ကျန်တဲ့ Volunteer အဖြစ် အမှုထမ်းအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီအချိန်တိုအတွင်းမှာ အာဆီယံနိုင်ငံတွေထဲမှာ ကျွန်တော်တို့က ပထမဆုံးသွားပြီးတော့ ကြိုနိုင်တာပေ့ါလေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့လူမျိုးရဲ့စိတ်ဓာတ်အရ ဒီ Volunteer အဖြစ်သွားတယ်။ အဖက်ဖက်ကနေပြီးတော့ ဒီဝန်ကြီးဌာနအားလုံးက အချိန်တိုအတွင်းမှာ စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်တာကြောင့် အောင်အောင်မြင်မြင်နဲ့ပြန်ရောက်တာဖြစ်ပါတယ်။ ဒီအတွက်လည်း အားလုံးကိုကျေးဇူးတင်ပါတယ်”ဟုဆိုပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့ရှိ မြန်မာပညာသင် (၆၃)ဦးအား မြန်မာနိုင်ငံမှ အထူးလေယာဉ်ဖြင့်သွားရောက်ခေါ်ဆောင်ရာ ကျန်ရှိခဲ့သော မြန်မာပညာသင် ကျောင်းသူကျောင်းသား (၂)ဦးမှာလည်း အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်တွင် နယူးဒေလီမြို့သို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး၊ နယူးဒေလီမြို့တွင် စောင့်ကြည့်ကာလ (၁၄) ရက် နေထိုင်ခဲ့သည်။ ထို့နောက်တွင်တော့ အဆိုပါကျောင်းသူကျောင်းသား (၂)ဦး နယူးဒေလီမြို့တွင်ရှိစဉ် မြန်မာသံရုံး၊ နယူးဒေလီမြို့မှလိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ပြီး၊ ၎င်းတို့သည်လည်း COVID-19 ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ရရှိခဲ့သဖြင့် နယူးဒေလီမြို့မှ ရန်ကုန်မြို့သို့ မတ်လ ၁၄ ရက်၊ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီး ကျောင်းသူကျောင်းသားများအားလုံး ရောဂါဘေးမှကင်းခဲ့ပြီဖြစ်သည်။

“ကျွန်တော်တို့ရဲ့ အမျိုးသားရေးတာဝန်တစ်ခုပေ့ါ။ နောက်ပြီးကျွန်တော်တို့နဲ့ ဘဝဘဝအဆက်ဆက်က အမျိုးတော်ခဲ့တယ်ထင်ပါတယ်။ ကျွန်တော်တို့ကိုလည်း သူတို့က ဘဝတစ်ခုခုမှာကျေးဇူးပြုခဲ့ပါလိမ့်မယ် . . . ဟု ဦးသန်းကျော်ဌေးက ကိုယ်တိုင်ပြုခဲ့သည့်ကုသိုလ်စိတ်အပေါ် ရိုးရှင်းစွာမှတ်ချက်ပေးလေသည်။

စိတ်စေတနာတူညီသူများဖြင့် ဝူဟန်အပြန် ရွှေခရီးသည် ကံကောင်းခြင်းများအတိပြီးခဲ့သည်။ သို့သော် ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ခြင်းခံရသည့် COVID-19 ရောဂါသည် ကမ္ဘာ့နိုင်ငံများသို့ ကူးစက်ခဲ့ရာ ဧပြီလ ၃ ရက် စာရင်းများအရ ကူးစက်ခံရသူဆယ်သိန်းကျော်ရှိနေပြီး လူငါးသောင်းကျော် သေဆုံးခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဧပြီလ ၃ ရက် ည ၈ နာရီထုတ်ပြန်ချက်များအရ ပိုးတွေ့ရှိသူ ၂၀ ဦးရှိနေပြီး ထိုသူတို့အနက်တစ်ဦးမှာ သေဆုံးသွားခဲ့သည်။

မည်သို့ပင်ဆိုစေ နိုင်ငံတော်မှလည်း Corona Virus Desease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် Corona Virus Desease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဖွဲ့စည်းကာ ဆောင်ရွက်ပေးနေပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် Volunteer များစွာကလည်း စိတ်အား၊ လူအား၊ ငွေအားတို့ဖြင့် ကူညီနေကြသည်။ သို့သော် “ပြည်သူသာအဓိက” ဟု ဆိုကြသကဲ့သို့ မိမိတို့ပြည်သူပြည်သားများမှလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းကြပါရန် တိုက်တွန်းလိုက်ပါသည်။ ထို့အတူ COVID-19 ကူးစက်ခြင်းမှ ကင်းဝေးကြပါစေကြောင်းလည်း မိမိတို့ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်မှ ဆုမွန်ကောင်းတောင်းပေးလိုက်ရပါသည်။

# Grab Myanmar က မိတ်ဖက်ယာဉ်မောင်းများနှင့် အစားအသောက်ပို့ဆောင်သူများ COVID-19 ကူးစက်ခံရပါက မိသားစုအထောက်အပံ့ဖြစ်စေရန် ကျပ်နှစ်သိန်း ထောက်ပံ့မည်

Grab Myanmar က မိတ်ဖက်ယာဉ်မောင်းများနှင့် အစားအသောက်ပို့ဆောင်သူများ COVID-19 ရောဂါကူးစက်ခံရပါက (သို့မဟုတ်) အသွားအလာကန့်သတ်စောင့်ကြည့်ရန် ညွှန်ကြားခံရပါက ယင်းကာလအတွင်း နေ့စဉ်ဝင်ငွေဆုံးရှုံးမှုမရှိစေရန် မြန်မာကျပ်ငွေနှစ်သိန်း ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

Grab က မိတ်ဖက်ယာဉ်မောင်းများနှင့် အစားအသောက်ပို့ဆောင်သူများ၏ ကျန်းမာရေးဘေးကင်းလုံခြုံရေးအတွက် Grab မိတ်ဖက်အကူအညီရန်ပုံငွေ ဒေါ်လာ (၂၀,၀၀၀) မတည်ပံ့ပိုးသွားမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မည်သည့်မိတ်ဖက်ယာဉ်မောင်းများနှင့် အစားအသောက်ပို့ဆောင်သူမဆို COVID-19 ရောဂါကူးစက်ခံရပါက (သို့မဟုတ်)အသွားအလာ ကန့်သတ်စောင့်ကြည့်ရန် ညွှန်ကြားခံရပါက ဆေးကုသမှုခံယူနေစဉ် (သို့မဟုတ်) ကန့်သတ်စောင့်ကြည့်စဉ်ကာလတွင် နစ်နာဆုံးရှုံးရမည့်နေ့စဉ်ဝင်ငွေကို ကာမိစေပြီး မိသားစုများကို ဆက်လက်ပံ့ပိုးနိုင်ရန် မြန်မာကျပ်ငွေ (၂၀၀,၀၀၀) ထောက်ပံ့ပေးအပ်သွားမည်ဟု ထုတ်ပြန်ထားသည်။

Grabfood အစားအသောက်ဝန်ဆောင်မှုကို Grab Taxi ငှားရမ်းသည့်အခါ အသုံးပြုသည့် Grab အက်ပလီကေးရှင်းတွင်ရရှိနိုင်သည့် နည်းပညာအရ Grab Taxi ငှားရမ်းသူခရီးသည်များ၏ အချိန်အလိုက်သွားလေ့ရှိသည့်နေရာ၊ ရွေးချယ်လေ့ရှိသည့် စားသောက်ဆိုင် စသည့်အရင်းအမြစ်ဒေတာတို့အပေါ်တွင် အခြေခံကာ မိတ်ဖက်စားသောက်ဆိုင်လုပ်ငန်းများအတွက် သင့်တော်သည့် ပရိုမိုးရှင်းအစီအစဉ်များ၊ အမှာအော်ဒါတက်စေရန် အထောက်အကူပြုကမ်ပိန်းများနှင့် ပံ့ပိုးလုပ်ဆောင်နေကြောင်း ဈေးကွက်ချဲ့ထွင်နိုင်ရေး ပံ့ပိုးပေးရန် ပထမဆုံးသော Yangon Grabfood Kitchen ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

BPO

# အမျိုးသားပြတိုက် (နေပြည်တော်) တွင် ပြခန်းအသစ် ထပ်မံတိုးချဲ့ဖွင့်လှစ်မည်

နော်ဝေနိုင်ငံမှ ပြန်လည်ပင့်ဆောင်လွှဲပြောင်းပေးခဲ့သည့် ရတနာပုံခေတ်လက်ရာ စကျင်ကျောက်ဆင်းတုတော်အပါအဝင် ပြခန်းများကို အမျိုးသားပြတိုက် (နေပြည်တော်) ၌ တိုးချဲ့ပြသသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

၂၀၂၀ ပြည့်နှစ် မေလ(၁၂)ရက် (အင်္ဂါနေ့)မှ စတင်၍ ဖွင့်လှစ်ပြသလျှက်ရှိသည့် ပြခန်းများနှင့်အတူ ၂၀၁၇ ခုနှစ် အတွင်းက နော်ဝေနိုင်ငံမှ ပြန်လည်ပင့်ဆောင်လွှဲပြောင်းပေးခဲ့သည့် ရတနာပုံခေတ်လက်ရာစကျင်ကျောက်ဆင်းတုတော် အပါအဝင် ပြည်နယ်ယဉ်ကျေးမှုပြတိုက်များမှ လွှဲပြောင်းပေးပို့ထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ စုဆောင်းထားသည့် ခေတ်ကာလအလိုက် ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများနှင့် ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာလက်ရာများဖြင့် မြန်မာ့ဗုဒ္ဓဘာသာအနုပညာပြခန်း (Myanmar Buddhist Art Exhibition Room)ကို မကြာမီ ထပ်မံတိုးချဲ့ ပြသသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အသိပေးထားခြင်းဖြစ်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ရှေးဟောင်းဝတ္ထုပစ္စည်းများအား ရှာဖွေဖော်ထုတ် သုတေသနပြုထိန်းသိမ်းသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်၍ အသိပညာဗဟုသုတဆိုင်ရာ ဗဟိုဌာနများအဖြစ် ပြတိုက်နှင့် စာကြည့်တိုက်များကရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးလျှက်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်၍ အသိပညာဗဟုသုတဆိုင်ရာ ဗဟိုဌာနများအဖြစ် အမျိုးသားပြတိုက်(နေပြည်တော်၊ ရန်ကုန်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရှေးဟောင်းသုတေသနပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များနှင့် ဗုဒ္ဓပြတိုက်များစသည်တို့ကိုဖွင့်လှစ်ကာ အများပြည်သူများ ဝင်ရောက်လေ့လာနိုင်ရေးခင်းကျင်းပြသပေးလျက်ရှိရာ ပြခန်းများတိုးချဲ့နိုင်ရေးကိုပါ စီစဉ်နေခြင်းဖြစ်သည်။

ယဉ်ကျေးအမွေအနှစ်များ၏ သတင်းအချက်အလက်များ ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရေး နိုင်ငံတကာအဆင့်မီ ခင်းကျင်းပြသမှုများနှင့် အမျိုးသားပြတိုက် (နေပြည်တော်)ကို ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်း အဝိုင်းအနီးတွင် တည်ဆောက်၍ ၂၀၁၅ ခုနှစ်မေလ ၁၇ ရက်၌ ဖွင့်လှစ်ခဲ့ပြီး ရှေးဟောင်းသုတေသနဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် အနုသုခုမဆိုင်ရာအမွေအနှစ်များကို ပြခန်း(၁၁)ခန်းအဖြစ် ဖွဲ့စည်းခင်းကျင်းပြသလျှက်ရှိခြင်းဖြစ်သည်။

ES

# ထိုင်းရုပ်ရှင်ဇာတ်လမ်းများ ကြည့်ရှုနိုင်စေရန်အတွက် Viu နှင့် GMM Grammy ပူးပေါင်း




လစဉ်သုံးပြုသူ ၄၁ သန်းကျော်ရှိသည့် Viu မှ အရည်အသွေးကောင်းမွန်သည့် ရုပ်သံလိုင်းများဖြစ်သည့် One31 နှင့် GMM25 တို့မှ ရုပ်ရှင်ဇာတ်ကားကောင်းများကို Viu တွင် ပြသပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံဖျော်ဖြေရေးကဏ္ဍ၌ ထိပ်တန်းစာရင်းဝင်သော GMM Grammy နှင့် မိတ်ဖက်ပူးပေါင်း အဆင့်မြှင့်တင်ခဲ့သည်။

အဆိုပါ မိတ်ဖက်ပူးပေါင်းမှုကြောင့် Viu ကြည့်ရှုအသုံးပြုသူများသည် ထိုင်းနိုင်ငံ၏ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် One31 တွင် ပြသသွားသောဇာတ်ကားများကို ပြသပြီးသည့် အချိန် ၂ နာရီအတွင်း Viu ၌ ရယူကြည့်ရှုနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ မိတ်ဖက်ပူးပေါင်းမှုများသည် Viu အသုံးပြုသူများအား One31 နှင့် GMM25 ရုပ်သံလိုင်းတို့မှ ပိုမိုဆန်းသစ်သော ရုပ်ရှင်ဇာတ်လမ်းကောင်းများကို အချိန်နှင့်တပြေးညီ ကြည့်ရှုနိုင်စေရန် ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်သည်။ Viu မှ ထိုဇာတ်လမ်းများကို အွန်လိုင်းတွင် တိုက်ရိုက်ကြည့်ရှုရုံမျှမဟုတ်ဘဲ ဒေါင်းလုပ်ရယူနိုင်ရန်လည်း ခွင့်ပြုပေးထားသောကြောင့် မိမိစိတ်ကြိုက်ဇာတ်ကားများကို အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။

Viu ၏ Chief Content Officer ဖြစ်သူ Ms. Virginia Lim က"ကျွန်မတို့ ကိုရီးယားဇာတ်လမ်းတွဲနဲ့ တီဗွီအစီအစဉ်တွေပြသစဉ်တုန်းက အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ နောက်ပြီး အခုဆိုရင်ထိုင်းရုပ်ရှင်ဇာတ်လမ်းတွေက အရှေ့တောင်အာရှမှာ လူကြိုက်များခေတ်စားလာတော့မယ်လို့ ကျွန်မတို့ယူဆထားပါတယ်။ ဒါကြောင့် အခုလိုပူးပေါင်းပြီး အနယ်နယ်အရပ်ရပ်က ကြည့်ရှုသူတွေအတွက် လူကြိုက်များမယ့်ဇာတ်လမ်းတွေကို ယူဆောင်လာပေးတာပါ။ ကြည့်ရှုနှုန်းအရလည်း တိုးမြင့်လာခဲ့ပြီး အဲဒါကလည်း အခုလို အခြားမိတ်ဖက်လုပ်ငန်းတွေနဲ့ ပူးပေါင်းမှုတွေကြောင့်ဖြစ်လို့ နောက်ပိုင်းမှာလည်း ထူးခြားကောင်းမွန်တဲ့ ရုပ်ရှင်ဇာတ်လမ်းတွေ ကျွန်မတို့ Viu မှာ ရရှိနိုင်ဖို့အတွက် ဆက်လက်ကြိုးစားသွားဦးမှာပါ" ဟု ပြောသည်။

One31 ရုပ်သံလိုင်း၏ Chief Executive Officer ဖြစ်သူ Mr. Takonkiet Viravan ကလည်း "Viu နဲ့ အခုလို မိတ်ဖက်ပူးပေါင်းရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ ဒီလို One31 ရုပ်သံလိုင်းက ထိုင်းရုပ်ရှင်ဇာတ်ကားကောင်းတွေနဲ့ Viu လို နိုင်ငံတကာ အွန်လိုင်းရုပ်သံဝန်ဆောင်မှုနဲ့ ပူးပေါင်းလိုက်မယ်ဆိုရင် ကြည့်ရှုသူပရိတ်သတ်တွေ ပိုမိုများပြားလာမှာပါ။ ဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာတွေနဲ့အတူ ကျွန်တော်တို့ ရုပ်သံလိုင်းတွေကလည်း ဒီလိုပူးပေါင်းမှုတွေကတစ်ဆင့် တိုးတက်လာစေမယ့် အခွင့်အလမ်းတွေ ပိုမိုရရှိလာပါပြီ" ဟုဆိုသည်။

One31 နှင့် GMM25 ရုပ်သံလိုင်းတို့မှ ဇာတ်ကားများကို မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာ၊ စင်ကာပူနိုင်ငံများရှိ Viu အသုံးပြုသူများမှ Bahasa Malaysia, Bahasa Indonesia, မြန်မာ၊ အင်္ဂလိပ်ဘာသာစကားများဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး အဆိုပါရုပ်သံလိုင်းများရှိ လူကြိုက်များသော ဇာတ်လမ်းများဖြစ်သည့် Crowns of Grass, The Passbook, The Venom's Tale, The Mistress, Love Revenge, Club Friday စသည်တို့အား ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

ES

# တနင်္သာရီတိုင်း အတွင်းရှိ Quarantine စင်တာများကို ကျပ်သိန်း (၁၀၀)စီ ထောက်ပံ့မည်

တနင်္သာရီတိုင်းဒေသကြီးအတွင်း COVID-19 ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ပြည်တော်ပြန်များထားရှိရန်စီစဉ်ထားသည့် Quarantine စင်တာများကို ထောက်ပံ့ရန် တစ်မြို့နယ်လျှင် ကျပ်သိန်း (၁၀၀)စီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

COVID-19 ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့နေသည့် နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်တော်ပြန်ဒေသခံများအတွက် (၁၄)ရက် သီးခြားထားရှိစောင့်ကြည့်ရန် ဒေသခံလူထု၏အစီအစဉ်ဖြင့် လုပ်ဆောင်နေသည့် Quarantine စင်တာများအတွက် ထောက်ပံ့ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ တစ်မြို့နယ်လျှင် ကျပ်သိန်း (၁၀၀)ကို ထောက်ပံ့ပေးရန်စီစဉ်ထားသည်။

တိုင်းဒေသကြီးအတွင်း လုပ်ဆောင်နေသည့် Quarantine စင်တာများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုနည်းပါးကြောင်းနှင့် လိုအပ်ချက်များရှိကြောင်း ဝေဖန်မှုများရှိလာပြီးနောက် တိုင်းအစိုးရက ယခုကဲ့သို့ ထောက်ပံ့ပေးရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် လုပ်ဆောင်ထားသည့် Facility Quarantine စင်တာဖြစ်သော ထားဝယ်တက္ကသိုလ်အထူးဆောင်၌ ဒေသအတွင်းသို့ ပြည်ပမှ ဝင်ရောက်လာသူများကို Quarantine အနေဖြင့် ထားရှိစောင့်ကြည့်ရန် လုပ်ဆောင်ထားပြီး လူဦးရေ (၁၂၀) ထားရှိနိုင်ရန် အခြေခံလူသုံးကုန်ပစ္စည်း(၄)မျိုးအပါအဝင် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများကို အဆင်သင့်ပြင်ဆင်ထားကာ လိုအပ်ပါက လူဦးရေ (၄၀၀)ခန့် အထိထားရှိနိုင်ရန် ဆောင်ရွက်လျှက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ဖွဲ

# Stay at Home ဘယ်လိုလုပ်ကြမလဲ

ကမ္ဘာ့ကပ်ရောဂါဆိုးကြီး တွေ့ကြုံနေရတဲ့အချိန်မှာ ရှေ့တန်းကတိုက်ပွဲဝင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ပြည်သူတွေအတွက် ကြိုးစားဆောင်ရွက်ပေးနေကြတဲ့ အစိုးရ၊ တပ်မတော်၊ ရဟန်းသံဃာနှင့် အခြားသော ပရဟိတအဖွဲ့အစည်းတွေအပြင် ဘက်ပေါင်းစုံကတွေးမျှော်ပြီး ဖြည့်ဆည်းလှူဒါန်းနေကြတဲ့ ပါရမီရှင်တွေက စေတနာနဲ့ကြိုးစားဆောင်ရွက်နေကြပါတယ်။ ပြည်သူတွေကို ကျန်းမာရေး အသိပညာပေးမှုဝေကြပ်မတ်ဆောင်ရွက်တဲ့နေရာမှာ Stay Home လုပ်စေပြီး တတ်နိုင်သမျှ Social Contact ထိတွေ့မှုကို ရှောင်ရှားပြီး Social Distance ဖြစ်ဖို့ကလည်း အဓိကတစ်ချက်အနေနဲ့ ပါဝင်ပါတယ်။

မြန်မာနိုင်ငံမှာလည်း လူတန်းစားပေါင်းစုံရှိပြီးတော့ အခြေခံလူတန်းစား လက်လုပ်လက်စားသမားတွေက ပိုများပါတယ်။ Stay Home မလုပ်နိုင်တဲ့ သူတို့တွေအတွက်ကိုလည်း အစိုးရအနေနဲ့ တတ်နိုင်တဲ့လုပ်ဆောင်ချက်တွေနဲ့ ထောက်ပံ့ကူညီပေးဖို့လိုပါတယ်။ အခုကျွန်တော်ပြောပြမှာက အကုန်လုံးအတွက်တော့ အဆင်မပြေနိုင်ပေမယ့် Stay Home လုပ်နေသူများအတွက် တစ်ထောင့်တစ်နေရာ တစ်ဖက်တစ်လမ်းကနေတော့ နည်းနည်းလေးဖြစ်ဖြစ် အထောက်အကူဖြစ်မယ်ထင်ပါတယ်။

**စိတ်ဖိစီးမှုလျှော့ချပါ**

တတ်နိုင်သမျှ အကောင်းမြင်စိတ်တွေမွေးပါ။ ကိုယ်နဲ့ သက်ဆိုင်ရာသာသာတရားတွေရဲ့ အဆုံးအမတွေကိုနာယူပြီး စိတ်အေးချမ်းအောင်၊ စိတ်တည်ငြိမ်အောင် တည်ဆောက်ပါ။ ကိုယ်လုပ်နိုင်တဲ့အတိုင်းအတာနဲ့ တရားထိုင်ပါ၊ ကိုယ်နဲ့ကိုက်ညီတဲ့ တရားတွေကိုနာယူပါ။ ဘုရားတရားတွေကို အမြတ်မနေ့လုံးသွင်းထားပါ။ သတ္တဝါတွေအပေါ် မေတ္တာထားပါ။ စိတ်ကိုအေးချမ်းစေအောင်သီချင်းဆို/ သီချင်းနားထောင်ပါ၊ ရုပ်ရှင်ကြည့်ပါ။ စာအုပ်ဖတ်ပါ။ တရားဝင်ထုတ်ပြန်တဲ့ သတင်းတွေကိုပဲလေ့လာပါ။

**ပရဟိတ/ ကုသိုလ်လုပ်ငန်းများများလုပ်ပါ**

ကိုယ်တတ်နိုင်သလောက်၊ တတ်စွမ်းသလောက် အားနည်းသူတွေကို အားပေးကူညီပါ။ လိုအပ်သူတွေကို မျှဝေပေးပါ။ အသင့်တော်ဆုံးနေရာတွေကို လှူဒါန်းပေးပါ။ လူကိုယ်တိုင်မဖြစ်မနေသွားရောက်စရာမလိုပါဘူး။ Mobile Banking တွေ Internet Banking တွေအပြင် အဝေးကငွေလွှဲစနစ်တွေနဲ့ ပရဟိတအဖွဲ့အစည်းတွေကို ထိထိရောက်ရောက် ထည့်ဝင်လှူဒါန်းလို့ရပါတယ်။ သတ္တဝါတွေကို မေတ္တာပို့ပေးပြီး ကျန်းမာရွှင်လန်းပါစေလို့ ဆုတောင်းပေးနေတာလည်း ကုသိုလ်ရနိုင်တာပါပဲ။

**(၁) ကိုယ့်ကိုကိုယ်မြှင့်တင်ပါ (1 Self Investment)**

အရင်ဆုံး ကိုယ့်ကိုကိုယ်ရင်းနှီးမြှုပ်နှံမယ်၊ မြှင့်တင်မယ်ဆိုရင် စိတ်ခေတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင်၊ ပိုမိုကောင်းမွန်အောင် စာအုပ်စာပေတွေ ဖတ်ရှုလေ့လာနိုင်ပါတယ်။ စိတ်ကိုရွှင်လန်းစေတဲ့ ဟာသစာအုပ်၊ ကာတွန်းစာအုပ်တွေနဲ့ စိတ်အပန်းဖြေလို့လည်းရပါတယ်။ သုတ/ရသစာအုပ်တွေအပြင် ဘာသာရေး၊ ဒဿနဆိုင်ရာ စာအုပ်တွေနဲ့ ကိုယ်အားသန်ရာ၊ ကိုယ်ဝါသနာပါရာ ဘာသာရပ်တွေကိုလည်း လေ့ကျင့်ဆည်းပူးလို့ရပါတယ်။

**(၂) ကိုယ့်ကိုကိုယ်မြှင့်တင်ပါ (2 Self Investment)**

ရောဂါတွေ ပျံ့ပွားနေတဲ့ကာလမှာ အားရှိအောင်စားပါ၊ အိပ်ရေးဝအောင်အိပ်ပါဆိုတဲ့အတိုင်း ကိုယ့်ရဲ့ကိုယ်ခန္ဓာကိုလည်း ဂရုစိုက်မြှင့်တင်ပေးဖို့လိုပါတယ်။ ကျန်းမာသန်စွမ်းဖို့အတွက် အာဟာရမျှတပြည့်စုံအောင်စားပေးပါ၊ အိပ်ချိန်ပြည့်ဝအောင် အိပ်ပေးပါ။ အိမ်ထဲမှာ အမြဲတမ်းအောင်းနေပြီး လေးလံထိုင်းမှိုင်း၊ အားအင်ချိနဲ့တာတွေမဖြစ်အောင် Home workout တွေကို စနစ်တကျလုပ်လို့ရပါတယ်။ GYM ကိုသွားမှ နေရာအကျယ်ကြီးရှိမှရယ်လို့မဟုတ်ဘဲ ကိုယ်ရှိတဲ့နေရာ၊ အဆင်ပြေတဲ့နေရာလေးမှာ တတ်နိုင်တာလေးတွေလုပ်လို့ရပါတယ်။ ကြိုးခုန်တာ၊ ဒိုက်ထိုးတာ၊ ဘယ်ရီရိုက်တာ စတဲ့ရိုးရိုးရှင်းရှင်းလေ့ကျင့်ခန်းတွေလည်း လုပ်လို့ရပါတယ်။ အဲ့ဒီဆိုရောဂါကင်းစင်တဲ့ ကာလရောက်တဲ့အခါ ကိုယ်ခန္ဓာအချိုးအစားကျကျနဲ့ ဘော်ဒီလှလှလေးတွေတောင် ပိုင်ဆိုင်နိုင်ပါတယ်။

**(၃) ကိုယ့်ကိုကိုယ်မြှင့်တင်ပါ (3 Self Investment)**

ဒါကတော့ မိန်းကလေးတွေနဲ့ပိုပြီးသက်ဆိုင်မယ်ထင်ပါတယ်။ Home Stay ကာလမှာ အလှအပရေးရာတွေ ပြုပြင်ထိန်းသိမ်းလို့ရပါတယ်။ Skin တွေ Care ပြီး အသားအရေတွေ ဂရုစိုက်ထိန်းသိမ်းလို့ရပါတယ်။ အပေါ်မှာပြောထားတဲ့ ကျန်းမာစေတဲ့အစားအသောက်အနေအထိုင်တွေနဲ့ လေ့ကျင့်ခန်းတွေပေါင်းပြီးတော့ ကျန်းမာကြံ့ခိုင် လှပကျော့ရှင်းအောင် ပြုစုပျိုးထောင်လို့ရပါတယ်။ (ဟိုအစ်မကြီးဟာသလုပ်ထားသလို အလှတစ်အိတ်ဝယ်ထားပြီး အားနေရင်ပြုတ်စား၊ ရောဂါမရှိတော့တဲ့အချိန်လည်းရောက်ရော ကိတ်လည်းကိတ်သွားရော။ Just Kidding)

**(၄) ကိုယ့်ကိုကိုယ်မြှင့်တင်ပါ (4 Self Investment)**

ဒီအချိန်မှာ တစ်ချို့အလုပ်တွေက Work From Home စတင်လုပ်ဆောင်လာကြတာ ရှိပါတယ်။ Work From Home ကြောင့်ပဲဖြစ်ဖြစ် Home stay လုပ်တာပဲဖြစ်ဖြစ် ကိုယ့်ဘဝတိုးတက်ရာတိုးတက်ကြောင်း ကြိုးစားပြီး လုပ်ကြပါ။ Work From Home ရဲ့ စနစ်အရ အိမ်မှာလုပ်ရတယ်ဆိုပေမယ့် အလုပ်ကိုအလုပ်လိုသဘောထားပါ၊ အလေးထားပါ၊ လေးစားပါ၊ အချိန်တိကျပါ။ ဒါဟာသူ့အတွက်မဟုတ်ပါဘူး။ ကိုယ့်ကိုကိုယ်လေးစားမှုရှိစေဖို့၊ ယုံကြည်မှုရှိစေဖို့၊ စိတ်ဓာတ်ကြံ့ခိုင်စေဖို့ပါပဲ။ (အကြောင်းအမျိုးမျိုးကြောင့် WFH မလုပ်နိုင်တဲ့သူတွေကတော့ အများကြီးရှိပါတယ်)။ Home Stay လုပ်နေရင်းလည်း အကျိုးရှိတာတွေ အများကြီးလုပ်လို့ရပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့ ဝါသနာပါတဲ့ နယ်ပယ်ကို Freelance တွေ လုပ်ကြည့်လို့ရပါတယ်။ ဘာသာပြန်စာတွေ၊ ဆောင်းပါးရေးတာတွေ၊ Script ရေးတာတွေ၊ Content ရေးတာတွေ၊ Software ရေးတာတွေ လုပ်နိုင်တဲ့ Freelance အလုပ်တွေလည်း အများကြီးရှိပါတယ်။ ဒါတွေအပြင် Home Made (Hand Made) အိမ်တွင်းမှု/ လက်မှုလုပ်ငန်းတွေကိုလည်း လေ့ကျင့်လို့ရပါတယ်။ DIY လုပ်နည်းလေးတွေလည်း Internet မှာ အများကြီးရှိပါတယ်။ Hand Made ပစ္စည်းလေးတွေနဲ့ အသက်မွေးဝမ်းကြောင်းပြုလုပ်နေကြတဲ့သူတွေတောင် အများကြီးရှိပါတယ်။ မိန်းကလေးတွေနဲ့သင့်တော်တဲ့ ပညာရပ်တွေလည်းအများကြီး လုပ်လို့ရပါတယ်။

**အဖော်တွေကိုဂရုစိုက်ပါ**

လူတွေအတွက် သက်ရှိအဖော် ကြောင်၊ ခွေး အစရှိတဲ့ တိရစ္ဆာန်တွေကို ဂရုစိုက်ပြီး ပြုစုယုယတာ၊ ဆော့ကစားတာတွေအပြင် သက်မဲ့အဖော်လေးတွေဖြစ်တဲ့ သစ်ပင်ပန်းမာန်လေးတွေ စိုက်ပျိုးပြီး ဂရုစိုက်ပြုစုပျိုးထောင်ပေးတာတွေကိုလည်း လုပ်ပေးပါ။ တတ်နိုင်သမျှ သစ်ပင်တွေကိုလည်း များများစိုက်ပျိုးပေးပါ။ သူတို့ကသူငယ်ချင်းကောင်းတွေပါပဲ။

**ချစ်ခြင်းမေတ္တာတွေမျှဝေပါ**

ဒီရောဂါတွေဖြစ်လာကြတော့ တစ်ခုသတိထားမိတာရှိတယ်။ လူတွေက ချစ်ခင်ရတဲ့သူတွေကို အချိန်ပိုပေးဖို့လိုလာပြီဆိုတာ တရားပြလိုက်သလိုပါပဲ။ လူသားတွေက လူမှုကိစ္စတွေများပြားပြီး အချိန်တွေကလည်း နည်းလာတော့ မိသားစုတွေ၊ ချစ်ခင်ရသူတွေကို အချိန်မပေးနိုင်တော့ဘဲ အလုပ်တွေဖိစီး၊ စိတ်တွေရှုပ်ထွေးတာတွေများလာကြပါတယ်။ အခုချိန်မှာတော့ ချစ်ခြင်းမေတ္တာတွေမျှဝေဖို့ အချိန်တန်ပါပြီ။ မိဘ၊ ဆွေမျိုး၊ သားချင်း၊ ညီအစ်ကို၊ မောင်နှမ၊ သူငယ်ချင်း၊ ဆရာတပည့်တွေကို နွေးနွေးထွေးထွေး ယုယကြင်နာပြီး ပြုစုဆက်ဆံရမယ့်အချိန်ပါဘဲ။ အချိန်တွေပေးပါ၊ စကားတွေပြောပါ၊ အတူရုပ်ရှင်ကြည့်ပါ၊ လက်ဆုံစားသောက်ပါ၊ အတူရယ်မောပါ၊ အနီးမှာရှိရင် ပွေ့ဖက်အားပေးပါ၊ အဝေးမှာရောက်နေရင်လည်း ဖုန်းဆက်ပါ၊ စာပို့ပါ၊ ချစ်ခြင်းမေတ္တာတွေကို ဖော်ထုတ်ပြသပြီး ဂရုစိုက်ကြပါ။ ဒီအချိန်မှာ အနားမှာမရှိနိုင်ဘဲ ရောဂါအတွက် ရှေ့တန်းကတိုက်ပွဲဝင်နေကြရသူတွေ၊ တာဝန်ထမ်းဆောင်နေကြရတဲ့သူတွေ၊ လုပ်ငန်းအသီးသီးရောက်နေကြရတဲ့သူတွေ၊ ပရဟိတလုပ်နေကြတဲ့သူတွေကို အားပေးစကားတွေပြောပေးပါ၊ ဂုဏ်ယူကြောင်း ပြောပေးပါ။ ကမ္ဘာကြီးကျန်းမာဖို့ ဒီထက်ပိုလှသွားဖို့ ချစ်ခြင်းမေတ္တာတွေကို လက်ဆင့်ကမ်းမျှဝေပေးကြပါ။

ဦးကာတွန်း

# Trends and Applications of AI in Space 3

## အာကာသတွင် အသိဉာဏ်တု၏ အလားအလာများနှင့် အသုံးချမှုများ ၃

ဝင်းအောင် (အင်ဂျင်နီယာချုပ်)

**Dynamic Spectrum Detection and Avoidance**
**ရှေ့လျားလှိုင်းနှုန်းစဉ်များကို ရှာဖွေခြင်းနှင့် နှောက်ယှက်မှုကိုရှောင်ရှားခြင်း**

Artificial intelligence (AI) can support the satellite and commercial space sector to automate equipment construction, foster innovation, and boost profitability.

Another application of AI in the space industry is dynamic spectrum usage. A satellite can learn to transmit using the appropriate frequencies and level of power output to avoid interference. Deep learning can be used for space-to-Earth transmissions and has wide-ranging implications for simplifying coordination. Currently, Wi-Fi uses a form of Dynamic Spectrum Access (DSA) which could be used in a new generation of satellites.

Artificial Intelligence (AI) သည်ဂြိုဟ်တုနှင့် စီးပွားဖြစ် အာကာသကဏ္ဍ၏ ပစ္စည်းကိရိယာများ ဆောက်လုပ်ခြင်းကို အလိုအလျောက်ပြုလုပ်ရန်၊ ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရန်နှင့် အမြတ်အစွန်းကို မြှင့်တင်ရန် စသည့်လုပ်ငန်းများကို အထောက်အပံ့ပေးနိုင်သည်။

အာကာသစက်မှုလုပ်ငန်းတွင် AI ၏နောက်ထပ် အသုံးချမှုတစ်ခုသည် dynamic spectrum (ရှေ့လျားလှိုင်းနှုန်းစဉ်) များကိုအသုံးပြုသည်။ ဂြိုဟ်တုတစ်လုံးသည် သင့်လျော်သောလှိုင်းနှုန်းများနှင့် စွမ်းအင်ပမာဏကို ထုတ်လွှင့်အသုံးပြု၍ မှတ်ယူကာ လှိုင်းနှုန်းစဉ်အနှောက်အယှက်ကိုရှောင်ရှားနိုင်သည်။ လှိုင်းနှုန်းစဉ်ညှိနှိုင်းဆောင်ရွက်မှုကို လွယ်ကူစေရန်နှင့် ကျယ်ပြန့်သောဆက်သွယ်ခန့်မှန်းမှုများ ဆောင်ရွက်နိုင်ရန် အာကာသမှ ကမ္ဘာသို့ထုတ်လွှင့်ရာတွင် နက်ရှိုင်းစွာမှတ်ယူခြင်းကို အသုံးပြုနိုင်သည်။ လက်ရှိ မျိုးဆက်သစ်ဂြိုဟ်တုများတွင် Dynamic Spectrum Access (DSA) (ရှေ့လျားလှိုင်းနှုန်းစဉ်ဖြင့် ဝင်ရောက်အသုံးပြုခြင်း) ပုံစံကို အသုံးပြုရန် Wi-Fi ကို အသုံးပြုနိုင်သည်။

IEEE (Institute of Electrical and Electronics Engineers) အစီရင်ခံစာတစ်ခုအရ လှိုင်းနှုန်းစဉ်အနှောက်အယှက်ကို လျှော့ချရန်အတွက် RLAN (Radio Local Area Networks) အတွက် နည်းပညာကို အသုံးပြု၍ လှိုင်းနှုန်းစဉ်အရည်အသွေးကို တိုးမြှင့်နိုင်သည်။ သို့သော် Dynamic Frequency Selection (DFS) (ရှေ့လျားလှိုင်းနှုန်းစဉ်ရွေးချယ်ခြင်း) အသုံးပြုသည့် မည်သည့်နည်းပညာအသုံးချမှုမဆို ဂြိုဟ်တု၏ ပျမ်းမျှသက်တမ်းနှင့် လှိုင်းနှုန်းစဉ်ပြောင်းလဲမှုသည် နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သဖြင့် ITU (International Telecommunication Union) အတွင်း အပြည်ပြည်ဆိုင်ရာစည်းမျဉ်းဥပဒေ အပြောင်းအလဲနှင့် သဘောတူညီချက်တို့လိုအပ်သည်။

ဤ ရှေ့လျားပြောင်းလဲနေသော နည်းပညာများ (dynamic technologies) သည် GEO (Geostationary Earth Orbit) ကမ္ဘာမြေနှင့်တည်ငြိမ်သွား ပတ်လမ်းနှင့် NGSO (Non-Geostationary Orbit) ကမ္ဘာမြေနှင့် တည်ငြိမ်ပတ်လမ်းမဟုတ်သော ပတ်လမ်းများတွင် လည်ပတ်နေသည့်ဂြိုဟ်တုများကို မောင်းနှင်ရန်နှင့် ထိန်းချုပ်ရန်တို့အတွက် အသုံးပြုသည့် frequency and physical coordination (လှိုင်းနှုန်းစဉ်နှင့် ဂြိုဟ်တုရွေ့လျားမှုများအတွက် ညှိနှိုင်းမှု) များ ဆောင်ရွက်ရာတွင် အထူးတန်ဖိုးရှိသည်။ လှိုင်းနှုန်းစဉ်အနှောက်အယှက်ကို ဖယ်ရှားရန်အတွက် ထိုကဲ့သို့သောလုပ်ထုံးလုပ်နည်းများသည် အမြဲတမ်းထိရောက်မှုမရှိပါ။ Viasat အပါအဝင် GSO အော်ပရေတာများသည် NGSO စနစ်များမှ ကျယ်ပြန့်စွာ လှိုင်းနှုန်းစဉ်အနှောက်အယှက်များအကြောင်း အစီရင်ခံတင်ပြခဲ့ပြီး ထုတ်လွှင့်မှုများနှင့် လှိုင်းနှုန်းစဉ်ညှိနှိုင်းခြင်းများကို ထုတ်လွှင့်မှုမပြုလုပ်မီ ညှိနှိုင်းရန်နှင့် လိုက်နာရန်စည်းကမ်းချက်များ မြောက်မြားစွာလိုအပ်သည်။ သို့သော် (deep learning technology) နက်ရှိုင်းသော မှတ်ယူမှုနည်းပညာနှင့် ကွန်ယက်များမှထုတ်လွှင့်သော လှိုင်းနှုန်းစဉ်များကို အလိုအလျောက်ရှာဖွေခြင်းသည် ဂြိုဟ်တုကွန်ယက်များ၏ လှိုင်းနှုန်းစဉ်အနှောက်အယှက်များ လျှော့နည်းစေသည်။

Technology can learn to detect and avoid co-channel interference at different stages of the satellite orbit. Some form of deep learning is envisaged as the growing number of NGSO constellation becomes increasingly challenging to manage.

ဂြိုဟ်တုပတ်လမ်း၏ ကွဲပြားခြားနားသောအဆင့်များ၌ Co-channel interference (အနီးကပ်လျက်ရှိသော လှိုင်းနှုန်းစဉ်အနှောက်အယှက်)များ ရှာဖွေရန်နှင့် ရှောင်ရှားနိုင်ရန်နည်းပညာသည် မှတ်ယူနိုင်သည်။ NGSO အနိမ့်ပျံဂြိုဟ်တုများ စုဝေးမှုအရေအတွက်များပြားလာခြင်းသည် စီမံခန့်ခွဲရန်စိန်ခေါ်မှုများ ပိုမိုများပြားလာသောကြောင့် deep learning (နက်ရှိုင်းသော သင်ယူမှု) ပုံစံတစ်မျိုးမျိုးကို မျှော်မှန်းထားသည်။

ဆက်လက်တင်ပြပါမည်။

# မြန်မာပြည်သူများ စဉ်ဆက်မပြတ် ဆက်သွယ်နိုင်စေရေး MPT က အလေးထားဆောင်ရွက်

ကမ္ဘာ့ကပ်ရောဂါ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်ဖြစ်ပွားလျက်ရှိသော ယခုလိုအရေးပေါ် အချိန်၌ MPT သည် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် သာယာချမ်းမြေ့စွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် ကြိုတင်ကာကွယ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်ရှိသည်။

MPT သည် Corona Virus နှင့်ပတ်သက်သော နောက်ဆုံးရသတင်းများကို အချိန်နှင့်တပြေးညီ အထူးလေ့လာစောင့်ကြည့်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များနှင့်အညီ MPT ၏ ဝန်ဆောင်မှုများနှင့် ရုံးလုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်စေရန် ဝန်ထမ်းအင်အား ၅၀ ရာခိုင်နှုန်းကို ရုံးသို့တက်ရောက်တာဝန်ထမ်းဆောင်စေ၍ ကျန်ဝန်ထမ်းအင်အား ၅၀ ရာခိုင်နှုန်းအား အိမ်မှတာဝန်ထမ်းဆောင်စေကာ အလှည့်ကျတာဝန်ထမ်းဆောင်မှုစနစ်ဖြင့် စတင်လုပ်ဆောင်လျက်ရှိကြောင်း မတ်လ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MOHS) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) တို့မှ ပြဌာန်းထားသောလမ်းညွှန်ချက်များအရ MPT သည် ဝန်ထမ်းများအတွက် သန့်ရှင်းလုံခြုံသောလုပ်ငန်းခွင် ပတ်ဝန်းကျင်ဖြစ်စေရန် ရုံးတွင်းသန့်ရှင်းရေးလုပ်ဆောင်မှုအဆင့်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ MPT အမှတ်တံဆိပ်အရောင်းဆိုင်များ၊ ရုံးခန်းများ၊ ဝန်ထမ်းကြိုပို့မော်တော်ယာဉ်များ စသည်တို့ကို သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်းများ နေ့စဉ်ထိရောက်စွာ ရှင်းလင်းသန့်စင်မှုများ ပြုလုပ်လျက်ရှိသည်။

MPT ကို သုံးစွဲသူများနှင့် စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်စိတ်ချရသည့်ကွန်ရက်များနှင့် ဝန်ဆောင်မှုများအား စဉ်ဆက်မပြတ်သုံးစွဲနိုင်စေရန် သေချာစွာစီမံဆောင်ရွက်ထားရှိလျက်ရှိပြီး အခြေအနေများပြောင်းလဲလာသည်နှင့်အမျှ လက်ရှိလည်ပတ်နေသော စီးပွားရေးလုပ်ငန်းများကို ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရန်နှင့် MPT သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် MPT ဝန်ထမ်းများ၊ စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအတွက် ပံ့ပိုးသူများနှင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

MPT သည် ကွန်ရက်များကို အရန်ဆက်ကြောင်းများဖြင့် ချိတ်ဆက်ထားပြီး အရေးပေါ်ကာလများတွင် သုံးစွဲသူများနှင့် အစဉ်ချိတ်ဆက်နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိသည်။ စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းအသီးသီးရှိ ဝန်ထမ်းများအနေဖြင့် မိမိတို့၏နေအိမ်မှ အလုပ်လုပ်ကိုင်နိုင်ရန် လိုအပ်ခြင်းကြောင့် MPT ၏ ကွန်ရက်များကို လက်ရှိနှင့် နောင်ဖြစ်ပေါ်လာနိုင်သည့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ထားရှိကာ သုံးစွဲသူများ၏ ဆက်သွယ်မှုများကို အပြည့်အဝဆောင်ရွက်ပေးရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

HM (ဆသရ)

# COVID-19 ကာကွယ်ရေးကာလအတွင်း Mytel က ဖုန်းငွေဖြည့်မှုအတွက် အပိုလက်ဆောင် ၅၀ ရာခိုင်နှုန်းပေးအပ်




ကမ္ဘာ့ကပ်ရောဂါ COVID-19 ဖြစ် ပွားနေမှုကြောင့် Mytel အသုံးပြုသူများအတွက် ငွေ ဖြည့်ရာတွင် ဖြည့်သွင်းလိုက်သည့် ငွေပမာဏ၏ ၅၀% ကို အပိုလက်ဆောင်အဖြစ်ပေးအပ်မည့်အစီအစဉ်ကိုသုံးလကြာ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဧပြီလ ၁ ရက်က ယခုကဲ့သို့ ရောဂါမပျံ့နှံ့အောင် ကာကွယ်တားဆီးနေသောကာလအတွင်း၌ အိမ်မှတစ်ဆင့် အဆင်ပြေစွာအလုပ်လုပ်နိုင်ရန်၊ နောက်ဆုံးပေါ်သတင်းများကိုသိနိုင်ရန်၊ မိမိချစ်ခင်ရသော မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုဝင်များနှင့် ဆက်သွယ်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သောဆက်သွယ်ရေးနှင့် အင်တာနက်ထောက်ပံ့မှုများကို Mytel မှ အကောင်းဆုံးဖြစ်အောင် ပံ့ပိုးသွားမည်ဖြစ်သည်။

ယခုဖြစ်နေတဲ့အခြေအနေဟာ ပြည်သူတွေအားလုံးရဲ့ နေ့စဉ်ဘဝကိုပဲ ပြောင်းလဲစေတာမဟုတ်ဘဲအင်တာနက်နဲ့ ဆက်သွယ်ရေးကွန်ရက်တွေကို ပိုမိုအသုံးပြုလာရတာကြောင့် ငွေကြေးအရလည်း ထိခိုက်စေကြောင်း၊ Mytel အနေနဲ့ ဒီလိုအခက်အခဲတွေကို နားလည်တာကြောင့် အားလုံးကိုလည်း တစ်ဖက်တစ်လမ်းက ကူညီပေးချင်တဲ့အတွက် ၅၀% အပိုလက်ဆောင်ပေးမယ့်အစီအစဉ်ကို စတင်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ဒီအစီအစဉ်ကြောင့် Mytel အသုံးပြုသူများအားလုံး ငွေချွေတာနိုင်ရုံသာမကပဲ အိမ်မှာနေရင်းနဲ့ Mytel ရဲ့ဝန်ဆောင်မှုတွေကို ပိုမိုအဆင်ပြေပြေ အသုံးပြုနိုင်မှာဖြစ်ကြောင်းအပြင် ယခုပရိုမိုးရှင်းအစီအစဉ်ကို ၂၀၂၀၊ မတ်လ ၃၁ ရက်မှစတင်၍ ၂၀၂၀၊ ဇွန်လ ၃၀ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်သည်။ ပရိုမိုးရှင်းကာလအတွင်း ဖုန်းငွေဖြည့်မှုပြုလုပ်သည့်အခါတိုင်း ငွေဖြည့်လိုက်သည့်ပမာဏ၏ ၅၀% အပိုလက်ဆောင်ဆုကြေးအဖြစ် ပရိုမိုးရှင်း လက်ကျန်ငွေသို့ ထည့်သွင်းပေးသွားမည်ဖြစ်သည်။ ထိုဆုကြေးအား Mytel အချင်းချင်းဖုန်းခေါ်ဆိုခြင်း၊ SMS ပို့ခြင်းနှင့် ဒေတာအသုံးပြုခြင်းများအတွက် သုံးသလောက်ပေးအစီအစဉ်အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ရင်ဆိုင်နေရသော အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ရောဂါပျံ့နှံ့မှုကို အတူတကွတိုက်ဖျက်နိုင်ရန်အတွက် Mytel အနေဖြင့် မိမိတို့၏သုံးစွဲသူများနှင့် အစိုးရအားတစ်ထောင့်တစ်နေရာမှ တက်စွမ်းသရွေ့ကူညီပံ့ပိုးသွားမည်ဖြစ်ကာ Mytel သည် ဆန်းသစ်သောတီထွင်မှုများနှင့် ဝန်ဆောင်မှုများ၏ ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအာရုံစိုက်လျက် မြန်မာပြည်သူတို့အတွက် ကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးနိုင်ရန် ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

HM-ဆ.သ.ရ

# အားလုံးနဲ့အတူ အဆက်အသွယ်မပြတ်ရှိနေဖို့အတွက် အူရီဒူးရဲ့ အထူးအစီအစဉ်များ

အူရီဒူးမြန်မာသည် COVID-19 ရောဂါဖြစ်နေတဲ့ ခက်ခဲနေတဲ့အချိန်မှာ အန္တရာယ်ကင်းဖို့နဲ့ အားလုံးနဲ့အတူ အဆက်အသွယ်မပြတ်ရှိနေဖို့ဟာ အရေးကြီးကြောင်းကို နားလည်သည့်အတွက် ယခုအခါတွင် အူရီဒူးမှ ယခင်ကထက်ဈေးနှုန်း ပိုမိုသက်သာသည့် ဒေတာ Pack များ၊ ဖုန်းခေါ်ဆိုရန် voice pack များနှင့် မိမိကြိုက်နှစ်သက်ရာနည်းဖြင့် ဖုန်းငွေဖြည့်ပြီးရရှိမည့် ဖုန်းငွေဖြည့်အပိုလက်ဆောင်များကို အထူးအစီအစဉ်များအဖြစ် ဝန်ဆောင်မှုပေးအပ်လိုက်ပြီဖြစ်သည်။

အူရီဒူးဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ပုံမှန်ငွေဖြည့်ကတ်များဖြင့် ဖြစ်စေ၊ E top-up ဖြင့်ဖြစ်စေ၊ My Ooredoo App ကနေဖြစ်စေ မိမိကြိုက်နှစ်သက်သည့်နည်းလမ်းဖြင့် ဖုန်းငွေဖြည့်လိုက်တိုင်း ဖုန်းငွေဖြည့်အပိုလက်ဆောင် ၁၂၀% ကို ရရှိနိုင်မှာဖြစ်သည်။ ရရှိထားသော ဖုန်းငွေဖြည့်အပိုလက်ဆောင်ကို သုံးသလောက်ပေးနှုန်းထားဖြင့် ဒေတာအသုံးပြုခြင်းနှင့် အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခြင်းတို့ကို ၅ ရက်တာ အသုံးပြုနိုင်မှာဖြစ်သည်။

အူရီဒူးအနေဖြင့် 4G LTE TURBO နည်းပညာဖြင့် နိုင်ငံတစ်ဝန်းတွင် အဆင့်မြှင့်တင်ပေးအပ်ခဲ့ကာ 1GB ကို ၉၉၉ ကျပ်သာ ကျသင့်မည့် စတင်ဝန်ဆောင်မှုပေးလိုက်သည့် ဒေတာ Pack အသစ်ဖြင့် မိုဘိုင်းကွန်ရက်ကို အသုံးပြုပြီး အကောင်းဆုံးအင်တာနက်အစီအစဉ်များကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ၇၅၀MB ကို ၇၉၉ ကျပ်သာ ကျသင့်သည့်အစီအစဉ်မှစပြီး ၂၀GB ကို ၉,၉၉၉ သာကျသင့်မည့် အစီအစဉ်အထိ ဒေတာ Pack အမျိုးအစားသစ် (၆)မျိုးရှိပြီး လိုအပ်ချက်ပေါ်မူတည်၍ ကြိုက်နှစ်သက်ရာ ဒေတာ Pack ကို *140# ကိုဖုန်းခေါ်ဆို၍ဖြစ်စေ၊ My Ooredoo App မှတစ်ဆင့်ဖြစ်စေ ဝယ်ယူနိုင်ပါသည်။ အဆိုပါ ဒေတာ Pack များသည် အသုံးပြုရန်ကျန်ရှိနေသောဒေတာကို ယခင်ကကဲ့သို့ သက်တမ်းမကုန်ခင်တွင် အစီအစဉ်သစ်တစ်ခုထပ်ဝယ်ခြင်းဖြင့် သက်တမ်းတိုးနိုင်မည်ဖြစ်သည်။

"မိနစ်အကန့်အသတ်မရှိ ဖုန်းခေါ်ဆိုမှုအစီအစဉ်" ကို အသုံးပြုသူများအနေဖြင့် အူရီဒူးအချင်းချင်း အကန့်အသတ်မရှိ ဖုန်းခေါ်ဆိုနိုင်ရန် ၉၉၉ ကျပ်ဖြင့် ဝန်ဆောင်မှုပေးအပ်ထားသည်။ အဆိုပါ ဖုန်းခေါ်ဆိုမှုအစီအစဉ် voice pack များမှာ အမျိုးအစား (၅)မျိုးရှိပြီး မိမိတို့နှစ်သက်ရာကို ရွေးချယ်ဝယ်ယူနိုင်သည်။ ၎င်းတို့အနေဖြင့် *150# ကိုဖုန်းခေါ်၍ဖြစ်စေ My Ooredoo App မှတစ်ဆင့်ဖြစ်စေ voice pack ကို ဝယ်ယူနိုင်သည်။

HM-ဆ.သ.ရ



# COVID-19 ရောဂါကာကွယ်ရေး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန်ကိစ္စများ ထုတ်ပြန်



မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ COVID-19 ရောဂါ နိုင်ငံအတွင်းကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးနှင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရည်ညွှန်းချက်ပါစာဖြင့် ညွှန်ကြားလာပါသဖြင့် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရန် ယင်းဌာနမှအသိပေးအကြောင်းကြားထားသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ COVID-19 ရောဂါကာကွယ်ရန်အတွက် ဝန်ထမ်းလိုင်းခန်းတွင်နေထိုင်သူ ဝန်ထမ်းများအား မိမိနေထိုင်သည့် ဝန်ထမ်းလိုင်းခန်းသို့ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြင်ပမှဧည့်သည်များ (ဆွေမျိုးများ၊ အသိမိတ်ဆွေများ)၊ ပြင်ပမှပြန်ရောက်လာသည့်သူများ မည်သူမျှ တည်းခိုခြင်း/ လာရောက် လည်ပတ်ခြင်းမပြုရန်၊ ပြည်ပမှပြန်လာသည့် ဧည့်သည်များ၊ COVID-19 ရောဂါဖြစ်ပွားနေသည့်ဒေသမှ လာရောက်သည့်ဧည့်သည်များ နေထိုင်ခြင်းတွေ့ရှိပါက ဧည့်သည်အား ကျန်းမာရေးဌာနသို့ပို့ဆောင်မည်ဖြစ်ပြီး အိမ်သားများအား ၁၄ ရက်စောင့်ကြည့်၍ အိမ်ခန်းအမည်ပေါက်ဝန်ထမ်းများအား ဝန်ထမ်းစည်းကမ်းအရ၊ ၎င်းဝန်ထမ်းအိမ်ရာစည်းကမ်းများအရ ၎င်းအိမ်ခန်းအား ပြန်လည်သိမ်းဆည်းမည်ဖြစ်သည်။

ထို့နောက် မိမိကောလိပ်အတွင်းသို့ ရုံးတက်သည့် ဝန်ထမ်းများ/ ဧည့်သည်များအား အပူချိန်တိုင်းကိရိယာဖြင့်စစ်ဆေးပြီး သက်မှတ်အပူချိန်ကျော်လွန်ပါက ရုံးဝင်းအတွင်းသို့ ဝင်ရောက်ခွင့်မပြုကြောင်း အိမ်ရာနေဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအားလုံး လိုက်နာရန် ညွှန်ကြားထားသည်။

Transcom



# လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ကန့်သတ်ဆောင်ရွက်ချက်များ ညွှန်ကြား

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်လေဆိပ်များတွင် ခရီးသည်များအား ပို့ဆောင်/ ကြိုဆိုခြင်းအား ကန့်သတ်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ယင်းဌာနထံမှ သိရသည်။

ကမ္ဘာတစ်ဝှမ်း လတ်တလောဖြစ်ပွားနေသည့် ကူးစက်မြန်ရောဂါ (COVID-19) အား ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နိုင်ငံတော်သမ္မတရုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ ညွှန်ကြားချက်များနှင့်အညီ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်လေဆိပ်များတွင် ရောဂါကြိုတင်တားဆီးရေး ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလေဆိပ်များ၊ ဌာန/ အဖွဲ့အစည်းများအနေဖြင့် အထက်ဌာန/ အဖွဲ့အစည်းများ၏ညွှန်ကြားချက်များအား သိရှိလိုက်နာဆောင်ရွက်ရန်အကြောင်းကြားခဲ့ပြီး ယခုအခါမြန်မာနိုင်ငံတွင် COVID-19 ရောဂါအတည်ပြုလူနာများအား စတင်တွေ့ရှိခဲ့ ပြီးဖြစ်သည့်အတွက် ရောဂါကြိုတင်ကာကွယ်တားဆီးနိုင်ရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့်နယ်လေဆိပ်များတွင် လေယာဉ်စီးခရီးသည် များမှအပ လေဆိပ် Terminal အတွင်းသို့ လိုက်ပါပို့ဆောင်ခြင်း၊ ကြိုဆိုခြင်းများအား (၂၉.၃.၂၀၂၀)ရက် (၀၀:၀၁) နာရီမှစ၍ ခွင့်မပြုကြောင်း ညွှန်ကြားချက်အား တိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက် သွားရန်အကြောင်းကြားထားသည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် COVID-19 ရောဂါကာကွယ်ရေးဆောင်ရွက်ရန်အတွက် ရုံးသို့အနည်းဆုံး အင်အားဖြင့်တက်ရောက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဌာနခွဲ၊ ဌာနစိတ်များအနေဖြင့် ရုံးသို့အနည်းဆုံးအင်အားဖြင့် တက်ရောက်ရမည့် ဝန်ထမ်းအရေအတွက်အား ပေးပို့သွားပါရန်နှင့် (၃၀.၃.၂၀၂၀) ရက်မှစ၍ ၎င်းအင်အားအတိုင်းသာ ထပ်မံ၍ ညွှန်ကြားမှုတစ်စုံတစ်ရာမရမချင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ နားရက်ရသည့် ဝန်ထမ်းများအနေဖြင့် တာဝန်ချိန်ကဲ့သို့ မိမိနေအိမ်တွင်သာ နေထိုင်ကြရမည်ဖြစ်ပြီး ရုံးလုပ်ငန်းလိုအပ်ချက်အရ လိုအပ်လျှင်လိုအပ်သလို တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Transcom

# မြန်မာအမျိုးသားလေကြောင်း COVID-19 ရောဂါကာကွယ်ရေးလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များ ထုတ်ပြန်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လတ်တလောဖြစ်ပွားနေသည့် ကူးစက်မြန်ရောဂါ (COVID-19) ကြောင့် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များထုတ်ပြန်ထားသဖြင့် အဆိုပါအချက်အလက်များအား မြန်မာအမျိုးသားလေကြောင်း (MNA) မှဝန်ထမ်းများ သိရှိလိုက်နာဆောင်ရွက်ရန် အဆိုပါဌာနမှ ထပ်ဆင့်ညွှန်ကြားထားသည်။

ယင်းဌာနမှ ရုံး/ ဌာနများအနေဖြင့် ရုံးချိန်အတွင်း လက်ရှိဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းကိုသာ တာဝန်ထမ်းဆောင်စေရန်၊ နားရက်ရသည့် ကျန်ဝန်ထမ်း ၅၀ ရာခိုင်နှုန်းအား မိမိတို့ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့် နေအိမ်စသည့်နေရာများတွင် တာဝန်ချိန်အဖြစ်သတ်မှတ်၍ မပျက်မကွက်နေထိုင်သွားရန်နှင့် လိုအပ်၍ခေါ်ယူပါက အချိန်နှင့်တပြေးညီ ရုံးသို့လာရောက်တာဝန်ထမ်းဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ရုံး/ဌာန၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်၊ မိမိတို့နေအိမ်နှင့် အနီးပတ်ဝန်းကျင်များတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) သံသယရှိသူကို တွေ့ရှိလျှင်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သံသယရှိလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အချိန်နှင့်တပြေးညီ အသိပေးအကြောင်းကြားပြီး ကြည်ဖြူလိုလားစွာဖြင့် ကျန်းမာရေးစစ်ဆေးမှုကို ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာသတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ နေအိမ်များသို့ ရပ်နီးရပ်ဝေးပြင်ပ ဧည့်သည်များလာရောက်လည်ပတ်မှုကို တတ်နိုင်သမျှလျှော့ချသွားရန်၊ ယခုကာလအတွင်း ဝန်ထမ်းများအနေဖြင့်တာဝန်မှအပ သက်ဆိုင်ရာ ရုံး/ ဌာနတို့၏ ခွင့်ပြုချက်မရှိဘဲ တာဝန်ကျရာဒေသမှထွက်ခွာခြင်းမပြုကြရန် မြန်မာအမျိုးသားလေကြောင်း (MNA)က ထပ်ဆင့်ညွှန်ကြားထားသည်။ အဆိုပါအချက်အလက်များမှာ COVID-19 ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့် ရုံးလုပ်ငန်းတာဝန်များအား အချိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း မြန်မာအမျိုးသားလေကြောင်း (MNA) မှ သိရသည်။



Transcom

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့ အခြေအနေများအား ၂၀၂၀ပြည့်နှစ် ဧပြီ (၃)ရက်က အပြန်အလှန်ဆွေးနွေးခဲ့သည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပဒုမ္မာလမ်းမှ ဒေါ်သူဇာဦး၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်မှ ရွှေ့ပြောင်းလုပ်သား စောင့်ကြည့်လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်နှင့် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရဲစခန်းဝန်းနေ ရဲတပ်ကြပ်ကြီး မင်းဇော်ဝင်းတို့က မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အများဆုံးပြန်လည်ဝင်ရောက်လာချိန်တွင် အကြီးမားဆုံးသော စိန်ခေါ်မှု၊ မြဝတီမြို့မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်မြန်မာအလုပ်သမားများ၏ ကျန်းမာရေးဗဟုသုတနှင့် COVID-19 နှင့်ပတ်သက်၍ နားလည်လက်ခံမှုအခြေအနေ၊ မြန်မာအလုပ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နေရပ်ပြန်မြန်မာအလုပ်သမားများ၏ အနာဂတ်အလုပ်အကိုင်အတွက် စိုးရိမ်ပူပန်မှုအခြေအနေနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ Quarantine ကာလပြီးမြောက်ပါက ကျန်းမာရေးထောက်ခံချက်ထုတ်ပေးရေး၊ ယာဉ်မောင်းများအား ကျန်းမာရေးအသိပညာပေးရေးနှင့် ကျန်းမာရေးအကာအကွယ်ပေးရေး၊ နေရပ်ပြန်မြန်မာနိုင်ငံသားများ အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ COVID-19 ဖြစ်ပွားနေချိန်၌ တစ်ဦးနှင့်တစ်ဦး စိတ်ပိုင်းဆိုင်ရာစည်းမှု ပိုမိုလိုအပ်နေချိန်တွင် ရုပ်ပိုင်းဆိုင်ရာကို ခွာနိုင်သမျှခွာ၍ နေထိုင်ရန်လိုအပ်ပါကြောင်း၊ ယခုစိန်ခေါ်မှုကို အကောင်းဆုံးကျော်လွှားနိုင်ရန် အခြေအနေအရကန့်သတ်ချက်များကို ညီညီညွတ်ညွတ်ဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်နိုင်မည်၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်မည်ဆိုလျှင် COVID-19 ပြန့်ပွားမှုကို လုံးဝ ရပ်ဆိုင်း၍မရသော်လည်း ထိန်းမနိုင်သိမ်းမရသည့်အဆင့်သို့ မရောက်ရှိအောင် မိမိတို့အနေဖြင့် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် တစ်ဦးချင်းတစ်ဦးချင်း တာဝန်သိစိတ်ဖြင့် ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အသိုင်းအဝိုင်းအတွက်၊ ကိုယ့်နိုင်ငံအတွက် ဝိုင်းဝန်းကြိုးစားကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

TCNJ

## နိုင်ငံတော်သမ္မတရုံးနှင့် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကြိုတင်ကာကွယ် တားဆီးရေးအတွက် လိုက်နာဆောင်ရွက်ရန် ညွှန်ကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတရုံးနှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတို့မှ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကြိုတင်ကာကွယ်တားဆီးရေးအတွက် လိုက်နာဆောင်ရွက်ရန်ကိစ္စများကို မတ်လ ၂၅ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ ဓာတ်ခွဲအဖြေအရ (၂၃-၃-၂၀၂၀) ရက်တွင် အမျိုးသားနှစ်ဦးနှင့် (၂၅-၃-၂၀၂၀) ရက်တွင် အမျိုးသားတစ်ဦးတို့၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ (COV-ID-19) တွေ့ရှိရသဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့် ရုံးလုပ်ငန်းအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရေးတို့အတွက် ရုံး/ ဌာနများအနေဖြင့် ရုံးချိန်အတွင်း လက်ရှိဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းကိုသာ တာဝန်ထမ်းဆောင်စေရန် နားရက်ရသည့် ကျန်ဝန်ထမ်း ၅၀ ရာခိုင်နှုန်းအား မိမိတို့ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့် နေအိမ်စသည့်နေရာများတွင် တာဝန်ချိန်အဖြစ်သတ်မှတ်၍ မပျက်မကွက်နေထိုင်သွားရန်နှင့် လိုအပ်၍ခေါ်ယူပါက အချိန်နှင့်တပြေးညီရုံးသို့ လာရောက် တာဝန်ထမ်းဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်သွားရန်၊ ရုံး/ ဌာန၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်၊ မိမိတို့နေအိမ်နှင့် အနီးပတ်ဝန်းကျင်များတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) သံသယရှိသူကို တွေ့ရှိလျှင် သော်လည်းကောင်း၊ မိမိကိုယ်တိုင်သံသယရှိလျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများမှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အချိန်နှင့်တပြေးညီ အသိပေးအကြောင်းကြားပြီး ကြည့်ဖြူလိုလားစွာဖြင့် ကျန်းမာရေးစစ်ဆေးမှုကိုပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)နှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏နေအိမ်များသို့ ရပ်နီးရပ်ဝေးပြင်ပဧည့်သည်များ လာရောက်လည်ပတ်မှုကို တတ်နိုင်သမျှလျှော့ချသွားရန်၊ ယခုကာလအတွင်း ဝန်ထမ်းများအနေဖြင့် တာဝန်မှအပ သက်ဆိုင်ရာရုံး/ ဌာနတို့၏ ခွင့်ပြုချက်မရှိဘဲ တာဝန်ကျရာဒေသမှ ထွက်ခွာခြင်းမပြုကြရန် ညွှန်ကြားထားသည်။

ယင်းညွှန်ကြားချက်များကို မတ်လ ၂၆ ရက်တွင် စတင်ဆောင်ရွက်ပြီး ပုံမှန်ဆောင်ရွက်ရမည့်နေ့ရက်ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ လိပ်မူပါဌာနများအနေဖြင့် မိမိလက်အောက်ဌာန အဆင့်ဆင့်ရှိ ဝန်ထမ်းများသို့ တိကျစွာလိုက်နာဆောင်ရွက်ရေး ထပ်ဆင့်ညွှန်ကြားပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှလည်း မိမိလက်အောက်ဌာန အဆင့်ဆင့်ရှိဝန်ထမ်းများသို့ တိကျစွာလိုက်နာဆောင်ရွက်ရေး ထပ်ဆင့်ညွှန်ကြားထားကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကြပ်မတ်ဆောင်ရွက်သွားရန် လမ်းညွှန်မှုအရအကြောင်းကြားထားသည်။

Transcom



"လက်ရှိ အချိန်မှာ မပြည်စုံတဲ့ကြားက စိတ်ဓါတ်မြင့်မြင့်မားမားနဲ့ ရှေ့တန်းက တိုက်ပွဲဝင်နေတဲ့ ဆရာဝန်၊ သူနာပြု ကျန်းမာရေး ဝန်ထမ်းတွေကို အထူးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ၎င်းတို့ဟာ ပြည်သူတွေအတွက်တိုက်ပွဲဝင်နေတဲ့ သူရဲကောင်းတွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့်အခြားဌာနဆိုင်ရာဝန်ထမ်းများ၊ နောက်ပြီးတော့ ဝိုင်းဝန်းကူညီပေးနေတဲ့ ပြည်သူတွေအားလုံးကို နိုင်ငံတော်ရဲ့ ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်"

{ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၀-၃-၂၀၂၀) ရက်နေ့တွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက် }

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID-19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့အစီရင်ခံ တင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

COVID-19 နဲ့ ပတ်သက်တဲ့ နောက်ဆုံးအခြေအနေများကို ကျွန်မတင်ပြအစီရင်ခံပါမယ်။ ဒီကနေ့ နံနက်မှာ ရောဂါရှိကြောင်းတွေ့ထားပြီး ဆေးရုံတင်ကုသနေတဲ့ (ယခုချိန်အထိ) လူနာ (၁၄)ယောက်အနက် (၁)ယောက် ကွယ်လွန်အနိစ္စရောက်သွားပါတယ်။ ကွယ်လွန်သွားသူမှာ ရောဂါအခံ (နှာခေါင်းကင်ဆာရှိပြီး) စင်္ကာပူနိုင်ငံမှ တစ်ဆင့် ဩစတြေးလျနိုင်ငံမှ မကြာမီက ပြန်ရောက်လာသူဖြစ်ပါတယ်။ COVID-19 ရဲ့ သဘောသဘာဝအရ ရောဂါအခံကြောင့်၊ အသက်အရွယ်ကြီးခြင်းကြောင့် ကိုယ်ခံစွမ်းအားနည်းနေသူများအတွက် အထူးစိုးရိမ်ရပါတယ်။ ဆေးကုသမှုနောက်ကျခြင်းကလည်း အန္တရာယ်ကိုပိုစေပါတယ်။ ဒါကြောင့် သံသယဖြစ်စရာလက္ခဏာတွေ ကိုယ်ပူ၊ ချောင်းဆိုး၊ အသက်ရှုကြပ်ခြင်းတွေ ဖြစ်နေပါက အမြန်ဆုံးကျန်းမာရေးဌာနကို ဆက်သွယ်ဖို့ လိုပါတယ်။

COVID-19 ရဲ့ အဆိုးရွားဆုံးအချက်ကတော့ ကူးစက်ပျံ့နှံ့မှုအလွန်မြန်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ရောဂါပိုးကပ်နေနိုင်ခြေရှိတဲ့သူတွေကို Quarantine ထားရတာပါ။ အခြားသူတွေနဲ့ မထိတွေ့ရအောင်၊ အခြားသူများကို မကူးစက်သွားရအောင်ပါ။ COVID-19 ကပြည်ပက စဝင်လာတယ်ဆိုပေမယ့် ပြည်တွင်းရောက်တော့ အချင်းချင်းထိတွေ့မှုကနေ အများကြီးအမြန်ကြီးပြန့်သွားနိုင်ပါတယ်။ အထိရောက်ဆုံးအကာအကွယ်၊ အထိန်းအချုပ်ကတော့ ထိတွေ့မှုတွေရှောင်ဖို့ပါပဲ။ ဒါကြောင့် အများနဲ့အနီးကပ်ဖြစ်ရမယ့်နေရာတွေကို မသွားပါနဲ့။ အိမ်ပြင်မှာပဲဖြစ်ဖြစ်၊ အိမ်တွင်းမှာပဲဖြစ်ဖြစ် လူစုလူဝေးရှောင်ပါ။ ဆွေမျိုးမိတ်ဆွေတွေစုပြီး အိမ်ထဲမှာဆုံကြ၊ နီးနီးကပ်ကပ်နေကြတာဟာ အပြင်ထွက်ပြီး လူအုပ်ထဲတိုးတာလိုပဲ အန္တရာယ်ရှိပါတယ်။ ဒီအချိန်မှာ "ဝေးလေကောင်းလေ" ဆိုတဲ့အသိနဲ့ ကိုယ့်ကျန်းမာရေးနဲ့ အများကျန်းမာရေးကို ဂရုစိုက်ကာကွယ်ပေးကြပါ။ တတ်နိုင်သမျှကိုယ့်အိမ်မှာပဲနေကြပါ။ အိမ်နေရာထိုင်ခင်း မကျယ်တဲ့ မိသားစုတွေအတွက် အခက်အခဲရှိမယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် အချိန်ကာလအတိုင်းအတာတစ်ခုထိကို ကျွန်မတို့ပြည်သူတွေအားလုံး စိတ်ကိုတင်းပြီး၊ အခက်အခဲတွေကိုသည်းခံကြ၊ တစ်ဦးချင်းတစ်ဦးချင်းတာဝန်သိစိတ်အပြည့်နဲ့ COVID-19 မပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးကြမယ်ဆိုရင် ဒီစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ Quarantine (၁၄)ရက် နေရမယ့် ပြည်သူတွေက ဒီအချိန်လေးကို အများအပေါ်စေတနာစိတ်နဲ့ သည်းခံကျော်ဖြတ်ပေးပါ။ Quarantine လုပ်ခံရတဲ့သူတွေဟာ ရောဂါကူးစက်ခံရနိုင်တဲ့ အနေအထားရှိသူတွေဖြစ်ပါတယ်။ ဒီတော့ Quarantine မှာနေပြီး ကျန်းမာရေးအခြေအနေ စောင့်ကြည့်ခံရတာဟာ ကိုယ့်အတွက်လည်း အကျိုးများပါတယ်။ ရောဂါလက္ခဏာလေးပေါ်လာတာနဲ့ ဆေးကုသမှုရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် စောစောသိရလို့ ကုသမှုအောင်မြင်ကိန်း မြင့်မားလာပါတယ်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ပါပဲ။

ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ကပ်ရောဂါကြီး (Big outbreak) ဖြစ်နိုင်တဲ့ ကြေညာချက်ထုတ်ပြန်ပြီးတဲ့နောက်ပိုင်း ပြည်သူများအကြားမှာ Lock Down လုံးဝပိတ်နှောင်မှု မလုပ်သေးဘူးလား တိုက်တွန်းနေကြသူများလည်းရှိကြပါတယ်။ ဒီလို တိုက်တွန်းမှုတွေကြောင့် ဘယ်တော့ Lock Down လုပ်မလဲဆိုပြီးတော့ စိုးရိမ်နေတာတွေလည်းရှိကြပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအကျိုးအတွက် လိုအပ်လျှင် အချို့သောနေရာတွေမှာ အသွားအလာကန့်သတ်ခြင်း အစီအစဉ် Community Quarantine ကဲ့သို့ ကန့်သတ်မှုမျိုးကို ဆောင်ရွက်ကောင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရန်ရှိလျှင်လည်း စားနပ်ရိက္ခာ၊ ဆေးဝါး စတာတွေမပြတ်လပ်စေရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယသမ္မတ(၁) ဦးစီးတဲ့ ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ Community Quarantine ရှိရင်လည်း စောနိုင်သမျှစောစောကြိုတင်ပြီးတော့ အသိပေးပါမယ်။ ပြည်သူများကနားလည်မှုရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

Covid-19 နဲ့ ပတ်သက်တဲ့ စီးပွားရေးအကျိုးဆက်တွေကိုတွက်ချက်ပြီး၊ ပြည်သူများထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်စေဖို့ နိုင်ငံတော်အစိုးရက အစီအစဉ်တွေချမှတ်ထားပါတယ်။ အလိုအပ်ဆုံးလုပ်ငန်းတွေအတွက် ချေးငွေပေးခြင်းတွေစနေပါပြီ။ အလုပ်သမားတွေကို လုပ်ခပေးနိုင်ဖို့၊ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ဖို့ ဖြစ်ပါတယ်။ COVID-19 ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက အချိန်ပြည့် အခြေအနေတွေကိုလေ့လာပြီး သင့်တော်တဲ့ အစီအစဉ်တွေချမှတ်အကောင်အထည်ဖော်နေပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေကို အစဉ်တစိုက်နားထောင်လိုက်နာကြဖို့လိုပါတယ်။ ကျွန်မတို့အားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်ကျန်းမာရေး၊ အခြားသူများ ကျန်းမာရေးနှစ်မျိုးလုံးအတွက် တာဝန်သိစိတ်အပြည့်အဝနဲ့ တစ်ညီတစ်ညွတ် တည်းကြိုးစားကြပါ။ ညီညွတ်ခြင်းဟာ အင်အား၊ ပြည်သူတွေဟာအဓိက၊ ပြည်သူတွေ ညီညီညွတ်ညွတ်နဲ့ လုပ်သင့်လုပ်ထိုက်တာအားလုံးကို လုပ်မယ်ဆိုရင် ကျွန်မတို့အတွက် အောင်မြင်ခြင်းတရားပါပဲ။

လက်ရှိအချိန် ကမ္ဘာ့နိုင်ငံအသီးသီးမှာ COVID-19 ကူးစက်ပြန့်ပွားမှုကို အပြင်းအထန်ရုန်းကန်ရင်ဆိုင်ရတဲ့အချိန်ဖြစ်တဲ့အားလျော်စွာ မြန်မာနိုင်ငံဟာလည်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုကြိုးပမ်းရာမှာ ပြည်သူများ မိမိတို့အသိစိတ်ဓာတ်နဲ့ ကျရာကဏ္ဍ၊ ဆိုင်ရာနယ်ပယ်၊ နိုင်ရာတာဝန်အသီးသီးက ပံ့ပိုးကူညီဆောင်ရွက်နေမှုများကို အားရကျေနပ်ဖွယ်ရာ တွေ့မြင်ရပါတယ်။ ကျွန်မတို့တွေရဲ့ စုပေါင်းအင်အားနဲ့ အတူတကွရင်ဆိုင်ကြမယ်ဆိုရင် ကပ်ရောဂါဘေးကို တည်ငြိမ်စွာ ရင်ဆိုင်ကျော်ဖြတ်နိုင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။

လက်ရှိအချိန်မှာ မပြည့်စုံတဲ့ကြားက စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ ရှေ့တန်းက တိုက်ပွဲဝင်နေတဲ့ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းတွေကို အထူးကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ၎င်းတို့ဟာ ပြည်သူတွေအတွက် တိုက်ပွဲဝင်နေတဲ့ သူရဲကောင်းတွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနဲ့ အခြားဌာနဆိုင်ရာဝန်ထမ်းများ၊ နောက်ပြီးတော့ ဝိုင်းဝန်းကူညီပေးနေတဲ့ ပြည်သူတွေအားလုံးကို နိုင်ငံတော်ရဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို မှီတင်းနေထိုင်သူများအားလုံး ကျန်းမာကြပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုးက ကင်းဝေးကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ စသည်ဖြင့်ပြောကြားခဲ့သည်။

TCNJ

# COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဖွဲ့စည်း

Coronavirus Disease COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို သမ္မတက မတ်လ ၃၀ ရက်က ဖွဲ့စည်းခဲ့ပြီးလုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကော်မတီကို ဒုတိယသမ္မတ (၁)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) တို့က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူး (၁) အဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။

COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားနေသည့် COVID–19 ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စနစ်တကျ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရာတွင် COVID–19 ရောဂါပိုးကူးစက်သူများတွေ့ရှိပါက ယင်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ စနစ်တကျ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရန်ဖြစ်သည်။ ထို့အပြင် ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေတစ်ခုထက်ပို၍လည်းကောင်း ကူးစက်ပြန့်ပွားမှုဖြစ်ပွားလာခဲ့ပါက ယင်းဒေသရှိပြည်သူများကို “COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ” ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍စတင်ဆောင်ရွက်ရန်၊ ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေသူများကို အမြန်ဆုံးဖော်ထုတ်၍ ရှာဖွေဖမ်းဆီးပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊ ပြည်သူများအတွင်း ဆေးဝါး၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက်ရရှိရေးအတွက် ဈေးတင်ရောင်းချနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်ရန်တို့လည်း ပါဝင်သည်။ “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ” ၏ အတွင်းရေးမှူးရုံးအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် အမြန်ဆုံးဖွင့်လှစ်၍ ကော်မတီ၏တာဝန်များကိုဆောင်ရွက်ခြင်း၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းလိုင်းများဖွင့်လှစ်ခြင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်လိုက်လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအကြား စနစ်တကျပေါင်းစပ်ညှိနှိုင်းခြင်းတို့ ဆောင်ရွက်ရန် စသည်ဖြင့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ Coronavirus Disease 2019 (COVID–2019) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာတွင် နိုင်ငံတော်သမ္မတရုံး၏ ၃၀.၁.၂၀၂၀ ရက်စွဲပါ ကြော်ငြာအမှတ် ၂၃/၂၀၂၀ ဖြင့် ဖွဲ့စည်းခဲ့သည့် “2019 Novel Coronavirus (2019 – NCov) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ” ကို ဖျက်သိမ်းကြောင်းလည်း ပါရှိသည်။

ES



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferences စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့သည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ရေဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဆင်ကူးကြီးကျေးလက် ကျန်းမာရေးဌာန သာယာကုန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ ဘက်စုံသားဖွားဆရာမ ဒေါ်နှင်းထက်ထက်နိုင်၊ လှိုင်သာယာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာခင်ရူပါစိုး၊ “အောင်” ပရဟိတအဖွဲ့တွင် လူမှုအကျိုးပြုလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်နေသော ဦးကောင်းမြတ်သူနှင့် We Love Yangon မှ ဦးဆန်းမောင်မောင်တို့က ၎င်းတို့ဒေသအတွင်း Home Quarantine ပြုလုပ်ထားသူများ၏ အခြေအနေ၊ COVID–19 ထိန်းချုပ်၊ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့်ပြောကြားရာတွင် ယခုအခါ တစ်ကမ္ဘာလုံး၌ တစ်ဦးချင်းစီက မိမိကိုယ်တိုင်ကာကွယ်ထိန်းသိမ်းရေးနှင့် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်မနေထိုင်ရေးသည် အရေးကြီးပါကြောင်း၊ Quarantine (၁၄)ရက်ကာလကို ကြည်ကြည်ဖြူဖြူလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Quarantine (၁၄)ရက်ကာလသည် များစွာကြန့်ကြာသည့်ကာလမဟုတ်ကြောင်း၊ Quarantine (၁၄)ရက်ကာလကို အခက်အခဲဟုရှုမြင်ပြီး ညွှန်ကြားချက်များကို မလိုက်နာပါက ယခု COVID–19 ကပ်ရောဂါကို မည်သို့မှ ကျော်လွှားနိုင်မည်မဟုတ်ကြောင်း၊ ယခုကဲ့သို့ အချိန်အခါမျိုးတွင် စိတ်ဓာတ်ခိုင်မာရမည်ဖြစ်ကြောင်း၊ ထိန်းမနိုင်သိမ်းမရအခြေအနေထိ မပြန့်ပွားအောင် ထိန်းချုပ်ထားနိုင်မည်ဆိုလျှင် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အတူတကွလက်တွဲရင်ဆိုင်ရန်းကန်ရင်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်များ ပိုမိုခိုင်မာလာမည် ဖြစ်ကြောင်း၊ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် ပြည်သူလူထုကိုသည်းခံပြီး ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို ၎င်းတို့ ရှင်းလင်းစွာနားလည်သည်အထိ ထပ်တလဲလဲ ရှင်းပြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် လူထုပါဝင်မှုမြင့်မားပါကြောင်း၊ တတ်နိုင်သမျှ ကူညီကြခြင်းသည် လွန်စွာတန်ဖိုးရှိသည့် အလေ့အထဖြစ်ကြောင်း၊ အားလုံးကိုကျေးဇူးတင်ရှိပါကြောင်း၊ တတ်နိုင်သမျှ လုပ်ဆောင်ပေးကြရန်နှင့် ပြည်သူများနားလည်အောင် ကြိုးစားပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

TCNJ



# COVID-19 ရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် မြန်မာ့သဘောကျင်းလုပ်ငန်း ဆောင်ရွက်

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သဘောကျင်းလုပ်ငန်းမှဆောင်ရွက်ထားရှိမှုများကို ဝန်ထမ်းများအား အသိပေးထားကြောင်းသိရသည်။

မြန်မာ့သဘောကျင်းလုပ်ငန်း၏ ရုံးချုပ်အဆောက်အဦ ကြော်ငြာသင်ပုန်းများ၊ လုပ်ငန်းခွင်ဧရိယာများနှင့် ဝန်ထမ်းအိမ်ရာ ကြော်ငြာသင်ပုန်းများတွင် (COVID-19) ကူးစက်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသော လက်ကမ်းစာစောင်များကပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကဖြန့်ဝေသော (COVID-19) ကူးစက်ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များအား ဝန်ထမ်းများသို့ ဖြန့်ဝေပေးခြင်း၊ ဝန်ထမ်းအိမ်ရာတိုက်များ၏ ဝင်ပေါက်များတွင် ကြော်ငြာထားရှိခြင်း၊ (Covid-19) ကူးစက်ရောဂါကာကွယ်ရေးလမ်းညွှန်ကိုအများမြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားခြင်းများဆောင်ရွက်ထားသည်။ ထို့နောက် မတ်လ ၁၀ ရက်တွင်လည်း မြန်မာ့သဘောကျင်းဝန်ထမ်းများအား 30 Ml Sanitizer တစ်ဗူးစီဖြန့်ဝေထားပြီး အဆိုပါဗူးအား Refill ပြန်လည်ထည့်ပေးခြင်းများအား ဆောင်ရွက်ထားသည်။ မြန်မာ့သဘောကျင်းလုပ်ငန်း၏ အဓိက ဝင်/ ထွက်ပေါက်တွင်လည်း ရုံးချုပ်အဆောက်အဦး၏အဝင်တွင် ဝန်ထမ်းအိမ်ရာ ဝင်/ထွက်ပေါက်များတွင်လည်းကောင်း၊ မတ်လ ၁၄ ရက်တွင် လက်ဆေး Basin များနှင့်လက်ဆေးရန်ဆပ်ပြာရေဗူးများထားရှိ၍ လက်ဆေးစေခြင်း၊ စနစ်တကျလက်ဆေးရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လက်ဆေးခြင်းနည်းစနစ်ပါ လက်ကမ်းစာစောင်များကပ်ထားခြင်းတို့အား ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ (၁၆.၃.၂၀၂၀) ရက် ညွှန်ကြားချက်အရ မြန်မာ့သဘောကျင်းလုပ်ငန်း ဝန်ထမ်းအိမ်ယာဝန်းအတွင်းရှိ မူလတန်းကြိုကျောင်းအား မတ်လ ၁၇ ရက်မှစ၍ ပိတ်ထားပြီးဖြစ်သည်။ မြန်မာ့သဘောကျင်းလုပ်ငန်း၏ ရုံးဌာန/ လုပ်ငန်းခွင် ဝင်ရောက်သူများအားလည်းကောင်း၊ ဝန်ထမ်းအိမ်ရာဝန်း အတွင်း ဝင်/ ထွက်မှုများအားလည်းကောင်း၊ အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေး၍ ထူခြားမှုတွေ့ရှိပါက ချက်ချင်းသတင်းပို့နိုင်ရန် စီစဉ်ထားရှိပြီး မြန်မာ့သဘောကျင်းလုပ်ငန်း၊ ရုံးဌာနချုပ်၊ အလုပ်ရုံ၊ ဝန်ထမ်းအိမ်ရာဝန်းများသို့ ပိုးသတ်ဆေးဖြန်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျှက်ရှိသည်။ မြန်မာ့သဘောကျင်းလုပ်ငန်းမှဝန်ထမ်းများသည် ဝန်ထမ်းအိမ်ရာတွင်နေထိုင်ကြသူများဖြစ်ပြီး ဝန်ထမ်းအိမ်ရာနှင့် ရုံးဌာနချုပ်/ အလုပ်ရုံတို့မှာ နီးသဖြင့် လမ်းလျှောက်၍လည်းကောင်း၊ စက်ဘီးစီး၍လည်းကောင်း ရုံးအတက်/ အဆင်း ပြုလုပ်ကြသူများဖြစ်သည်။

၅၀ ရာခိုင်နှုန်းအနားရသည့် ဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ရုံးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အသင့်ရှိပြီး လျှင်မြန်စွာလုပ်ငန်းဆောင်ရွက်နိုင်ရေး စီစဉ်ထားကာ ယခုကာလအတွင်း ဝန်ထမ်းများအနေဖြင့် တာဝန်မှအပ သက်ဆိုင်ရာရုံးဌာနတို့၏ ခွင့်ပြုချက်မရရှိဘဲ တာဝန်ကျရာဒေသမှ ထွက်ခွာခြင်းမပြုရေး၊ အိမ်ရာဝန်ထမ်း၏ နေအိမ်များသို့ ရပ်နီး၊ ရပ်ဝေး ပြင်ပဧည့်သည်များ လာရောက်လည်ပတ်မှုကို တတ်နိုင်သမျှ လျှော့ချသွားရေး၊ ထူးခြားမှုရှိပါက ချက်ချင်းသတင်းပို့ တင်ပြရေးတို့အားလည်းကောင်း၊ အောက်ခြေဝန်ထမ်းများအထိ သိရှိစေရေး ချပြအသိပေးထားကြောင်း သိရသည်။

Transcom

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ COVID-19 ရောဂါကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လတ်တလောဖြစ်ပွားနေသည့် ကူးစက်မြန်ရောဂါ (COVID-19) ကြောင့် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များ ထုတ်ပြန်ထားသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဝန်ထမ်းများလိုက်နာဆောင်ရွက်ရေးလုပ်ဆောင်လျှက်ရှိသည်။

ယင်းဌာနမှ ရုံးအပေါက်ဝတွင် လက်ဆေးဘေစင်များ၊ လက်ဆေးဆပ်ပြာများထားရှိခြင်း၊ ရုံးတက်ရောက်လာသည့်ဝန်ထမ်းများအား အပူချိန်တိုင်းကိရိယာဖြင့် အပူချိန်တိုင်းခြင်းများ လုပ်ဆောင်လျှက်ရှိပြီး သတ်မှတ်အပူချိန်ရှိမှသာရုံးအတွင်းသို့ ဝင်ခွင့်ပြုခြင်းများအပြင် ရုံးချိန်အတွင်း လက်ရှိဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းသာ တာဝန်ထမ်းဆောင်ရန် ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် covid-19 စဖြစ်သည့်အချိန် ဇန်နဝါရီလ ပထမပတ်လောက်မှစ၍ နိုင်ငံခြားသဘောအဝင်အထွက်မှာ ပုံမှန်အတိုင်းရှိနေပြီး သဘောများတွင် တာဝန်ထမ်းဆောင်နေသည့် ရေကြောင်းပြမှူးကြီးများ အန္တရာယ်ကင်းကင်းနှင့်ဆောင်ရွက်နိုင်ရန်အတွက် Mask များထုတ်ပေးခြင်း၊ အသားကပ်လက်အိတ်ထုတ်ပေးခြင်း၊ လက်ဆေးရည်ထုတ်ပေးခြင်းများ၊ သဘောပေါက်ရောက်သည့်အခါတွင်လည်း air-con နှင့် အလုံပိတ်ခန်းမထားဘဲ လေဝင်လေထွက်ကောင်းစေရန် တံခါးများဖွင့်ခိုင်းထားခြင်း၊ တံခါးဖွင့်ပြီး သဘောမောင်းခိုင်းခြင်း၊ captain နှင့် တပ်မကိုင် hand-man တို့ လက်ဆွဲနှုတ်ဆက်ခြင်း အနီးကပ်စကားပြောခြင်းများမလုပ်ခိုင်းခြင်း၊ အနည်းဆုံး သုံးပေအကွာမှ သဘောကို မောင်းဝင်/ မောင်းထွက်ခြင်းများ လုပ်ဆောင်ရန် ညွှန်ကြားထားသည်။

ထို့ပြင် သဘောတစ်စီး ပြည်တွင်းသို့ဝင်မည်ဆိုပါက မဝင်ခင် ၁၀ ရက်လောက်အလိုမှစ၍ သဘောဆိပ်ကမ်းကိုရောက်မည့် နေ့နှင့်အချိန်ခန့်မှန်းခြေအား သဘော captain ၏လက်မှတ်နှင့် email တို့နှင့်အတူ ဆိပ်ကမ်းအာဏာပိုင်မှ Agency ဌာနသို့ပို့ရသည်။ အဆိုပါဌာနမှလည်း သဘောပေါ်တွင်ရှိသည့် crew များ၊ သဘောသားများအကုန် အဖျားရောဂါလုံးဝမရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ သတင်းပို့ရသည်။ ဆိပ်ကမ်းမရောက်မီ ၇၂ နာရီအကြာ၊ ၄၈ နာရီအကြာ၊ ၂၄ နာရီအကြာနှင့် သဘောပင်လယ်ဝ၌ ကျောက်ချပြီးသည့်အချိန် စသဖြင့် captain ၏ လက်မှတ်နှင့် Declaration form ဖြင့်လေးကြိမ် တရားဝင် email ပို့ရသည်။ လက်ရှိတွင် ဆိပ်ကမ်းများသို့ နိုင်ငံခြားသဘောများမှ ဆောက်လုပ်ရေးပစ္စည်း၊ ဆီ စသည့် ကုန်ပစ္စည်းသယ်သဘောများ ဝင်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပြောင်း၊ ဆန် စသဖြင့် export ပြန်လုပ်သည့်ကုန်ပစ္စည်းများ တင်ပို့လျှက်ရှိကာ ခရီးသည်တင်သဘောနှင့် အပျော်စီးသဘောများက ဝင်ထွက်ခွင့်မပြုထားကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

Transcom





# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ COVID-19 ရောဂါကာကွယ်ရေး ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန်ကိစ္စများ ထုတ်ပြန်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဝန်ထမ်းများအား COVID-19 ရောဂါကာကွယ်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာနေထိုင်ဆောင်ရွက်ကြရန် ယင်းဌာနမှ အသိပေးအကြောင်းကြားထားသည်။

အဆိုပါဌာနမှ ဝန်ထမ်းများအား အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ Corona Virus Disease 2019 (COVID-19) နှင့်စပ်လျဉ်း၍ ပြည်သူလူထုများအား မမှန်မကန် သတင်းဖြန့်ဝေနေသည့် ကောလဟာလများကို မယုံကြည်ကြရန်၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်နှင့် မိမိပတ်ဝန်းကျင်တွင် သံသယလူနာတွေ့ရှိပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများတဆင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများအကြား ထင်ယောင်ထင်မှားဖြစ်စေသော သတင်းများ၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေမည့်သတင်းအမှားများ ဖြန့်ဝေသူများကိုဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေသည့်ကိစ္စများနှင့် စပ်လျဉ်း၍ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသည်။

Transcom

## မြန်မာ့မီးရထားမှ COVID-19 ရောဂါ ကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လတ်တလောဖြစ်ပွားနေသည့် ကူးစက်မြန်ရောဂါ (COVID-19) ကြောင့် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များထုတ်ပြန်ထားသဖြင့် အဆိုပါအချက်အလက်များအား မြန်မာ့မီးရထားမှ ဝန်ထမ်းများသိရှိလိုက်နာဆောင်ရွက်ရန် လုပ်ဆောင်ထားကြောင်း သိရသည်။

မြန်မာ့မီးရထားမှ ဝန်ထမ်းများအတွက် ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအပြင် ခရီးသည်များနှင့် အဓိကတိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် လက်မှတ်စစ်၊ လက်မှတ်သိမ်း၊ လက်မှတ်ရောင်းများအတွက် mask များ ထောက်ပံ့ပေးထားပြီး၊ ဘူတာရုံ လက်မှတ်စစ်ခန်းနှင့် မီးရထားရုံးများတွင် လက်ဆေးရည်၊ Hand Gel အရက်ပြန်များပြုလုပ်ပေးထားသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့မှလှူဒါန်းသည့် လက်ဆေးဆပ်ပြာများ၊ hand gel များအား ရန်ကုန်ဘူတာကြီးအပြင် မြို့ပတ်ဘူတာ ၅၅ ဘူတာတွင် ဖြန့်ဝေထားလျက်ရှိသည်။ ထို့ပြင် မီးရထားသွားလာစီးပွားရေးအသင်းမှ ဆပ်ပြာဆီများ၊ ဆပ်ပြာအခဲများ၊ မြန်မာ့မီးရထားရုံးချုပ်မှ mask ခုရေတစ်သောင်း၊ ပို့ဆောင်ရေးနှင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ mask ခုရေတစ်ထောင် ပံ့ပိုးပေးထားသည်။

လက်ရှိတွင် ရန်ကုန်ဘူတာကြီး၌ ခရီးသည်များ လက်ဆေးနိုင်ရန် ဘေစင်များ၊ လက်ဆေးဆပ်ပြာများ၊ hand gel များ နေရာအနှံ့အပြားတွင်ထားရှိ၍ ဘူတာအဝင်အဝတွင် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာရန် ဝန်ထမ်းများ တိုင်းတာရေးကိရိယာများထားရှိလျက်ရှိသည်။ ထို့ပြင် ရောဂါပိုးတွေ့ရှိသည့် ခရီးသည်များတွေ့ရှိပါက အသင့်ထားရန် သီးသန့်ခန်းတစ်ခန်းလုပ်ဆောင်ပေးထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

Transcom







## မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ COVID-19 ရောဂါ ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန် ကိစ္စများ ထုတ်ပြန်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လတ်တလောဖြစ်ပွားနေသည့် ကူးစက်မြန်ရောဂါ (COVID-19) ကြောင့် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များထုတ်ပြန်ထားသဖြင့် ၎င်းအချက်အလက်များအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ ဌာနခွဲ/ ဌာနစုများမှ ဝန်ထမ်းများသိရှိလိုက်နာဆောင်ရွက်ကြရန်ညွှန်ကြားထားသည်။

ထို့ပြင် မတ်လ ၁၂ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် 2019 Novel Corona Virus (COVID-19) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အရေးပေါ်အစည်းအဝေးတွင် နွေရာသီကာလအတွင်းဖွင့်လှစ်မည့် အစိုးရနှင့်ပုဂ္ဂလိကကျောင်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဖွင့်လှစ်သည့် သင်တန်းများအား ခေတ္တရပ်ဆိုင်းထားရေး ညွှန်ကြားထားသဖြင့် ယခုအခါ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ထုတ်ပြန်ထားသောညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။

Transcom

## မြန်မာအမျိုးသားလေကြောင်းလိုင်းမှ နိုင်ငံအတွင်း လူသုံးကုန်ပစ္စည်းများ မပြတ်မလပ်စေရေးနှင့် ကုန်စည်များ တင်ပို့နိုင်ရေးအတွက် ရန်ကုန်- ဘန်ကောက်- ရန်ကုန် စင်းလုံးငှား လေကြောင်းခရီးစဉ်ပျံသန်းမည်




COVID-19 ကြောင့် ပြည်ပခရီးစဉ်ပျံသန်းမှုရပ်ဆိုင်းထားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းက နိုင်ငံအတွင်း လူသုံးကုန်ပစ္စည်းများ မပြတ်လပ်စေရေးနှင့် ကုန်စည်များ ပို့နိုင်ရေးအတွက် စင်းလုံးငှားလေကြောင်းခရီးစဉ် ရန်ကုန်- ဘန်ကောက်- ရန်ကုန်အား ပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Cargo စင်းလုံးငှားခရီးစဉ်များကို ဧပြီလ ၃ ရက်၊ ၈ ရက်၊ ၁၁ ရက်၊ ၂၂ ရက်၊ ၂၅ ရက်နှင့် ၂၉ ရက်များတွင် ရန်ကုန်- ဘန်ကောက်- ရန်ကုန် ခရီးစဉ်များ ပျံသန်းသွားမည်ဖြစ်သည်။

“ကျွန်တော်တို့ဆီမှာ ခရီးသည်လေယာဉ်တွေကို ပဲပိတ်တာပါ။ ကွင်းပိတ်တာမဟုတ်ပါဘူး။ ခရီးသည်တင်လေယာဉ်တွေကိုတော့ အားလုံးရပ်ဆိုင်းထားတယ်။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ထားတာကတော့ Cargo Flight ပေါ့နော်။ နောက်ဆေးပစ္စည်းတွေ၊ အထောက်အကူပြုတဲ့ပစ္စည်းတွေရဲ့ လေယာဉ်ပျံတွေ၊ အရေးပေါ်ဆေးကုသမှုသွားတဲ့ ကိုယ်ပိုင်လေယာဉ်တွေ အဝင်အထွက်ကိုပဲပိတ်တာပါ။ ကျွန်တော်တို့အစီအစဉ် အရတော့ အဓိကဆေးနှင့် ဆေးပစ္စည်းတွေကို သယ်ဆောင်ပျံသန်းမှာပါ။နေ့တိုင်းလည်းပြေးဆွဲမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီလထဲမှာလည်း ခြောက်ခေါက်၊ခုနစ်ခေါက်ထပ်တော့မပိုပါဘူး။ အဓိကက ဟိုဘက်က ဆေးနှင့် ဆေးပစ္စည်းတွေလှူဒါန်းတဲ့ဟာတွေရှိတယ်။ ကျွန်တော်တို့ဆီကလည်း ဝယ်တဲ့ပစ္စည်းတွေရှိတယ်။ အဲဒါမျိုးကိုအဓိကထားပြီးတော့ သယ်ယူပို့ဆောင်ပေးတာဖြစ်ပါတယ်” ဟု လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် COVID-19 ရောဂါအား ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အပါအဝင် မြန်မာနိုင်ငံရှိ မည်သည့်လေဆိပ်များတွင်မဆို နိုင်ငံတကာမှ ခရီးသည်တင်လေယာဉ်များ ဆင်းသက်ခွင့်ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်၊ ညသန်းခေါင်မှစတင်ကာ ခွင့်ပြုတော့မည်မဟုတ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တဆိုင်းငံ့ထားသည်။

ပြည်ပခရီးစဉ်ပျံသန်းမှု ရပ်ဆိုင်းထားသည့် အချိန်ကာလတွင် နိုင်ငံအတွင်း လူသုံးကုန်ပစ္စည်းများ မပြတ်လပ်စေရေးနှင့် တင်ပို့ရမည့်ကုန်စည်များ တင်ပို့နိုင်ရန် Cargo စင်းလုံးငှားခရီးစဉ်များကို ပျံသန်းသွားမည်ဖြစ်ပြီး အဆိုပါ Cargo စင်းလုံးငှားခရီးစဉ်များတွင် ကုန်စည်များသာတင်ပို့နိုင်မည်ဖြစ်ပြီး ခရီးသည်များ လိုက်ပါနိုင်မည်မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် ကယ်ဆယ်ရေးလေယာဉ်များ၊ ကုန်တင်လေယာဉ်များ၊ ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးလေယာဉ်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အထူးခွင့်ပြုချက်ဖြင့် ဆင်းသက်သောလေယာဉ်များကိုမူ ဆင်းသက်ခွင့်ဆိုင်းငံ့ခြင်းတွင် ပါဝင်ခြင်းမရှိဘဲ ဆင်းသက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

Transcom

# ကျောက်ခေတ် ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ ကွင်းဆင်းရှာဖွေ ဖော်ထုတ်လျက်ရှိ

ရှေးဟောင်း သုတေသနဆိုင်ရာ စမ်းသပ်တူးဖော်ခြင်းနှင့် မြို့နယ်များအတွင်းရှိ ကျောက်ခေတ်အထောက်အထားများကို ကွင်းဆင်းရှာဖွေခြင်းများကို ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလများအတွင်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ကျောက်ခေတ်၊ ကြေးခေတ်၊သံခေတ်စသည်ဖြင့် မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုဖြစ်စဉ်အားလုံးကို စုံလင်စွာနှင့် ပိုမိုပြည့်စုံစွာဖော်ထုတ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဖော်ထုတ်လျက်ရှိသည်။ ယဉ်ကျေးမှုဖြစ်စဉ်များထဲမှ အစောဆုံးသော ယဉ်ကျေးမှုတစ်ခုဖြစ်သည့် ကျောက်ခေတ်ယဉ်ကျေးမှုကိုလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် လေ့လာကွင်းဆင်း၍ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်အပါအဝင် အရှေ့ဘက် ကုန်းမြင့်တစ်လျှောက်တွင် အတိတ်ကာလက ကျောက်ဂူများအတွင်း နေထိုင်ခဲ့ကြသည့် ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးကျော်ခိုင် (ကထိက) ဦးဆောင်၍ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်၊ ကလောမြို့နယ်နှင့် တောင်ကြီးမြို့နယ်အတွင်းရှိ ကျောက်ခေတ်အထောက်အထား ရှိနိုင်သော ကျောက်ခေါင်းကျောက်ဂူများ၊ လုံကာကုန်းနှင့် လူရိုးတောင်စသည့်နေရာဒေသများကို ရှေးဟောင်းသုတေသနဆိုင်ရာ စမ်းသပ်တူးဖော်ခြင်းနှင့် ထိုမြို့နယ်များအတွင်းရှိ ကျောက်ခေတ်အထောက်အထားများကို ကွင်းဆင်းရှာဖွေခြင်းများကို ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလများအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်ပြီး ပိုမိုပြည့်စုံသော ကျောက်ခေတ် အထောက်အထားများကို ဖော်ထုတ်နိုင်ရန်အတွက် ကျောက်ခေါင်း ကျောက်ဂူအမှတ် (၂)၊ လုံကာကုန်းနှင့် လူရိုးတောင်နေရာဒေသများကိုလည်း ရှေးဟောင်းသုတေသနဆိုင်ရာ စမ်းသပ်တူးဖော်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ES



# မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်း (၂၂) ခုအတွက် တရုတ်နိုင်ငံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၀) ဖြင့် မြန်မာနိုင်ငံဝန်ကြီးဌာန (၁၀) ခုမှ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်း(၂၂)ခု အတွက် ရန်ပုံငွေလွှဲပြောင်း လက်ခံလွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ်လ ၂၃ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်း (၂၂) ခုအတွက် အမေရိကန်ဒေါ်လာ (၆.၇) သန်းကျော် (၆,၇၈၈,၈၅၀/-)ကို လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သတင်းအချက်အလက်နည်းပညာ၊ တရားဥပဒေစိုးမိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တို့တွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ခြင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့မှ လက်မှတ်ရေးထိုးခဲ့ကြပြီး လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏ စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ (၄) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် ပေါင်းစည်းဆက်နွယ်ရေး၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဟူသည့် ဦးစားပေးနယ်ပယ် (၅)ခုဖြင့် စတင် ပူးပေါင်းဆောင်ရွက်လျက်ရှိခဲ့ရာမှနောက်ပိုင်းတွင် မဲခေါင်ဒေသ၏ လိုအပ်ချက်များအရ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင်လည်း တိုးချဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ (၂၀၁၇) ဖြင့် စီမံကိန်း (၁၀)ခုအတွက် အမေရိကန်ဒေါ်လာ ၂.၄ သန်းကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ(၂၀၁၈)ဖြင့် စီမံကိန်း (၁၉) ခုအတွက် အမေရိကန်ဒေါ်လာ ၇.၂ သန်းကိုလည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ ES

# ကုလသမဂ္ဂမှ မြန်မာနိုင်ငံသို့ COVID -19 ရောဂါပိုးစစ်ဆေးရန် Test Kits (၅၀,၀၀၀) ထပ်မံ ထောက်ပံ့မည်

COVID-19 ရောဂါပိုးစစ်ဆေးနိုင်ရန် ကုလသမဂ္ဂမှ မြန်မာနိုင်ငံသို့ Test Kits (၅၀,၀၀၀) ထပ်မံထောက်ပံ့မည်ဖြစ်ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂရုံးအနေဖြင့် လက်ရှိတွင် COVID-19 ရောဂါပိုးစမ်းသပ်စစ်ဆေးရန် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအတွက် Testing Kits စုစုပေါင်းအရေအတွက် (၅၀,၀၀၀) ကို ဝယ်ယူခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်လျက်ရှိကြောင်း ယင်းအရေအတွက်မှာ WHO နှင့် မိတ်ဖက်အဖွဲ့အစည်းများက အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအား အထောက်အပံ့ပေးခဲ့သော Testing Kits အရေအတွက် (၃,၀၀၀) ပေါ်တွင် ထပ်တိုးမှာယူပေးထားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ ဌာနေကိုယ်စားလှယ် လူသားချင်းစာနာထောက်ထားမှုညှိနှိုင်းရေးတာဝန်ခံ Ola Almgren က "ကုလသမဂ္ဂအနေဖြင့် အစိုးရ၏ရောဂါစစ်ဆေးရေး တိုးမြှင့်ဆောင်ရွက်ရန်ကြိုးစားအားထုတ်မှုများအား ဆက်လက်၍ အထောက်အပံ့ပေးရန် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပါသည်" ဟု ပြောသည်။

" ရောဂါစစ်ဆေးခြင်းသည် အစိုးရ၏ COVID-19 ဖြစ်စဉ်များအား အချိန်အဟုန်တိုးမြှင့်ဖော်ထုတ်နိုင်စေရန် နှင့် ရောဂါကူးစက် ပြန့်ပွားမှုထိန်းချုပ်ရာတွင်လည်း အကူအညီပေးပါသည်" ဟု ၎င်းကပြောသည်။

ကုလသမဂ္ဂအနေဖြင့် COVID-19 ခြိမ်းခြောက်မှုအား အစိုးရ၏ ထိန်းချုပ်ရန်ကြိုးစားအားထုတ်ဆောင်ရွက်မှုများအား အထောက်အပံ့ပေးရန်သော်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်ချက်များအား အထောက်အပံ့ပေးရန်သော်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်ချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအားလည်း မိတ်ဖက်အနေဖြင့် မလျှော့သောအားထုတ်မှုဖြင့် ဆက်လက်ဆောင်ရွက်ရန် အပြန်အလှန်ခိုင်ခိုင်မာမာ ရပ်တည်ပေးလျက်ရှိသည်" ဟု Mr. Almgren က ထပ်လောင်းပြောကြားသည်။

BPO

# COVID-19 ကြောင့် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းအပေါ် သက်ရောက်မှုများကို ကုစားနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

COVID-19 ကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို ကုစားနိုင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) နှင့် မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်း (မန္တလေးဇုန်) တို့မှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများအားလည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အားလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) တို့မှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများအားလည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် COVID-19 ကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို ကုစားနိုင်ရေးနှင့်စပ်လျဉ်း၍ မတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာရုံးခွဲတာဝန်ခံများ တက်ရောက်ကြကြောင်း သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဦးတင်လတ်က ယခုကြုံတွေ့နေရသည့် COVID-19 ကာလတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသာမက ဆက်စပ်လုပ်ငန်းများအပေါ်တွင် များစွာထိခိုက်လျက်ရှိရာ သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အခက်အခဲကြုံတွေ့နေရသည်ကိုသိရှိပါကြောင်း၊ ထိုကဲ့သို့ ထိခိုက်မှုများကို နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ထိရောက်စွာပံ့ပိုးပေးရန်အတွက် အချက်အလက်များကောက်ခံရန်ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအပြင် ဆက်စပ်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းထိခိုက်ရမှုများကို စနစ်တကျတင်ပြနိုင်ရန်လိုအပ်ပြီး သက်ဆိုင်ရာအသင်းအဖွဲ့များက ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး မေတ္တာရပ်ခံလိုပါကြောင်း၊ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ကူညီပံ့ပိုးမှုရရှိစေရေးအတွက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ COVID-19 ကြောင့် လတ်တလောစီးပွားရေးထိခိုက်မှုအများဆုံး ခံစားရသည့် လုပ်ငန်းကဏ္ဍများအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့် ကဏ္ဍများအဖြစ် သတ်မှတ်၍ ချေးငွေများထုတ်ချေးပေးရန် ဆောင်ရွက်လျက်ရှိရာ လိုအပ်မည့် ဘဏ္ဍာအရင်းအမြစ်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအသီးသီး ဆောင်ရွက်နေမှုနှင့် လိုအပ်သည့် ကိန်းဂဏန်းများကိုတိတိကျကျ ကောက်ခံထားရှိတင်ပြရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနလျာထားရန်ပုံငွေမှကျခံ၍ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများအတွက် အခြေခံသင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် အရည်အသွေးမြှင့်သင်တန်းများ ပို့ချနိုင်ရန်သာမက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နယ်ပယ်များမှ လက်လုပ်လက်စားလုပ်သားများကိုပါ ခရီးသွားဝန်ဆောင်မှုသင်တန်းများ ပို့ချသွားနိုင်ရန် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၎င်းတို့၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများ၊ COVID-19 ကြောင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများနှင့် COVID-19 အလွန်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရန်လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ ES

# တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ပြည်သူတို့အတွက်လိုအပ်သော ဆောင်ရွက်မှုများအားလုံး ကြိုတင်ပြင်ဆင်ထား

COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် လိုအပ်သောဆောင်ရွက်မှုများအားလုံး ကြိုတင်ပြင်ဆင်ထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောသည်။

ကမ္ဘာ့ကပ်ရောဂါ COVID-19 နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြည်သူများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များအတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ်လ ၃၀ ရက်က နေပြည်တော်ရှိတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး အစည်းအဝေး၌ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာ့ကပ်ရောဂါ COVID-19 သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွား၍ ဝူဟန်ဗိုင်းရပ်စ်ဟုခေါ်ဆိုခဲ့ကာ ယခုအခါကမ္ဘာအနှံ့ပြန့်နှံ့ဖြစ်ပွားလျက်ရှိကြောင်း၊ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO)က အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern)အဖြစ် ကြေညာခဲ့ကြောင်း၊ Coronavirus Disease 2019 (COVID-19)ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့်ကူးစက်ရောဂါဟု ဖေဖော်ဝါရီလ ၂၈ ရက်တွင် သတ်မှတ်ခဲ့ကာ မတ်လ ၁၁ ရက်တွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ကြေညာခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဝူဟန်မြို့၌ရောဂါစတင်ဖြစ်ပွားချိန်ကတည်းကပင် မျက်ခြေမပြတ်စောင့်ကြည့်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံတွင် တပ်မတော်တစ်ရပ်တည်း ရပ်တည်၍မရဘဲ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုပါ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည်ဖြစ်ရာ အများပြည်သူနှင့် သက်ဆိုင်သောနေရာများကို ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်သည်များဆွေးနွေး ကြရန် ဖြေကြားခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကသတင်းထုတ်ပြန်သည်။

ယင်းအပြင် အများပြည်သူများနှင့်သက်ဆိုင်သောနေရာများ၊ အင်အားများပြားသော ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများ၊ စာသင်တိုက်များကို အထူးဂရုစိုက်ဆောင်ရွက်ပေးရန်နှင့် ဆွမ်း၊ ကွမ်းလိုအပ်ချက်များ မရှိရလေအောင် အခြေခံစားကုန်ဖြစ်သော ဆန်၊ ဆီ၊ ပဲနှင့် ဆေးဝါးများကို လှူဒါန်းပေးကြရန်လိုကြောင်း၊ အလားတူပင် အခြားသော ဘာသာများဖြစ်သည့် ခရစ်ယာန်ကျောင်းများ၊ ဟိန္ဒူဘုရားကျောင်းများ၊ ဗလီများကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မိမိတို့တပ်၊ ဌာနချုပ်နေရာဒေသအလိုက်ရှိ ဆေးရုံ၊ ဆေးခန်းများနှင့်လည်း မပြတ်ဆက်သွယ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တပ်ပြင်ထွက်ခြင်း၊ တပ်ပြင်မှ တပ်တွင်းသို့ ဝင်ရောက်ခြင်းများနှင့်ပတ်သက်၍ စည်းကမ်းချက်များအတိုင်း တိတိကျကျ လိုက်နာကြစေရန် စနစ်တကျကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် တပ်မတော်သားများ၊ မိသားစုများအနေဖြင့် သတင်းမှားများ၊ ကောလာဟလသတင်း၊ မှန်းဆသတင်းများကို နားမယောင်ကြဘဲ သတင်းမှန်များသိရှိနိုင်ရန်နှင့် အသိပညာပေးထုတ်လွှင့်မှုများအား မြဝတီရုပ်သံလိုင်းများ၊ ရေဒီယိုအသံလွှင့်ဌာနများ၊ သတင်းစာများ၊ Online WebPortal များတွင် အချိန်နှင့်တစ်ပြေးညီစဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြပေးရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်းသိရသည်။

တပ်မတော်အတွင်း COVID-19 ရောဂါကူးစက်ခံရသူ၊ ရောဂါပိုးတွေ့ရှိသူမရှိသေးဘဲ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ၊ ပြည်ပမှပြန်လည်ရောက်ရှိလာသူများနှင့် တွေ့ဆုံမှုရှိကြသော သံသယရှိသူများကို Hospital Quarantine စောင့်ကြည့်သူ စစ်သည် (၆) ဦး၊ မိသားစုဝင် (၁၈) ဦး စုစုပေါင်း (၂၄) ဦး၊ Home or Facility Quarantine စောင့်ကြည့်သူအရာရှိ (၂၉) ဦး၊ စစ်သည် (၁၁) ဦး၊ မိခို (၃)ဦး စုစုပေါင်း (၄၃) ဦးရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်မှုတွင် ဖော်ပြသည်။

BPO

# သီလဝါ အထူးစီးပွားရေးဇုန်တွင် Suzuki ကား စက်ရုံအသစ် တည်ဆောက်မည်




Suzuki Motor Corporation သည် သီလဝါအထူးစီးပွားရေးဇုန်တွင် CKD (အလုံးစုံတပ်ဆင်သည့်စနစ်) ဖြင့် ထုတ်လုပ်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် စတင်လည်ပတ်ရန် ရည်မှန်းထားကာ နှစ်စဉ်ကားအစီးရေ ၄၀,၀၀၀ ခန့် ထုတ်လုပ်နိုင်မည့်စက်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း Suzuki Thilawa Motor Co.,Ltd မှသိရသည်။

Suzuki Thilawa Motor Co.,Ltd သည် SKD (တစ်စိတ်တစ်ပိုင်းတပ်ဆင်စနစ်)ဖြင့် မော်တော်ယာဉ်များကို ထုတ်လုပ်တပ်ဆင်၍ ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချလျက်ရှိရာမှ CKD (အလုံးစုံတပ်ဆင်သည့်စနစ်ဖြင့် ထုတ်လုပ်တပ်ဆင်ရန် Wedding Process, Painting Process နှင့် Assembly Process တို့ပါဝင်သည့် စက်ရုံအသစ်ကိုတည်ဆောက်သွားမည်ဖြစ်သည်။

Suzuki သည် ၁၉၉၈ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ ရင်းနှီးမြှုပ်နှံခဲ့ပြီး ၁၉၉၉ တွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို အစိုးရနှင့် ဖက်စပ်အဖြစ် ထုတ်လုပ်တပ်ဆင်ရောင်းချခြင်းဖြင့် လုပ်ငန်းများစတင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် Suzuki (Myanmar) Motor Co.,ltd နှင့် Suzuki Thilawa Motor Co.,ltd တို့အဖြစ် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံကာ လက်ရှိတွင် တောင်ဒဂုံစက်ရုံနှင့် သီလဝါစက်ရုံတို့တွင် Carry, Ciaz, Ertiga နှင့် Swift ကားအမျိုးအစားများကို ထုတ်လုပ်လျက်ရှိသည်။

၂၀၁၉ ခုနှစ် တစ်နှစ်လုံးတွင် မြန်မာနိုင်ငံ၌ ကားအစီးရေ ၁၃,၃၀၀ စီးကိုထုတ်လုပ်ခဲ့ရာ ယခင်နှစ်ထက် ၁၂၅ ရာခိုင်နှုန်း တိုးထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကားသစ်ရောင်းချမှုတွင် ဈေးကွက်ရှယ်ယာ ၆၀.၃ ရာခိုင်နှုန်းရရှိခဲ့ပြီး အစီးရေ ၁၃,၂၀၆ စီးကိုရောင်းချနိုင်ခဲ့ရာ ယခင်နှစ်ထက် ၁၂၈ ရာခိုင်နှုန်း တိုးတက်ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ BPO

# ပုဂံဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှု (၃၇၅)ဆူ ပြီးစီး

၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) ရက်အထိ အနည်းငယ်သာ ထိခိုက်ပျက်စီးသော ဘုရားပုထိုး(၂၂၄)ဆူနှင့် ရှေးမူမပျက်ထိန်းသိမ်းပြီးဖြစ်သော (၁၅၁)ဆူ၊ စုစုပေါင်း (၃၇၅) ဆူကို လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှသိရသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက် (၁၇:၀၅)နာရီတွင် ရစ်ချ်စတာစကေး (၆.၈) အဆင့် မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံ၊ မြောက်ဦး၊ စစ်ကိုင်း၊ မကွေးစသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများရှိ ရှေးဟောင်းအဆောက်အအုံအချို့ ပျက်စီးမှုရှိခဲ့ရာ အများဆုံးပျက်စီးမှုမှာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်ပြီး ကွင်းဆင်းစာရင်း စစ်ဆေးကောက်ခံမှုအရ (၃၈၉) ဆူပျက်စီးခဲ့ပါသည်။

ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်များ ဆောင်ရွက်ရာတွင် UNESCO၊ နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များ၏ အကြံပြုချက်များ၊ Advisor Team ၊ Expert Teamတို့၏ အကြံပြုဆွေးနွေးချက်များ၊ ငလျင်အလွန် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခဲ့သည့် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုဖိုရမ် (Technical Coordination Forum)နှင့် Bagan International Coordination Committee တို့၏ ဆွေးနွေးညှိနှိုင်းချက်များကို ဌာနအနေဖြင့် လိုက်နာကာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ဘာသာရေး ကိုးကွယ်ယုံကြည်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များအနေဖြင့် ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အလောတကြီးမပြုပြင်ရန်နှင့် ရှေးမူလက်ရာမပျက်ထိန်းသိမ်းရန်စသည့် ချမှတ်ထားသည့်မူအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁)ရက်အထိအနည်းငယ်သာ ထိခိုက်ပျက်စီးသော ဘုရားပုထိုး (၂၂၄) ဆူနှင့် ရှေးမူမပျက်ထိန်းသိမ်းပြီးဖြစ်သော (၁၅၁)ဆူ၊ စုစုပေါင်း (၃၇၅) ဆူကိုလုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကာ (၁၄) ဆူကို ပြုပြင်ထိန်းသိမ်းရေး ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှသိရသည်။ ES

# ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ကောက်ခံခြင်း ကင်းလွတ်ခွင့်ပြု


COVID-19 ကြောင့်စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာရေးအတွက် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကောက်ခံခြင်း ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)ဖြင့် ထုတ်ပြန်ထားသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ပြည်တွင်းမှပြည်ပသို့ဖြစ်စေ၊ ပြည်ပမှပြည်တွင်းသို့ဖြစ်စေ ကုန်စည်များတင်ပို့ခြင်း (သို့မဟုတ်) တင်သွင်းခြင်းပြုသည့်အခါ ယင်းကုန်စည်များအတွက် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ကောက်ခံမည့်နှုန်းထားနှင့် နည်းလမ်းများကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၈/ ၂၀၁၉ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လျက်ရှိသော (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်း သက်သာလာစေရေးအတွက် ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၉ ပါ ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုကြောင်း၊ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။

COVID-19 ကြောင့် စီးပွားရေး ထိခိုက်မှုအများဆုံး ခံစားရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ကို အတိုးနှုန်းတစ်ရာခိုင်နှုန်းဖြင့် ကနဦးမတည် ရန်ပုံငွေကျပ်ဘီလျံ ၁၀၀ ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

BPO



# မြန်မာ့လူဦးရေ ၅၄ ဒသမ ၅၈ သန်းရှိလာ

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကို အခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ (၅၄.၅၈)သန်းဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ဧပြီ ၁ ရက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ ကချင်ပြည်နယ်တွင် ကျား၊ မ စုစုပေါင်း ၁.၉၂ သန်း၊ ကယားပြည်နယ်တွင် သုညဒသမ ၃၃ သန်း၊ ကရင်ပြည်နယ်တွင် ၁ ဒသမ ၆၁ သန်း၊ ချင်းပြည်နယ်တွင် သုညဒသမ ၅၂ သန်းရှိကြောင်း ထုတ်ပြန်ချက်အရသိရပြီး ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅ ဒသမ ၅၉ သန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁ ဒသမ ၄၉ သန်း၊ မကွေးတိုင်းဒေသကြီးတွင် ၃ ဒသမ ၉၃ သန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၆ ဒသမ ၅၄ သန်းတို့ဖြစ်သည်။

မွန်ပြည်နယ်တွင် ၁ ဒသမ ၉၉ သန်း၊ ရခိုင်ပြည်နယ်တွင် ၃ ဒသမ ၃၄ သန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၈ ဒသမ ၃၉ သန်း၊ ရှမ်းပြည်နယ်တွင် ၆ ဒသမ ၄၃ သန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၂၇ သန်းနှင့် နေပြည်တော်ကောင်စီနယ်မြေတွင် ၁ ဒသမ ၂၉ သန်းတို့ဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အင်ဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်ကြီး၏ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက်ခန့်မှန်း လူဦးရေစာရင်းကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်းသိရသည်။ BPO

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွင်း CNG ကုဗပေသန်း ၈၀၀၀ ကျော်အထိ ရောင်းချပေးမည်

ပြည်သူများ ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မော်တော်ယာဉ်သုံး CNG ရောင်းချမှု တိုးမြှင့်မည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် CNG ကုဗပေသန်း ၆၇၀၀ ကျော် ရောင်းချပေးခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုဗပေသန်း ၈၀၀၀ ကျော်အထိ ရောင်းချပေးမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။



ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သဘာဝဓာတ်ငွေ့ CNG ဖြန့်ဖြူးမှုကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်စီးရေ ၂၀၀၀၀ ကျော်ကို နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၂၃ သန်းခန့်အသုံးပြု၍ တစ်ကီလိုဂရမ်လျှင် ၂၇၃ ဒသမ ၂၅ ကျပ်နှုန်းဖြင့် နေ့စဉ်ကီလိုဂရမ် ၅ သိန်းကျော် ရောင်းချပေးလျက်ရှိသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် သဘာဝဓာတ်ငွေ့ကို ၁၉၈၆ ခုနှစ်အတွင်း အရောင်းဆိုင်သုံးဆိုင်ဖြင့် စတင်ရောင်းချခဲ့ရာမှ ယခုအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင်နှစ်ဆိုင်နှင့် မကွေးတိုင်းဒေသကြီးတွင် အရောင်းဆိုင်သုံးဆိုင်အထိ တိုးတက်လာခဲ့သည်။

ယခုအခါ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့သောအရောင်းဆိုင်များ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် CNG ဆိုင်နေရာသစ်များ ထပ်မံဖွင့်လှစ်နိုင်ရေးကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် CNG အရောင်းဆိုင်များတွင် နည်းပညာဖြင့် CNG Compressor စက်သစ်များ အစားထိုးတပ်ဆင်ထားသောကြောင့် ဓာတ်ငွေ့ဖြည့်တင်းမှု ပိုမိုမြန်ဆန်လာပြီး အရောင်းဆိုင်ပြင်ပလမ်းပေါ်တွင် ယာဉ်စီတန်းမှုလျော့နည်းလျက်ရှိကြောင်း သိရသည်။

ဖွဲ

# မြန်မာ့စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နည်းလမ်းများ စံနှုန်းသတ်မှတ်နိုင်ရန် METRO မှ ဆောင်ရွက်မည်

METRO

မြန်မာ့စားသောက်ကုန်ကဏ္ဍအတွက် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အကောင်းဆုံးနည်းလမ်းများကို စံနှုန်းသတ်မှတ်နိုင်ရန် METRO Wholesale Myanmar က ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာပြည်သူလူထု၏ ဘဝအရည်အသွေးတိုးတက်ရေးသည် METRO Myanmar ၏ အဓိကအုတ်မြစ်ဖြစ်ပြီး စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးသည် အစဉ်အမြဲ ပထမဦးစားပေးနေရာတွင်ရှိကာ ပြည်သူများအတွက် စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအစီအမံများကို မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်နေပြီး ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာကဏ္ဍများတွင် အကောင်းဆုံးကိုသာ ဦးတည်ချက်ထားကြိုးပမ်းလျက်ရှိသည်။

METRO Myanmar စားသောက်ကုန်များသည် ဒေသတွင်းထုတ်လုပ်သူများထံမှ တိုက်ရိုက်ဝယ်ယူအသုံးပြုခြင်းဖြစ်သည့်အပြင် စားသောက်ကုန်လုပ်ငန်းနယ်ပယ်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အကောင်းဆုံးလုပ်ဆောင်သည်ဟူသော စံနှုန်းသတ်မှတ်ချက်ကိုရရှိနိုင်ရန် ပြည်တွင်းထုတ်ကုန်နှင့် ပြည်ပသွင်းကုန်နှစ်ရပ်လုံး၏ ကုန်စည်စီးဆင်းမှုအရည်အသွေးကို အဆင့်တိုင်းတွင် အပြည့်အဝစောင့်ကြည့်ခြင်းမှာလည်း METRO ၏ အသိအမှတ်ပြုခံရသော လုပ်ဆောင်မှုဖြစ်ကြောင်း သိရသည်။

ယခုအခါ METRO သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၏ ဦးဆောင်လုပ်ငန်းတစ်ခုအဖြစ်ရှိနေပြီး ယုံကြည်စိတ်ချရသော ကုန်စည်စီးဆင်းမှုစနစ်များနှင့် စားသောက်ကုန်ဘေးကင်းရေးအတွက် လိုအပ်သည့်လုပ်ဆောင်မှုများကိုလည်း နိုင်ငံပေါင်း ၃၄ နိုင်ငံတွင် ချမှတ်ကျင့်သုံးလျက်ရှိပြီး ကမ္ဘာတစ်ဝှမ်းတွင် ဝယ်ယူသူပေါင်း ၁၆ သန်းရှိကြောင်း METRO Wholesale Myanmar မှ သိရသည်။

ဖွဲ



Transcom News journal Cartoons







# မိဘကို ဘယ်အချိန်မှာ သတိရသလဲ

ယုဒါ

လူတိုင်းမှာ မိဘရှိပါတယ်။ အကြောင်းကံမသင့်လို့ မိဘမဲ့ဖြစ်နေသူတွေကိုတော့ ဒီနေရာမှာခြွင်းချက်ထားလိုက်စေချင်ပါတယ်။ မိဘမရှိသော်လည်း ကျေးဇူးရှင်နဲ့ ကျေးဇူးပြုခဲ့ဖူးသူများအပေါ် မိဘသဖွယ်သဘောထားတတ်ကြသူတွေရှိပါတယ်။ ကျွန်မပြောလိုတာက မိဘအပေါ်သိတတ်တဲ့၊ မသိတတ်တဲ့ သားသမီးများရဲ့ အကျိုးပေးများကို ပြောပြလိုခြင်းဖြစ်ပါတယ်။ မိဘအပေါ်သိတတ်ရင် အကျိုးပေးကောင်းတယ်။ မသိတတ်ရင် အကျိုးပေးမကောင်းဘူးဆိုတာ သာမန်အားဖြင့် သားသမီးတွေခံစားနားလည်ကြပါတယ်။ မိဘမေတ္တာဆိုတာ တုနှိုင်းမမှီလို့ ဆန်ရေမရှိဘူးလို့ပြောတတ်ကြပေမယ့် တကယ့်လက်တွေ့လောကကြီးထဲမှာ စုန်ရေမဟုတ်တဲ့ ဆန်ရေတွေလည်းရှိနေကြပါတယ်။ မိဘက သားသမီးအတွက် ပေးဆပ်ဖြည့်ဆည်းချင်သလို မိဘအတွက် ပေးဆပ်ဖြည့်ဆည်းချင်တဲ့ သားသမီးတွေလည်း အများကြီးပါပဲ။ မိဘအပေါ်သားသမီးများက ဖြည့်ဆည်းပေးချင်ပါသော်လည်း အကြောင်းကံသင့်မှသာ ဖြည့်ဆည်းပေးနိုင်ကြပါတယ်။

ဖြည့်ဆည်းပေးလိုစိတ်ရှိပေမယ့် အခြေအနေမပေးလို့ မိဘကိုမထောက်ပံ့ မဖြည့်ဆည်းနိုင်ကြသူတွေလည်းရှိပါတယ်။ မိဘကိုပေးဖို့ သတိမရသူတွေလည်းရှိပါသေးတယ်။ မိဘကိုထောက်ပံ့ဖို့ဆိုရာမှာ ကိုယ်ပိုင်ဝင်ငွေမရှိသူများအဖို့ အခက်အခဲရှိပါတယ်။ သူစိမ်းနှစ်ဦးအကြောင်းဆက်ပေါင်းဖက်ရလို့ အမိုးတစ်ခုအောက်မှာ အတူနေထိုင်ပြီး ကိုယ်ပိုင်မိသားစုတစ်စုထပ်မံတည်ဆောက်ချိန်မှာ မိဘဟာဒုတိယဦးစားပေးဖြစ်ရမှာ လောကသဘာဝဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်ပိုင်မိသားစုရှိလို့ မိဘကိုလုံးဝမေ့လျော့ပစ်ပယ်လိုက်ရမှာတော့ မဟုတ်ပါဘူး။ သူ့ဘက်ကိုယ့်ဘက် မိဘရှိတဲ့အဖြစ်ကို မမေ့လျော့သင့်ပါဘူး။ တစ်ချို့မိန်းမများဟာ အင်မတန်မှအတ္တကြီးပါတယ်။ တတ်နိုင်တဲ့အနေအထားရှိနေတာတောင် ကိုယ့်မိဘကိုပဲပေးချင်ပါတယ်။ သူ့မိဘကိုပေးရင် တွန့်တိုပါတယ်။ ရန်လုပ်ပါတယ်။ တစ်ချို့အိမ်ထောင်ရှင်ယောကျ်ားတွေ မိန်းမ မသိအောင်မိဘကိုထောက်ပံ့ပေးကမ်းကြရတာဟာ ဇနီးမယားတွေ သဘောထားသေးသိမ်လို့ဖြစ်ပါတယ်။ ယောကျ်ားအများစုဟာ အိမ်ထောင်ကျတဲ့အခါ ဇနီးမယားကိုသာဦးစားပေးချင်တတ်ကြတာပါ။ ဒီလိုသဘာဝထဲမှာမှ ကိုယ့်ခင်ပွန်းဖြစ်သူက မိဘကိုမမေ့လျော့ဘဲသိတတ်တဲ့စိတ်နဲ့ ပေးကမ်းထောက်ပံ့တာကို မိန်းမတစ်ယောက်အနေနဲ့ ဝမ်းသာရမှာပါ။ မိဘကိုသိတတ်လို့ကြီးပွားတဲ့ သားတွေရဲ့အကျိုးဆက်ကို ရေရှည်မှာခံစားရသူက ဇနီးမယားသာဖြစ်ပါတယ်။

တစ်ချို့ယောကျ်ားတွေ သဘောထားသေးသိမ်တဲ့အတွက် မိန်းမတွေလည်းမိဘကို တိတ်တဆိတ်ထောက်ပံ့ပေးကမ်းရတာတွေရှိပါတယ်။ အိမ်ထောင်ရှင်အမျိုးသမီးတော်တော်များများ မောင်တစ်ထမ်းမယ်တစ်ရွက် အလုပ်လုပ်ကြတာထက် ကိုယ်ပိုင်ငွေကို ကိုယ့်စိတ်ကြိုက်သုံးချင်လို့ သားသမီးဝတ်၊ လင်ဝတ်တွေကို ကျေကျေပွန်ပွန်ထမ်းရင်း အလုပ်ခွင်တွေဆီ ခက်ခက်ခဲခဲသွားနေရတဲ့အဖြစ်တွေရှိပါတယ်။ မိဘကိုလူတိုင်းတတ်နိုင်သမျှပံ့ပိုးဖြည့်ဆည်းပေးချင်တဲ့ သဘာဝကို ကိုယ်ချင်းစာစိတ်နဲ့နားလည်ဖို့ လိုပါတယ်။ ဖွင့်ပြောပြမှနားလည်ရမယ့် အခြေအနေကိုဘယ်သူမှ မလိုချင်ကြပါဘူး။

ပေးခြင်းရဲ့သဘောဟာ လိုအပ်မှုကိုဖြည့်ဆည်းပေးတာဖြစ်လို့ ချစ်ခင်စုံမက်လို့ ယူထားကြတဲ့လင်မယားကြားမှာ အလိုလိုသိရမယ့် အရာဖြစ်ပါတယ်။ လိုအပ်တာထက်ပိုနေတဲ့ အပြုအမူကို သူ့ဘက်ကိုယ့်ဘက်မပြုမူဖို့လည်းလိုပါသေးတယ်။ မိဘကိုပေးလို့ဖြစ်ရတဲ့ အခြေခံပြဿနာနဲ့ ပြိုကွဲသွားရတဲ့အိမ်ထောင်ရေးတွေအများကြီးရှိပါတယ်။ အများစုက "မိန်းမတွေ အူပုပ်လို့" လို့ဆိုကြပါတယ်။ ချွင်းချက် အူပုပ်တဲ့ယောကျ်ားတွေလည်းရှိကြတာပါပဲ။ ဒီတော့ စိတ်တူကိုယ်တူနားလည်မှုရှိကြတဲ့ သူနှစ်ဦးဆုံဆည်းရရင်တော့ နောက်ဆက်တွဲကိစ္စတွေကို အတူဖြေရှင်းရတာက ပျော်စရာဖြစ်ပါလိမ့်မယ်။ အဓိကက အိမ်ထောင်တစ်ခုမှာ ယောကျ်ားက ငွေပိုရှာနိုင်သူဖြစ်တဲ့အတွက် မိဘကိုဖြည့်ဆည်းရာမှာ ယောကျ်ားက သင့်တော်သလောက် သူ့မိဘအပေါ်ထောက်ပံ့တာကို ငြူစူဖို့မသင့်ပါဘူး။ ဒီသားကိုမွေးပေးတဲ့ မိဘများအပေါ် မိန်းမဖြစ်သူက ပိုလို့တောင်ကျေးဇူးတင်အပ်ပါသေးတယ်။ ကိုယ့်ငွေနဲ့ကိုယ်ရှာပြီး မိန်းမပြဿနာလုပ်မှာ ကြောက်ရလို့မိဘကိုမိန်းမရှေ့မှာ တစ်သောင်းအပေးပြပြီး ကွယ်ရာမှာလက်သိပ်ထိုးတစ်သိန်းပေးရတဲ့အဖြစ်မျိုးတွေနဲ့ ခင်ပွန်းဖြစ်သူ စိတ်အနှောက်အယှက်မဖြစ်ရအောင် မိန်းမတွေဖြူစင်ရင့်ကျက်သင့်ပါတယ်။ ပေးတယ်ဆိုတာ အတူကြည်နူးရတဲ့ကိစ္စပါ။ ပေးလို့ငြူစူဝန်တိုရန်လုပ်ပြီး ပြဿနာဖြစ်ရတာကအင်မတန်ရှက်စရာ ဝမ်းနည်းစရာကောင်းတာပါ။

တကယ်တော့ မိဘအပေါ်သိတတ်ပြီး ပံ့ပိုးထောက်ပံ့ကြတဲ့သားသမီးတိုင်းဟာ အဆင့်အတန်းအမျိုးမျိုးမှာ သူ့အနေအထားနဲ့သူ အဆင်ပြေလာတတ်ကြပါတယ်။ မိဘကို စေတနာမေတ္တာစိတ်နဲ့ ထောက်ပံ့တဲ့သားသမီးတိုင်းဟာ သာမန်ထက်ပိုတဲ့ လူမှုအဆင့်အတန်းကို မလွဲမသွေရရှိတတ်ပါတယ်။ မသိတတ်တဲ့သားသမီးနဲ့ သိတတ်တဲ့သားသမီး အချိန်ကာလတစ်ခုကြာတဲ့အချိန်မှာ ထူးထူးခြားခြားကွဲပြားလာတတ်တဲ့ သဘောတွေကို လူတိုင်းမြင်တွေ့နိုင်ပါလိမ့်မယ်။ ငွေရေးကြေးရေးအရှုပ်အရှင်းကင်းစွာနဲ့ မိဘကို ထောက်ပံ့ပေးကမ်းဖို့ကလည်း အရေးကြီးပါတယ်။ မိဘကို ပေးကမ်းချင်တဲ့စိတ်ဟာ ကောင်းပေမယ့် မသမာတဲ့နည်းနဲ့ ပေးကမ်းရင် မိသားစုတစ်စုလုံးဒုက္ခရောက်တတ်ပါတယ်။ စေတနာနဲ့ သမာအာဇီဝကျစွာ ပေးကမ်းထောက်ပံ့တတ်ကြသူတွေရဲ့ ဘဝကတော့ ထူးထူးခြားခြားတိုးတက်ပြောင်းလဲလာပါတယ်။

မိဘကို ဘယ်အချိန်မျိုးမှာ သတိရတတ်ကြပါသလဲ။ မိဘကိုဘယ်အခါမှာ မမေ့တဲ့စိတ်နဲ့ပေးကမ်းဖို့သတိရနေသူလား။ တစ်နှစ်တစ်ခါလောက်သာ သတိရတတ်သူလား။ ဒုက္ခရောက်မှ သတိရတတ်သူလား။ ကိုယ့်ဘာသာ စဉ်းစားကြည့်ဖို့လိုပါတယ်။ ကိုယ်ဟာငွေရေးကြေးရေးကိစ္စ အမြဲအဆင်မပြေသူဖြစ်နေရင် ပိုပြီးစဉ်းစားကြည့်သင့်ပါတယ်။ ဘဝတစ်လျှောက်လုံး မိဘရဲ့ပံ့ပိုးစောင့်ရှောက်မှုကို ဘယ်အချိန်ထိခံခဲ့ပြီး ကိုယ်ကမိဘကို ဘယ်လောက်ဖြည့်ဆည်းဖူးခဲ့ပြီလဲ ပြန်သုံးသပ်ကြည့်သင့်ပါတယ်။ မိဘကိုမစောင့်ရှောက်ဘဲ သူ့ဘဝနဲ့သူအဆင်ပြေနေသူများလည်း ရှိကောင်းရှိနေနိုင်ပါတယ်။

ကျွန်မ လက်လှမ်းမှီနိုင်သမျှ ဝန်းကျင်အသီးသီးကို လှမ်းမျှော်ကြည့်လိုက်ချိန်မှာတော့ မိဘအပေါ် သိတတ်စွာစေတနာမေတ္တာတရားနဲ့ စောင့်ရှောက်ထောက်ပံ့နေသူတွေဟာ နေရာတိုင်းမှာအဆင်ပြေအောင်မြင်လာတာ၊ ငွေရေးကြေးရေး အဆင်ပြေနေတာ၊ အလှူရေစက်လက်နဲ့မကွာ လှူဒါန်းနိုင်သူတွေဖြစ်နေတာကို ထူးထူးခြားခြားမြင်တွေ့ရပါတယ်။ လူတိုင်းဟာချမ်းသာပြီး လှူဒါန်းပေးကမ်းနိုင်သူတွေချည်း မဟုတ်ကြပေမယ့် မိဘကျေးဇူးသိသူတွေဟာ မချမ်းသာသော်လည်း စိတ်မဆင်းရဲရဘူးဆိုတဲ့ အနေအထားကို ပိုင်ဆိုင်ကြပါတယ်။ လူချစ်လူခင်များပြီး ကူညီစောင့်ရှောက်လိုသူတွေမရှားတတ်ကြပါဘူး။ မိဘကိုလုပ်ကျွေးခြင်းကြောင့်ရတဲ့အကျိုးတရား ၁၂ ပါးဆိုပြီး အကျိုးထူးတွေ သီးခြားဖော်ပြနိုင်သေးပေမယ့် ငွေကြေးနဲ့လည်ပတ်ရှင်သန်နေရတဲ့ လူ့လောကမှာ ငွေကြေးအဆင်ပြေခြင်းကလည်း အဓိကကျတာမို့ ရုတ်တရက်မြင်သာထင်သာရှိတဲ့ အမြင်တစ်ခုကို ဖော်ထုတ်ပြခြင်းသာဖြစ်ပါတယ်။

ငွေရေးကြေးရေးဒုက္ခတွေကို ကြီးကြီးမားမား မကြုံတွေ့ရဘဲ ခဏတစ်ဖြုတ်ရင်ဆိုင်ခဲ့ရရင်တောင် အလိုလိုအဆင်ပြေချောမွေ့သွားတတ်ကြပါတယ်။ မိဘကိုထောက်ပံ့ကျွေးမွေးခြင်းရဲ့ အကျိုးဟာ ဒီဘဝမှာတင်လက်တွေ့ခံစားရတတ်တာပါ။ ဒါကြောင့် လူမှန်သမျှ မိဘမဖြစ်နိုင်ကြပေမယ့် သားသမီးဖြစ်နိုင်ကြတာမို့ ကိုယ့်ရဲ့ကောင်းကျိုးချမ်းသာအတွက် ရည်မှန်းလို့ပဲဖြစ်ဖြစ် ကိုယ့်အကျိုးမမျှော်တဲ့ စေတနာတရား မေတ္တာအားကို ကြည်လင်ဖြူစင်စွာ ထားလို့ပဲဖြစ်ဖြစ် မိဘကို အစဉ်အမြဲရင်ထဲမှာထားပြီး စောင့်ရှောက်ဖြည့်ဆည်းပံ့ပိုးပေးသင့်ပါတယ်။

မိဘကိုလုပ်ကျွေးသော သားသမီးတိုင်းလက်တွေ့ခံစားရတဲ့ အကျိုးတရား (၁၂)ပါးကိုလည်း ဖော်ပြပေးလိုက်ပါတယ်။

(၁) လူတိုင်းချီးမွမ်းမှုကိုခံရမည်။ (၂) အသိအလိမ္မာ ဉာဏ်ပညာတိုးပွားမည်။ (၃) လူအများ၏ကြည်ညိုပူဇော်မှုကိုခံရမည်။ (၄) အခြွေအရံပေါ်များမည်။ (၅)ကျော်စောထင်ရှားမည်။ (၆) စီးပွားဥစ္စာရတနာနေ့တိုင်း တိုးတက်မည်။ (၇) ရောဂါဘေးအန္တရာယ်ကင်းမည်။ (၈) ကျက်သရေမင်္ဂလာနေ့တိုင်းတိုးမည်။ (၉) အသက်ရာကျော်နေရမည်။ (၁၀) နတ်တို့ချစ်ခင်စောင့်ရှောက်မည်။ (၁၁) လောက၏ အမြင့်ဆုံး ချမ်းသာကို ခံစားရမည်။ (၁၂) တမလွန်ဘဝတွင် နတ်ချမ်းသာကိုခံစားရမည်။ ။

* * *

တကယ်တော့ မိဘအပေါ်သိတတ်ပြီး ပံ့ပိုးထောက်ပံ့ကြတဲ့
သားသမီးတိုင်းဟာ အဆင့်အတန်းအမျိုးမျိုးမှာ
သူ့အနေအထားနဲ့သူ အဆင်ပြေလာတတ်ကြပါတယ်။
မိဘကို စေတနာမေတ္တာစိတ်နဲ့ ထောက်ပံ့တဲ့
သားသမီးတိုင်းဟာ သာမန်ထက်ပိုတဲ့
လူမှုအဆင့်အတန်းကို မလွဲမသွေရရှိတတ်ပါတယ်။

# သင်္ဘောသားနှင့် အလုပ် ( Sweet , Smile, Soft , Smart , Sharp )



မောင်မှူး

ကျွန်တော်တို့ကုန်သွယ်ရေကြောင်း သင်္ဘောများတွင် ISM Code အား လိုက်နာသောအားဖြင့် တစ်နှစ်လျှင်နှစ်ကြိမ် Company ISM Internal Auditor မှ Shipboard Safety Management System အား သင်္ဘောခရီးစဉ်အတွင်း လိုက်ပါစစ်ဆေးပါသည်။

အဆိုပါ Company ISM Internal Auditor မှ ယခုကဲ့သို့ သင်္ဘောနှင့်လိုက်ပါစစ်ဆေးခြင်းသည် မည်သူ့တွင် တာဝန်ရှိသနည်းဆိုသော စစ်ဆေးအရေးယူခြင်း၊ ပြစ်တင်ကြိမ်းမောင်း၊ ဝေဖန်ရှုတ်ချခြင်းအလျဉ်းမရှိသော (No Blaming Culture) ဖြစ်ပါသည်။ Shipboard Safety Management System အား ပုံမှန်အကျွမ်းတဝင် ကျင့်သုံးလိုက်နာခြင်း ( Well familiarise & compliance of check lists, work permits, risk assessments, records of rest hours in line with drill reports & movement books records, regular safety meeting, on job training, near miss reports, incident reports) အစရှိသဖြင့် Safe working practices & Safety Culture အား စိစစ်စစ်ဆေး၍ areas of weakness in Shipboard Safety Management System နှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်ရလဒ်အား observations, minor non-conformity တို့အား သင်္ဘောသို့ အသိပေးမှတ်တမ်းပေး၍ သတ်မှတ်ကာလအတွင်း သင်္ဘောမှပြင်ဆင်ဆောင်ရွက်ချက်များအား ဓာတ်ပုံအထောက်အထားနှင့်တကွ တင်ပြရမည်ဖြစ်ပါသည်။

အဆိုပါ Company ISM Internal Auditor မှ သင်္ဘောခရီးစဉ်အတွင်း လိုက်ပါစစ်ဆေးချိန်အတွင်း ရည်ရွယ်ချက်ချောမွေ့အောင်မြင်စေရန်၊ သူ၏ကျင့်သုံးလိုက်နာမှု (Sweet, Smile, Soft, Smart, Sharp) နှင့် ပတ်သက်၍ ဤသို့မှတ်သားခဲ့ရပါသည် ။

**(Sweet, Smile, Soft, Smart, Sharp)**

ကျွန်တော်တို့သင်္ဘောပေါ်တွင် လူမျိုးအားဖြင့် (၉)မျိုး၊ ဝန်ထမ်းအရေအတွက်အားဖြင့် အယောက် (၂၀) ရှိပါသည်။ Working language မှာ English ဖြစ်ပါသည်။ မည်သည့်လူမျိုးပင်ဖြစ်စေကာမူ နားလည်သဘောပေါက် ချစ်ကြည်ရင်းနှီးစေသော

၁။ ယဉ်ကျေး (Courtesy with due respect သိမ်မွေ့ချိုသာခြင်း (Sweet)၊

၂။ ချစ်ခင်သော မျက်လုံးဖြင့် ပြုံးချိုသော မျက်နှာထား (Smile)၊

၃။ နူးညံ့သောနှလုံးသားဖြင့် ရှင်းလင်းတင်ပြချက်များအား ဂရုတစိုက်နားထောင်ခြင်း (Soft)၊

၄။ အဆင့်အတန်းခွဲခြားမှုမရှိ၊ သာတူညီမျှဆက်ဆံခြင်း ( Due respect to all crew who perform different functions & equally im portant) ဖြင့် ရည်ရွယ်ချက် Internal Audit အား စနစ်ကျသေသပ်တိကျစွာ ဆောင်ရွက်ခြင်း (Smart, Sharp) စသော မြတ်နိုးဖွယ်စရိုက်လက္ခဏာများအား လေးစားစွာတင်ပြအပ်ပါသည်။

**သင်္ဘောသားနှင့် အလုပ် ( Different functions, Equally important)**

အောင်မြင်သော အဖွဲ့အစည်းများတွင်

၁။ လုပ်ငန်းဦးတည်ချက်အား တစ်ညီတစ်ညွတ် တည်းနားလည်လက်ခံသဘောပေါက်ခြင်း၊

၂။ လုပ်ငန်းစဉ်တစ်လျှောက်တာဝန်ခံများ၊ မခိုမကပ်တာဝန်ကျေပွန်ခြင်း၊

၃။ ကျွမ်းကျင်လုပ်သားများရှိခြင်း၊

၄။ လိုအပ်သော စက်ကိရိယာ၊ ကုန်ကြမ်းပစ္စည်းနှင့် လိုအပ်ပါက အစားထိုးလဲလှယ်တပ်ဆင်အသုံးပြုနိုင်ရန် စက်အပိုပစ္စည်းရှိခြင်း၊

၅။ အချင်အတွယ်၊ အချိန်အဆ၊ အချိုးအစားကျနမှန်ကန်တိကျ၊ အလေအလွင့်မရှိစွာဆောင်ရွက်နိုင်ခြင်း၊

၆။ ခန့်မှန်းသတ်မှတ် လေလွင့်ဆုံးရှုံးနိုင်ခြေအတွင်း အစဉ်အမြဲရှိစေရန် အထူးဂရုပြုဆောင်ရွက်ခြင်း၊

၇။ စတိုခန်းအတွင်း သိမ်းဆည်းထားသော ပစ္စည်းကိရိယာများအား အရေအတွက်၊ အမျိုးအစား၊ လက်ရှိအသုံးပြုနိုင်မည့် အခြေအနေအသေးစိတ်နှင့်တကွ ပြည့်စုံတိကျစွာ စာရင်းဇယားထားရှိ၍ လိုအပ်ချက်ကိုသာ မှာကြားဖြည့်ဆည်းဆောင်ရွက်ခြင်း၊

၈။ မလိုအပ်သော အပိုကုန်ကျမှုမဖြစ်စေရန် အစဉ်အကဲဖြတ်သုံးသပ်ဆောင်ရွက်ခြင်း၊

၉။ အဖွဲ့အစည်းစိတ်ဓာတ်ပြည့်ဝစွာဖြင့် လုပ်ငန်းဦးတည်ချက်အား တစ်ညီတစ်ညွတ်တည်း မိမိကျရာနေရာမှ (Dutiful different functions, well understood team members are equally important with best team spirit) ပီပြင် ကျေပွန်အောင်မြင်စွာ ဆောင်ရွက်ခြင်း စသဖြင့် မွန်မြတ်သော စိတ်ဓာတ်၊ စည်းကမ်း၊ နည်းလမ်းကျပညာများရှိကြပါသည်။

အောင်မြင်သော လက်ဖက်ရည်ဆိုင်တစ်ခုအား လေ့လာကြည့်ကြပါစို့ ။

၁။ ဆိုင်ဖွင့်ချိန်/ ပိတ်ချိန် မှန်ကန်ခြင်း၊

၂။ ရရှိနိုင်သော စားသောက်ဖွယ်ရာများကို အမျိုးအစားအလိုက် အမျိုးအမည်၊ ဓာတ်ပုံ၊ ဈေးနှုန်းနှင့်တကွဖော်ပြထားခြင်း၊

၃။ မှာကြားထားသော order အတိုင်း မြန်ဆန်တိကျကောင်းမွန်စွာ Customers စိတ်တိုင်းကျ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

၄။ Counter, Kitchen, Waiters, Cleaning staffs, Security ဝန်ထမ်းများ အချိတ်အဆက်မိမိမှန်ကန်မြန်ဆန်တိကျစွာ ဆောင်ရွက်ခြင်း၊

၅။ အိမ်သာ၊ လေအေးပေးစက်၊ လုံလောက်သော Car parking စသဖြင့် ကောင်းမွန်သော ဝန်ဆောင်မှုပေးခြင်း စသဖြင့်လေ့လာမိပါသည်။

အောင်မြင်သော International School ကျောင်းတစ်ကျောင်းအား လေ့လာကြည့်ကြပါစို့။

၁။ ကျောင်းဖွင့်ချိန်/ ပိတ်ချိန်နှင့် ကြေညာပြဋ္ဌာန်းထားသော စာသင်ချိန်အတိုင်း မှန်ကန်တိကျစွာ သင်ကြားခြင်း၊

၂။ သင်ယူလေ့လာနိုင်သော ပညာရပ်များကို အမျိုးအစားအလိုက် အမျိုးအမည်၊ ဓာတ်ပုံ၊ ဈေးနှုန်းနှင့်တကွ ဖော်ပြထားခြင်း၊

၃။ သင်ကြားပြသပေးမည့် ဆရာ/ဆရာမများ၏ အရည်အသွေး/အရည်အချင်း၊ မည်သည့်လူမျိုးနှင့်တကွ ကျောင်းနှင့် သက်ဆိုင်ရာ ဆရာ/ဆရာမများ၏ ခွင့်ပြုအသိအမှတ်ပြု Certificates များအား အသိပေးပြသထားခြင်း၊

၄။ ကြော်ငြာထားသည့်အတိုင်း စာသင်နှစ်မကုန်ဆုံးမီ နှစ်လအလိုတွင် သင်ရိုးကုန်၍ မေးခွန်းဟောင်းများအား လေ့ကျင့်ဖြေဆိုစေခြင်း၊

၅။ မြန်ဆန်တိကျကောင်းမွန်စွာ Customers စိတ်တိုင်းကျ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

၆။ Enquiry, Customers care services, ဆရာ၊ မိဘ၊ ကျောင်းသား/ကျောင်းသူ စသဖြင့် Cutomers နှင့် ဝန်ထမ်းများအချိတ်အဆက်မိမိ မှန်ကန် မြန်ဆန်တိကျစွာဖြင့် ထက်မြက်ထူးချွန်သော ပြည့်စုံကောင်းမွန် သာယာချမ်းမြေ့သည့် ပညာရေးဝန်ဆောင်မှုဆောင်ရွက်ခြင်း စသဖြင့် လေ့လာ မိပါသည်။

ကျွန်တော်တို့ ကုန်သွယ်ရေကြောင်းသင်္ဘောများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည်လည်း အချိတ်အဆက်မိမိ မှန်ကန်မြန်ဆန်တိကျစွာဖြင့် ထက်မြက်ထူးချွန်သော ပြည့်စုံကောင်းမွန် သာယာချမ်းမြေ့သည့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြင့် မိမိတို့မြန်မာလူမျိုးဂုဏ်အား အစဉ်မြင့်မားလေးစားစေရန် ကြိုးစားဆောင်ရွက်သင့်ပါသည်။

ကျွန်တော်တို့သင်္ဘောသားများ ကုန်သွယ်ရေကြောင်း သင်္ဘောများတွင် တာဝန်ထမ်းဆောင်ခြင်းဖြင့် မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိစေပါသည်။

ဝင်ငွေ ရှာဖွေခြင်းနှင့်ပတ်သက်၍ ဤကဲ့သို့ မှတ်သားခဲ့ရပါသည်။

၁။ ပိုက်ဆံသည် မျက်နှာပြင်နှစ်ဖက်ရှိ၍ အမြဲတမ်းသူ့ဘက်ကိုယ့်ဘက်နှစ်ဖက်မျှတစွာဖြင့် မိမိ၏ ခံစားခွင့်နှင့် တာဝန်ဝတ္တရားချိန်ခွင်လျှာညီမျှစေရန်၊

၂။ လောကလူသားများသည် မျှတခြင်းကို အလိုရှိသဖြင့် ၊ မည်သည့်ပစ္စည်းကိုမဆို တန်ရာတန်ကြေးသာပေးဝယ်လိုကြပါသည်။ ထို့အတူ မိမိရရှိသော ဝင်ငွေသည်လည်း မိမိ၏ ကာယ၊ ဉာဏလုံ့လအားဖြင့် ထိုက်တန်သောဝင်ငွေဖြစ်စေရန်၊

၃။ မိမိ၏ အပြုအမူ /အမူအကျင့် နှင့် စိတ်နေသဘောထား/စိတ်ဓါတ် ကောင်းမွန်ရန် အစဉ်ကြိုးစား အားထုတ်ရမည်ဖြစ်ပါသည်။

၄။ ကျွန်တော်တို့ ရေယာဉ်မှူးများ /Senior officers များ အနေဖြင့် ၊ မိမိတာဝန်ထမ်းဆောင်မည့် သင်္ဘော မတက်ရောက် မီ ၊ Ship Managment ရုံးချုပ်သို့ Briefing ကြားနာရပါသည်။ သက်ဆိုင်ရာ ( Technical , Marine , Claims and Insurance, Operations, Quality, Safty & Security, Supply & Purchase, Creing) Departmen ts များထံ လှည့်လည်၍ ညွှန်ကြား ဆွေးနွေးချက်များကို မှတ်သားရပါသည်။

ကျွန်တော့်အား Superintendent မှ


ကက။ သူ့အနေဖြင့် Company သင်္ဘောများတွင် တာဝန် ထမ်းဆောင်နေသူများသည် (Willing/ လုပ်ငန်း ဆောင်ရွက်လိုစိတ်) နှင့် (Able/လုပ်ငန်း ကျွမ်းကျင်မှု) ရှိရန်လိုအပ်ပြီး ရေယာဉ်မှူးများမှ မိမိဝန်ထမ်းများအား အစဉ်သုံးသပ်အကဲဖြတ်ပြီး အချိန်နှင့်တပြေးညီ သတင်းပို့အကြောင်းကြားရန်၊


ခခ။ Pollution & Collision ( ကုန်ဖိတ်စင်ခြင်း၊ အမှိုက်/ကုန်အကြွင်းအကျန်/ဆီနှင့် ဆီပါသောရေများ မဆင်မခြင်စွန့်ပစ်ခြင်း၊ Accidental & operational spillage (မတော်တဆဖြစ်ခြင်းနှင့် ပုံမှန်လုပ်ငန်းစဉ်အတွင်း မလိုလားအပ်သော ရေထု/လေထုညစ်ညမ်းမှု၊ ရေယာဉ်တိုက်မှု မဖြစ်စေရေးတို့အတွက် လိုအပ်သော ဂရုပြုလိုက်နာကျင့်သုံးမှုများ၊ ဆောင်ရွက်ရန်၊


ဂဂ။ မည်သည့်အခြေအနေနှင့် ကြုံတွေ့ရစေကာမူ မိမိစိတ်အား အတည်ငြိမ်ဆုံးထားရှိ၍ နောက်ဆက်တွဲအမှားများနှင့် မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများ မဖြစ်စေရန်၊ စိတ်ဓာတ်ကြံ့ခိုင်၍ အခက်အခဲမှကျော်ဖြတ်နိုင်မည့်နည်းလမ်းကောင်းတွေးဆရန် လမ်းပြညွှန်ကြားခဲ့ပါသည်။


မီးလောင်ခြင်းနှင့် ပတ်သက်၍ ( Combustible လောင်စာ၊ Heat လုံလောက်သော အပူရှိန်၊ Oxygen အောက်စီဂျင် စသော အကြောင်း (၃)ချက်ညီညွတ်ပါက Complete Fire Triangle ဖြစ်ပြီး လောင်ကျွမ်းပါတော့သည်။ ထိုနည်းတူ သောကအတွေး၊ ခံစားစိုးမျောခြင်းနှင့် စိတ်ဓာတ်မကြံ့ခိုင်ခြင်းတို့အား ရှောင်ရှားပြီး ဖြစ်ပေါ်ကြုံတွေ့နေရသော ရောဂါနှင့်ပတ်သက်၍ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း ၊ ကိုယ်ခံအားစနစ်ကောင်းမွန်စေရန် အားဖြည့်ဆောင်ရွက်ခြင်း၊ ကာကွယ်ကုသဆေး အမြန်ဖော်စပ်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သခြင်းတို့ဖြင့် အခက်အခဲကျော်လွှား၊ စိတ်ခွန်အား၊ ကြံ့ခိုင်သော စိတ်ဓာတ်ထားရှိရပါမည့် အကြောင်း လေးစားစွာတင်ပြအပ်ပါသည်။


# Ooredoo ဆင်းကတ် မှတ်ပုံတင်ရန် လုပ်ဆောင်ပုံ





## (၄) Ooredoo Own stores နှင့် Ooredoo Brand shop တွင်မှတ်ပုံတင်ခြင်း

- Ooredoo Shop များတွင်မှတ်ပုံတင်ရန် အောက်ပါချက်အလက်များလိုအပ်ပါသည်။

မြန်မာနိုင်ငံသားများ

1) မှတ်ပုံတင်ပြုလုပ်မည့် SIM Card ယူလာခဲ့ရပါမည်၊
2) မှတ်ပုံတင်မူရင်း ယူလာခဲ့ရပါမည်၊


နိုင်ငံခြားသားများ


1) မှတ်ပုံတင်ပြုလုပ်မည့် SIM Card ယူလာခဲ့ရပါမည်၊
2) Passport မူရင်း ယူလာခဲ့ရပါမည်၊

## (၅) Ooredoo Call Center "234"

သို့ခေါ် ဆိုမေးမြန်း၍လည်းပြန်လည်မှတ်ပုံတင်နိုင်ပါသည်

# Telenor ဆင်းကတ် မှတ်ပုံတင်ရန် လုပ်ဆောင်ပုံ















## နည်းလမ်း (၃) Telenor Branded Shop များတွင် မှတ်ပုံတင်ခြင်း

မိမိတို့နှင့် နီးစပ်ရာ Telenor Branded Shop သို့ သွားရောက် မှတ်ပုံတင်မည်ဆိုပါက အောက်ဖော်ပြပါ အချက်များ ယူဆောင်သွားရမည်-

- မှတ်ပုံတင် ပြုလုပ်မည့် SIM Card
- မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားသော သက်သေခံလက်မှတ် (နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ် ခံရမည့်သူ၏ သက်သေခံကတ်ပြား) နှင့် နိုင်ငံခြားသားများအတွက် Passport မူရင်း
- သက်သေခံလက်မှတ်ကတ်ပြားဓါတ်ပုံ (ရှေ့/နောက်) နှင့် နိုင်ငံခြားသားများအတွက် ဓါတ်ပုံနှင့် Passport နံပါတ်ပါဝင်သော စာမျက်နှာဓါတ်ပုံ

## နည်းလမ်း (၄) အခြားသောနည်းလမ်းများဖြင့် အကူအညီရယူ၍ မှတ်ပုံတင်ခြင်း

- Telenor ၏ viber message box မှတဆင့်လည်း ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်ပြီး အကူအညီရယူ မေးမြန်းနိုင်မည်ဖြစ်သည်။
- Telenor ၏ Facebook Messenger သို့ ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်ပြီး အကူအညီ ရယူနိုင်မည်ဖြစ်သည်။
- Telenor Call Centre ဖြစ်သည့် 979 သို့ ခေါ်ဆို၍ SIM Card မှတ်ပုံတင်ခြင်းနှင့် ပတ်သက်ပြီး အသေးစိတ် မေးမြန်းနိုင်မည်ဖြစ်သည်၊

မိုဘိုင်းလ်ဖုန်းသုံးစွဲသူများသည် SIM Card များကို မိမိနာမည်၊ မိမိမှတ်ပုံတင်ကတ်များဖြင့် အချက်အလက် ပြည့်စုံမှန်ကန်စွာဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ် ၁ ခုလျှင် အော်ပရေတာတစ်ခုထံမှ SIM Card (၂) ခုသာ ဝယ်ယူကိုင်ဆောင်နိုင်မည် ဖြစ်ပါသည်။

# COVID-19 ကမ္ဘာ့ကပ်ရောဂါကာလ အတွင်း Operatorများ၏ ဝန်ဆောင်မှုနှုန်းထား လျှော့ချ

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် COVID-19 ကာလအတွင်း ကျန်းမာရေးဆိုင်ရာသတင်း အချက်အလက်များကို အများပြည်သူကျယ်ကျယ်ပြန့်ပြန့်ရရှိရန် အထောက်အကူပြုစေရေး၊ Work From Home ပြုလုပ်သူများအတွက် ဆက်သွယ်ရေးကိစ္စရပ်များ အဆင်ပြေစေရေး၊ အများပြည်သူ သက်သာသောနှုန်းထားဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးတို့ကိုရည်ရွယ်၍ မိုဘိုင်းလ်ဝန်ဆောင်ခနှုန်းထားများအတွက် ထားရှိရမည့်အနိမ့်ဆုံးနှုန်းထား သတ်မှတ်ချက်ကို (၂၇.၃.၂၀၂၀) မှ (၃၀.၆.၂၀၂၀) ထိ ဖြေလျှော့ပေးခဲ့သည်။ အော်ပရေတာများအနေဖြင့် ယခုကာလအတွင်း မိမိတို့၏အကျိုးစီးပွားကို အဓိကမထားဘဲ အများပြည်သူများ သက်သာသောနှုန်းထားဖြင့် သုံးစွဲနိုင်ရေးအတွက် ဝန်ဆောင်ခနှုန်းထားများ လျှော့ချဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အော်ပရေတာများထံ ဝန်ဆောင်ခနှုန်းထားများ လျှော့ချရန်တိုက်တွန်းခဲ့ပြီးနောက် မိုဘိုင်းလ်ဝန်ဆောင်ခနှုန်းထားများ လျှော့ပေါ့ပေးခြင်းကို မိုဘိုင်းလ်အော်ပရေတာများမှ ဆောင်ရွက်ပေးခဲ့ရာ ဧပြီလ ၃ ရက်အထိ Opreator များ၏ ဆောင်ရွက်နေမှုအခြေအနေများအနေဖြင့် Mytel က ဝန်ဆောင်ခနှုန်းထားများကို (50% Top up Bonus) ကို မတ်လ ၃၁ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။ Telenor မြန်မာက www.mohs.gov.m Website ကို ဝင်ရောက်ကြည့်ရှုခြင်းအတွက် အသုံးပြုရသည့် ဒေတာသုံးစွဲခကို မတ်လ ၃၀ ရက်တွင် ကောက်ခံခြင်းမရှိတော့ကြောင်း၊ (50% Top up Bonus) (ရရှိသောအပိုဆိုကို on.net voice, data, SMS တို့ကို PAYG နှုန်းထားဖြင့် ၅ ရက်အတွင်း အသုံးပြုနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ပြင် Ooredoo မြန်မာက Data Pack (30 days Validity) 555 ks for 1024 MB အထိ တိုးမြှင့်ထားကာ 5555 ks for 20480 MB ထိ လည်းကောင်း Voice Pack (30 Days Validity 555 ks for Unlimited on net. calls အဖြစ်လည်းကောင်း Top Bonus ကို ငွေဖြည့်ပမာဏ၏ 150% ကို အပိုဆောင်းပေးထားကာ ဒေတာဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်းများတွင် အသုံးပြုနိုင်ကြောင်းသိရသည်။ MPT အနေဖြင့် ၅ မိနစ်စာ Stop the Clock ပထမ ၅ မိနစ်စာအတွက်သာ ခေါ်ဆိုခကျသင့်ပြီး၊ နောက်ထပ် ၅၅ မိနစ်အထိ အခမဲ့ပြောဆိုခွင့်ကို (on net calls) များအတွက်သာဖြစ်သည်။ ထို့ပြင် MOHS Website အပါအဝင် Website ၆ ခုဖြစ်သည့် https:// www.mohs.gov.mm, https://news.eleven.com, https://7day.news,https://burma.irrawaddy.com,https://myanmar.mmtimes.com နှင့် https:// www.mmacentral.org တို့အား ဧပြီလ ၁ ရက်မှစတင်၍ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းအဖွဲ့ (ဆသရ)

## COVID-19 ကမ္ဘာ့ကပ်ရောဂါ ကြိုတင်ကာကွယ်ရန် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ဝန်ထမ်းများအား အသိပညာပေး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာ၌ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြိုတင်ကာကွယ်ရေးများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ (၄.၃.၂၀၂၀) ရက်တွင် လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)က ဝန်ထမ်းများကို COVID-19 ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များ ဖတ်ကြားရှင်းလင်းခဲ့သည်။ (၁၆.၃.၂၀၂၀) ရက်တွင် ဒုတိယကျောင်းအုပ်ကြီးက ဒုရုံပိုင်သင်တန်းသို့ သွားရောက်ပြီး COVID-19 အကြောင်း ပညာပေးဟောပြောခဲ့ပြီး ယနေ့တွင် ချင်းပြုတ်ရေတိုက်ခြင်း၊ ဇရုတ်သီးဆားထောင်းများ ပြုလုပ်ကျွေးမွေးခြင်း၊ (၁၇.၂.၂၀၂၀) ရက်တွင် ဒုရုံပိုင် (အလုပ်သင်) သင်တန်းအမှတ်စဉ် (၃၇/၂၀၂၀) နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) သံလမ်း (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၀) တို့ကို ခေတ္တယာယီပိတ်ပေးလိုက်ပြီး ပြန်လည်ဖွင့်လှစ်မည့်ရက်များကို ထပ်မံကြေညာမည်ဖြစ်ရာ သင်တန်းပိတ်လိုက်သည့်ရက်များကို အစားထိုးဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

(၁၉.၃.၂၀၂၀) ရက်တွင် ဝန်ထမ်းများကိုလည်းကောင်း၊ (၂၀.၃.၂၀၂၀) ရက်တွင် ဝန်ထမ်းမိသားစုများကိုလည်းကောင်း (၂)ကြိမ်ခွဲ၍ COVID-19 အကြောင်း ပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ကြီးက COVID-19 ရောဂါနှင့်ပတ်သက်သည့်လက်ရှိအခြေအနေများ၊ သိသင့်သိထိုက်သည့် အကြောင်းအရာများနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဦးပြည့်ဖြိုးကျော် (လ/ထ စာကြည့်တိုက်မှူး) က COVID-19 အကြောင်း သိကောင်းစရာများကို Internet မှ စုဆောင်းရှာဖွေတင်ပြရှင်းခဲ့သည်။ ထပ်မံ၍ ဒေါက်တာကောင်းကျော်က COVID-19 ကပ်ရောဂါအကြောင်းကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပြီး ကြိုတင်ကာကွယ်ရေးလုပ်ဆောင်နိုင်ရန် ရှင်းလင်းပြောကြားခဲ့သည်။

(၂၄.၃.၂၀၂၀) ရက်တွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦး၏ဇနီး ဒေါ်ညိုညိုဝေလွင်က နွမ်းပါးဝန်ထမ်းငယ်များကို စားဝတ်နေရေးပြေလည်စေရန်ရည်ရွယ်ပြီး ဆန် (၅)ပြည်နှုန်း ဝေငှပေးခဲ့သည်။ ယနေ့မှာပင် သင်တန်းသားအိပ်ဆောင် (၃၃)ဆောင်၊ စာသင်ခန်း (၃၂) ခန်းနှင့် သရုပ်ပြဆောင်တို့ကို ပိုးသတ်ဆေးများဖြန်းခြင်း၊ ကျောင်းဝင်းအတွင်း ဂိတ်ကြီး ဝင်ပေါက်/ ထွက်ပေါက်တစ်ခုသာဖွင့်လှစ်ပြီး အဝင်/ အထွက်ကန့်သတ်လိုက်ပြီး လူများအားလုံးကို တစ်ဦးချင်း အပူချိန်တိုင်းစစ်ဆေးမှတ်တမ်းရေးသူထားရှိကာ ရုံး/ ဌာနများတွင်လည်း Hand-gel များထားရှိပေးခြင်း၊ ပညာပေး Poster များကပ်ခြင်း၊ Update သတင်းအကြောင်းအရာများကို စဉ်ဆက်မပြတ် ဖြန့်ဝေရှင်းလင်းခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

(၂၆.၃.၂၀၂၀) ရက်နေ့မှစ၍ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အတိုင်း ဝန်ထမ်းအင်အား ၅၀ ရာခိုင်နှုန်းသာ (A) Group နှင့် (B) Group ခွဲ၍ တစ်ရက်စီရုံးတက်စေခြင်းများ လုပ်ဆောင်ခဲ့ပြီး COVID-19 နှင့်ပတ်သက်သည့် ညွှန်ကြားချက်များ UPdate သတင်းများကို စဉ်ဆက်မပြတ်ဖြန့်ဝေရှင်းလင်း အသိပညာပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များအား ဒေသန္တရအဖွဲ့နှင့် တပြေးညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လှမျိုး (ဆသရ)






## ၇၅ နှစ်မြောက် စိန်ရတုတပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းများ ထုတ်ဝေ

၇၅ နှစ်မြောက် စိန်ရတုတပ်မတော်နေ့အထိမ်းအမှတ်အဖြစ် အထူးထုတ်တံဆိပ်ခေါင်း (၃)မျိုးကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းက ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

အဆိုပါ အထူးထုတ်တံဆိပ်ခေါင်းများကို ကျပ် ၅၀၀၊ ကျပ် ၂၀၀ ကျပ် ၁၀၀ တန်တံဆိပ်ခေါင်းများအဖြစ် တန်ဖိုးသတ်မှတ်ကာရောင်းချပေးခဲ့ပြီး ရောင်းချသည့် မတ်လ ၂၇ ရက်က နေပြည်တော်စာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့တွင် အများပြည်သူအပါအဝင် တံဆိပ်ခေါင်းဝါသနာရှင်များက ဝယ်ယူအားပေးခဲ့ကြသည်။

ထို့ပြင် မြန်မာ့စာတိုက်လုပ်ငန်းမှ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစာတိုက်ကြီးတို့တွင် အများပြည်သူဝယ်ယူသည့်အထိန်းအမှတ် တံဆိပ်ခေါင်းများပေါ်တွင် အမှတ်တရတံဆိပ်များ ရိုက်နှိပ်ပေးခဲ့ကြောင်း သိရှိရသည်။

လှမျိုး (ဆသရ)






# ကမ္ဘာ့ဘဏ်မှ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အာရှစီးပွားရေးတိုးတက်မှု သိသိသာသာ နှေးကွေးသွားမည်ဟု ခန့်မှန်း

THE WORLD BANK
IBRD • IDA | WORLD BANK GROUP

အာရှစီးပွားရေးသည် ၂၀၁၉ ခုနှစ်တွင် ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ယခုနှစ်၌ ၂.၁ ရာခိုင်နှုန်းသို့ နှေးကွေးသွားမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့သည်။ ဗိုင်းရပ်စ် အကျပ်အတည်းကြောင့် လူသန်းနှင့်ချီ၍ ဆင်းရဲမွဲတေသွားနိုင်ပြီး ဆိုးကျိုးဂယက်သည် ၂၀၂၁ ခုနှစ်အထိ သက်ရောက်နိုင်ကာ အာရှစီးပွားရေး ၀.၅ ရာခိုင်နှုန်းကျုံ့သွားနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် တရုတ်နှင့်အခြား အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို ယခုနှစ်တွင် သိသိသာသာနှေးကွေးစေနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့သည်။

ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည့် စီးပွားရေး ကျဆင်းမှုအတိုင်းအဆအရ ကမ္ဘာ၏အခြားနေရာများကိုလည်း သက်ရောက်မှုရှိနိုင်သည်။ ကမ္ဘာ့ဘဏ်သည် ကျန်ဒေသများအတွက် စီးပွားရေးခန့်မှန်းချက်ကို ပြင်ဆင်နေဆဲဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ခရစ္စတာလီနာဂျော်ဂျီဗာက ကမ္ဘာ့စီးပွားရေးသည် ကျဆင်းမှုသို့ ဦးတည်နေပြီဖြစ်ကာ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကျပ်အတည်းထက်ပို၍ဆိုးနိုင်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏ ခန့်မှန်းမှုတွင် အခြေခံအဖြစ်ပါဝင်သော ကမ္ဘာ့အကြီးဆုံးစီးပွားရေး တရုတ်တွင် ယမန်နှစ်က ၆.၁ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ယခုနှစ်တွင် ၂.၃ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။အဆိုးဆုံးအခြေအနေတွင် တရုတ်စီးပွားရေးသည် ၀.၁ရာခိုင်နှုန်းသာတိုးတက်ပြီး ရပ်ဆိုင်းလုနီးပါး ဖြစ်သွားမည်ဖြစ်သည်။

အင်ဒိုနီးရှားတွင် စီးပွားရေး ၂.၃ ရာခိုင်နှုန်း၊ မလေးရှားတွင် ၄.၆ ရာခိုင်နှုန်း၊ ထိုင်းက စီးပွားရေး ၆ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ကို တုံ့ပြန်ရင်ဆိုင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကူညီရန်အတွက်ဘဏ္ဍာရေးအထောက်အပံ့ဒေါ်လာ ၁၄ ဘီလျံပေးမည်ဟု ကမ္ဘာ့ဘဏ်ကပြောကြားထားသည်။ ဆင်းရဲသူများနှင့် ခုခံအားမရှိသူများကို ကာကွယ်ရန်အတွက် လာမည့် ၁၅ လ အတွင်း ဒေါ်လာ ၁၆၀ ဘီလျံကျော်သုံးစွဲနိုင်ရန် ကမ္ဘာ့ဘဏ်က မျှော်လင့်ထားသည်။

Ref:Afp

# ပိတ်ပင်ကန့်သတ်ထားမှုများကို တစ်လ ထပ်တိုးလိုက်သည့် မက္ကဆီကို

တစ်လကြာ အရေးပေါ်စီမံချက်များသည် မတ်လ ၃၀ မှ ဧပြီလ ၃၀ အထိ သက်ဝင်မည်ဖြစ်သည်။ မက္ကဆီကိုသည် ယင်းစီမံချက်မတိုင်မီ အခြေခံအားဖြင့် မရှိမဖြစ်လိုအပ်မှုမဟုတ်သော အစိုးရဝန်ဆောင်မှုများကို ရပ်ဆိုင်းခဲ့ပြီး လူထုစုဝေးမှုများကို ပိတ်ပင်ခဲ့ပြီးဖြစ်သည်။ မက္ကဆီကိုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁,၀၉၄ ဦးရှိပြီး ၂၈ ဦး သေဆုံးခဲ့ပြီးနောက် ယင်းစီမံချက်ကိုစတင်ခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုတွင် ကိုရိုနာဗိုင်းရပ်ပျံ့နှံ့မှုကို တိုက်ဖျက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍများအတွက် မလိုအပ်သည့် လှုပ်ရှားသွားလာမှုများကို ပိတ်ပင်မှုနှင့် လူ ၅၀ ကျော်ထက်ပို၍ စုဝေးမှုအား တားမြစ်မှုတို့ကို အစိုးရကတစ်လ ထပ်တိုးခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ရန် အလားအလာများသည့် အသက်အရွယ်ကြီးသူများသည် ကျန်းမာရေးစောင့်ရှောက်မှုအစရှိသည့် အခြေခံကျသည့်ကဏ္ဍတွင်အလုပ်လုပ်နေသူများဖြစ်သော်ငြားလည်း နေအိမ်တွင်သာ နေထိုင်ရန် အစိုးရက တောင်းဆိုမည်ဖြစ်သည်။ သွေးတိုးနှင့်ဆီးချိုရှိသူများ၊ ကိုယ်ဝန်သည်များလည်းနေအိမ်တွင်သာ နေထိုင်ရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်များအတွင်း ယာဉ်သွားလာမှုသည် ၆၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သော်လည်း ယင်းထက်ပိုမိုကျဆင်းရန် လိုအပ်ကြောင်းသိရသည်။ မက္ကဆီကိုမြောက်ပိုင်းရှိ ဆေးခန်းတစ်ခုတွင် ကျန်းမာရေးဝန်ထမ်းများ အစုလိုက်အပြုံလိုက် ဗိုင်းရပ်စ်ကူးစက်ခံရကြောင်းကို ၎င်းက အတည်ပြုခဲ့သော်လည်း လူနာများကို ကူးစက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖက်ဒရယ်အစိုးရစီမံချက်သည် နောက်ကျနေပြီး လုံလောက်မှုမရှိဟု မက္ကဆီကို လူ့အဖွဲ့အစည်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥက္ကဋ္ဌဒေါက်တာ Miguel Betacourt က ပြောကြားခဲ့သည်။ မက္ကဆီကိုသည် အခြားနိုင်ငံများထက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း နည်းပါးသေးသော်လည်း ကျန်းမာရေးစနစ်သည် အစုလိုက်အပြုံလိုက်ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ဟု သမ္မတ Andres Manuel Lopez Obradorက မတ်လ ၂၇ ရက်တွင် သတိပေးခဲ့သည်။ Ref:Afp

# အီရန်သို့ ဥရောပနိုင်ငံများက ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးပို့

Instex ယန္တရားအဖွဲ့အနေဖြင့် ၎င်း၏ ပထမဆုံး အရောင်းအဝယ်လုပ်ငန်းကို အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်ဟု ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်က အတည်ပြုခဲ့ကြောင်း၊ ဆေးဘက်ဆိုင်ရာ ကုန်ပစ္စည်းများကို ဥရောပမှ အီရန်သို့ ချောချောမွေ့မွေ့ဖြင့် တင်ပို့ခဲ့ပြီး လက်ရှိတွင် ထိုကုန်ပစ္စည်းများသည် အီရန်၌ ရောက်ရှိနေပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အတွင်းဖော်ပြထားသည်။

အီရန်အပေါ် ချမှတ်ထားသော အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများကို ရှောင်လွှဲနိုင်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထားသော Instex ယန္တရားအရ ပထမဆုံးအကြိမ်လုပ်ငန်းဆောင်ရွက်မှုအဖြစ် ဥရောပနိုင်ငံများသည် အီရန်သို့ ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးပို့ခဲ့ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Instex ယန္တရား စတင်ဖွဲ့စည်းခြင်းကို ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တစ်နှစ်ကျော်အကြာတွင် Instex ၏ အောင်မြင်သော ပထမဆုံးအရောင်းအဝယ်လုပ်ငန်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပထမဆုံးအရောင်းအဝယ်လုပ်ငန်းမှာ ပြီးစီးသွားပြီဖြစ်ပြီး နောက်ထပ်အရောင်းအဝယ်လုပ်ငန်းများနှင့် ယန္တရားအဖွဲ့ ပိုမိုတိုးတက်လာစေရေးကိစ္စအပေါ် Instex နှင့် အီရန်လုပ်ငန်းအဖွဲ့အစည်း STFI တို့ ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ဂျာမနီက ထုတ်ပြန်ခဲ့သည်။

မတ် ၃၀ ရက်အထိ အီရန်နိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ အရေအတွက်မှာ ၄၀၀၀၀ ကျော်လွန်ခဲ့သည်။ ထိုကပ်ရောဂါသည် လပေါင်းများစွာအထိ ကူးစက်ပျံ့နှံ့နေဦးမည်ဖြစ်ပြီး လူ့အသက်ပေါင်း ၁၀၀၀၀ ကျော်ဆုံးရှုံးနိုင်ဖွယ်ရှိမည့်အရေးကို အီရန်အစိုးရက သတိပေးထားသည်။

မတ် ၃၁ ရက်တွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၄၁ ဦးထပ်တိုးလာခဲ့ရာကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးတွေ့ကြုံခံစားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော အီရန်၌ သေဆုံးသူစုစုပေါင်း ၂၉၀၀ နီးပါး ရှိလာခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် အီရန်၏ အင်တိုက်အားတိုက် ကြိုးပမ်းနေမှုသည် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် ပိုမိုခက်ခဲကြမ်းတမ်းခဲ့သည်။

အီရန်အား အကူအညီပေးရန် ထရန့်ကဖေဖော်ဝါရီလကုန်တွင် ကမ်းလှမ်းခဲ့ပြီးနောက် အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီက အီရန်အနေဖြင့် အမေရိကန်၏ အကူအညီကို လက်ခံမည်မဟုတ်ဟု ပြောကြားခဲ့သည်။

Ref:Afp

# ကမ္ဘာတစ်လွှား ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးသူ ၁.၈ သန်း ကျော်နိုင်သည်ဟု ခန့်မှန်း

ရောဂါပိုးစစ်ဆေးခြင်း၊ ရောဂါခြေချုပ်ချထားခြင်းနှင့် လူချင်းခပ်ခွာခွာနေထိုင်ခြင်းကို အကြီးအကျယ်ကျင့်သုံးခြင်းတို့ အပါအဝင်တိကျသည့် ပြည်သူ့ကျန်းမာရေးနည်းလမ်းများကို အစိုးရအဖွဲ့များကအလျင်အမြန်ချမှတ်လုပ်ဆောင်ပါက လူပေါင်းကုဋေနှင့်ချီသောအသက်များကို ကယ်တင်နိုင်လိမ့်မည်ဟု သုတေသနပြုလုပ်သူများက ပြောကြားခဲ့သည်။

ရပ်တန့်နိုင်ရန်အတွက် လျင်မြန်အားကောင်းသည့် နည်းလမ်းများကို ကျင့်သုံးနေသော်လည်းယခုနှစ်အတွင်း ကမ္ဘာတစ်လွှား ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးသူ ၁.၈ သန်းကျော်နိုင်သည်ဟု ဗြိတိန်နိုင်ငံ Imperial College မှ လေ့လာချက်တစ်ရပ်က ခန့်မှန်းထားသည်။

Imperial College ၏ ပုံစံတူဖန်တီးမှု ပြုလုပ်ခြင်းသည် ဗိုင်းရပ်စ်၏ ပြင်းထန်မှု၊ ကူးစက်နိုင်စွမ်းနှင့် ခန့်မှန်းသေနှုန်းတို့အပြင် အသက်အပိုင်းအခြားလိုက်တည်ရှိမှုနှင့် လူ့အသိုင်းအဝိုင်းဆိုင်ရာ အကြောင်းခြင်းရာများတို့နှင့် ပတ်သက်သည့် လက်ရှိအချက်အလက်များအပေါ် အခြေခံထားသည်။

လေ့လာချက်သည် မိမိတို့ဘာသာ လူချင်းခပ်ခွာခွာနေခြင်းမှသည် (ယခုအခါ အဆိုးရွားဆုံးသက်ရောက်ခံရသည့် နိုင်ငံအချို့တွင် လက်ရှိကျင့်သုံးနေသည့်) တင်းကျပ်စွာ Lockdown ချထားခြင်း နည်းလမ်းများအထိ ကွဲပြားခြားနားသည့် တုံ့ပြန်မှုအဆင့်အမျိုးမျိုးကို ကြည့်ပြီး နိုင်ငံပေါင်း ၂၀၂ နိုင်ငံစလုံး၌ ဖြစ်နိုင်ခြေရှိသည့် ကျန်းမာရေးဆိုင်ရာရိုက်ခတ်ချက်များကို တွက်ချက်ကြည့်ခဲ့သည်။

ယင်းကဲ့သို့သော နည်းလမ်းများကို နောက်ကျပြီးမှ ဆောင်ရွက်ပါက သီတင်းတစ်ပတ်တွင် လူပေါင်း ၁၀၀,၀၀၀ ၌ သေဆုံးသူ ၁.၆ ဦးနှုန်း ရှိမည်ဖြစ်ပြီး လူပေါင်း ၂.၄ ဘီလျံကူးစက်ခံရကာ သေဆုံးသူ ၁၀.၄၅ သန်းရှိလာသည်အထိ အကြီးအကျယ်မြင့်တက်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

Ref:Afp





# ထရန့်နှင့် ပူတင်တို့ ရေနံဈေးနှုန်းကျဆင်းမှုနှင့် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းတို့ကို ဆွေးနွေး

ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးတွင် ဂျီ-၂၀ မှ တစ်ဆင့်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန် ထရန့်နှင့် ပူတင်တို့က သဘောတူညီခဲ့ကြကြောင်းအိမ်ဖြူတော်ကသီးခြားထုတ်ပြန်ချက်တွင် ပါရှိခဲ့သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်တို့သည် ရေနံဈေးနှုန်းကျဆင်းမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတို့ကို ဆွေးနွေးခဲ့ကြကြောင်းနှစ်ဖက်ကြေညာချက်များက ဖော်ပြခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှင့်ပတ်သက်ပြီး စိုးရိမ်ကြောင်း သမ္မတနှစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပြီး အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း ဖုန်းဆက်ဆွေးနွေးမှုနှင့်ပတ်သက်ပြီး ကရင်မလင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ အိမ်ဖြူတော်ကြေညာချက်၌ ကမ္ဘာ့စွမ်းအင်ဈေးကွက် တည်ငြိမ်ရေးအရေးကြီးကြောင်း သဘောတူညီချက်ကို ဖော်ပြခဲ့သည်။ ကရင်မလင်ကြေညာချက်တွင်မူ ရေနံနှင့်ပတ်သက်ပြီးသဘောထားအမြင် ဖလှယ်ခဲ့ကြောင်းသာ ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုစွဲချက်များကို ငြင်းဆိုထားသည့် ရုရှားအားပိတ်ဆို့အရေးယူမှုများ ပြဋ္ဌာန်းခြင်းကို ထရန့်က မထောက်ခံသော်လည်း ကွန်ဂရက်တွင် ထရန့်၏ ရီပတ်ဘလီကင်ပါတီက ပိတ်ဆို့အရေးယူမှုကို ထောက်ခံခဲ့သည်။ ထရန့်နှင့်ပူတင်အကြားဆက်ဆံရေး နွေးထွေးမှုက အမေရိကန်နိုင်ငံရေးတွင် အငြင်းပွားစရာတစ်ခုဖြစ်နေသည်။

Ref:Afp

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် အထိနာသော အမေရိကန်စီးပွားရေးကို ကယ်ဆယ်ရန် ဒေါ်လာ ၂ ထရီလျံ သုံးစွဲမည်

ငါးရက်ကြာအကြိတ်အနယ် ဆွေးနွေးခဲ့ပြီးနောက် နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏအတွက် သဘောတူခဲ့ပြီဖြစ်ကြောင်း အထက်လွှတ်တော်လူများစု ခေါင်းဆောင် မစ်မက်ကော်နယ်က ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အထိနာခဲ့သော အမေရိကန်စီးပွားရေးနှင့် အမေရိကန်သန်းပေါင်းများစွာအတွက် ဒေါ်လာ ၂ ထရီလျံစီးပွားရေးလှုံ့ဆော်မှုအစီအစဉ်ကို အိမ်ဖြူတော်နှင့် အထက်လွှတ်တော်အကြား သဘောတူညီချက်ရရှိသွားပြီဖြစ်ကြောင်း ဥပဒေပြုအမတ်များက ပြောကြားခဲ့သည်။

ယင်းကယ်ဆယ်ရေး အစီအစဉ်တွင် ဗိုင်းရပ်စ် အကျပ်အတည်းကြောင့် အထိနာသော အမေရိကန်များအား ငွေကြေးတိုက်ရိုက်အကူအညီပေးမှု၊ အသေးစား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့ပေးမှု၊ လေကြောင်းလိုင်းများအပါအဝင် ကော်ပိုရေးရှင်းများအားချေးငွေဘီလျံ အမြောက်အမြားထုတ်ပေးမှု၊ အလုပ်လက်မဲ့အကျိုးခံစားခွင့် ချဲ့ထွင်မှုတို့ ပါဝင်မည်ဖြစ်သည်။

အမေရိကန် နိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှင့်အတူအကာအကွယ်ဝတ်စုံများ၊ အရေးပေါ်သုံးခုတင်များ၊ အသက်ကယ်ရှူစက်များ အရေးတကြီးလိုအပ်နေသည်။ အမေရိကန်၏စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်အတွက် မျှော်လင့်ချက်မြင့်တက်ခဲ့သဖြင့် မတ်လ ၂၄ ကပင် အမေရိကန်စတော့များ မြင့်တက်ခဲ့သည်။

အမေရိကန်တွင် ကပ်ရောဂါဆိုးကို ရင်ဆိုင်နေရသော ရှေ့တန်းမှ ကျန်းမာရေးဝန်ထမ်းများ အပါအဝင် အလုပ်သမားအမြောက်အမြားထက် ကော်ပိုရေးရှင်းများကို ရှေ့တန်းတင်ထားကြောင်း ဒီမိုကရက်တို့ကန့်ကွက်ခဲ့ပြီး မူလကအကြံပြုချက်ကို ပယ်ချခဲ့သည်။ လစာနှင့် ခွင့်ပေးရေး၊ မိသားစုဆေးခွင့်ပေးရေး၊ ကျောင်းလခချေးငွေလျှော်ပေးရေး၊ စီးပွားရေးလုပ်ငန်းကြီးများအတွက် အာမခံချေးငွေဒေါ်လာ ၅၀၀ ဘီလျံသုံးစွဲရေးပါဝင်သော ဒေါ်လာ ၂.၅ ထရီလျံ သုံးစွဲရေးတန်ပြန်အကြံပြုချက်ကို ဒီမိုကရက်တို့၏ အောက်လွှတ်တော် ဥက္ကဋ္ဌနန်စီပယ်လိုစီက တင်ပြခဲ့သည်။ သို့သော်လည်း အထက်လွှတ်တော်က တင်သွင်းလာသော ဥပဒေကြမ်းကို ပြဋ္ဌာန်းပေးရန် ကြိုးပမ်းသွားမည်ဟု သူကအရိပ်အမြွက်ပြောကြားခဲ့သည်။

Ref:Afp

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသော်လည်း ဗြိတိန်မင်းသားချားစ် ကျန်းမာရေးကောင်းမွန်နေဆဲဖြစ်

ချားစ်နှင့် ကာမီလာတို့ နှစ်ဦးစလုံးသည် ယခုအခါ Balmoral တွင် သီးခြားခွဲ၍ နေထိုင်နေကြသည်။ ဗိုင်းရပ်စ်စစ်ဆေးမှုအား အဘာဒင်းရှိုင်းယားရှိ National Health Service (NHS) တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မင်းသားချားစ်သည် မတ်လ ၁၂ တွင် လူမြင်ကွင်းသို့ နောက်ဆုံးအကြိမ်ထွက်ခဲ့ပြီး ပြီးခဲ့သောရက်ပိုင်းအတွင်း နေအိမ်မှနေ၍ အလုပ်လုပ်ခဲ့သည်။

ဝေလမင်းသား ချားစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း Clarence House က ကြေညာခဲ့သည်။ အသက် ၇၁ နှစ်ရှိ မင်းသားချားစ်သည် မပြင်းထန်သော ရောဂါလက္ခဏာများ ပြသခဲ့သော်လည်း ကျန်းမာရေးအခြေအနေကောင်းမွန်ဆဲဖြစ်ကြောင်း၊ Cornwall မြို့စားကတော်ဖြစ်သူ အသက် ၇၂ နှစ်ရှိ ကာမီလာတွင် စမ်းသပ်စစ်ဆေးခဲ့သော်လည်း ဗိုင်းရပ်စ်ကူးစက်ခံရခြင်း မရှိကြောင်း ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

အလိဇဘတ်ဘုရင်မကြီးသည် ၎င်း၏သားဖြစ်သူ မင်းသားချားစ်နှင့် မတ်လ ၁၂ တွင် နောက်ဆုံးတွေ့ဆုံခဲ့ကြောင်း၊ သို့သော် ၎င်းသည်လည်း ကျန်းမာရေးကောင်းမွန်ဆဲဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်ကထုတ်ပြန်ခဲ့သည်။ ဘုရင်မကြီးသည် ၎င်း၏ကျန်းမာရေးနှင့် ပတ်သက်၍ သင့်လျော်သော အကြံပေးမှုအားလုံးကို လိုက်နာနေကြောင်းလည်း နန်းတော်က ထုတ်ပြန်ခဲ့သည်။ ဗြိတိန်တွင် ဗိုင်းရပ်စ်ကူးစက်ကြောင်း အတည်ပြုမှု ၈၀၀၀ ကျော်နှင့် သေဆုံးသူ ၄၂၀ ကျော်ရှိထားသည်။

Ref:Afp

# အာရှတွင် COVID-19 ကပ်ရောဂါသည် ပြီးဆုံးရန် အလှမ်းဝေးသေးကြောင်း WHO သတိပေး

တုံ့ပြန်ဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်လျှင်သော်မှကပ်ရောဂါ ဆက်လက်ဖြစ်ပေါ်နေသရွေ့ ဒေသတွင်း၌ ကူးစက်ပျံ့နှံ့မှု အန္တရာယ်သည် ပျောက်ကွယ်သွားမည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အနောက်ပစိဖိတ်အတွက် ဒေသဆိုင်ရာညွှန်ကြားရေးမှူး တာကီရှိ ကာဆာအိက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါသည် အာရှ- ပစိဖိတ်ဒေသတွင် ပြီးဆုံးရန် အလှမ်းဝေးနေသေးကြောင်း၊ လတ်တလောတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအား တားဆီးရန် လုပ်ဆောင်နေသော တုံ့ပြန်ဆောင်ရွက်မှုများသည် လူမှုဝန်းကျင်၌ ရောမကူးစက်ပျံ့နှံ့မှုအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် နိုင်ငံများအတွက် အချိန်ရွှေ့ဆိုင်းပေးရုံမျှသာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ တာဝန်ရှိသူတစ်ဦးက သတိပေးခဲ့သည်။

ဒေသတွင်းရှိ အစိုးရအဖွဲ့အဆင့်ဆင့်သည် ဗိုင်းရပ်စ်တိုက်ဖျက်ရေး ကြိုးပမ်းမှုတွင် ပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ကာဆာအိက ပြောကြားခဲ့သည်။ယင်းသည် ရေရှည်တိုက်ပွဲတစ်ခုဖြစ်ပြီး မိမိတို့သည် ပေါ့ပေါ့ဆဆနေ၍ မရကြောင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ အခြေအနေအလိုက်တုံ့ပြန်မှု ဆက်လက်ပြုလုပ်ကြရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အားလုံးနှင့် ကိုက်ညီသော ချဉ်းကပ်မှုမရှိကြောင်းကို WHO က သဘောပေါက်လက်ခံကြောင်း၊ သို့သော် ဘုံနည်းဗျူဟာများရှိကြောင်း ကာဆာအိကပြောကြားခဲ့သည်။ ယင်းနည်းဗျူဟာများမှာ ကူးစက်မှုများအား စောစောရှာဖွေခြင်း၊ သီးခြားခွဲထားခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်း၊ ထိုကူးစက်သူနှင့် ထိတွေ့ခဲ့သူများအား အလျင်အမြန်ခြေရာခံခြင်းနှင့် ရောဂါခြေချုပ်ဖြင့်ထားခြင်း၊ ရောဂါကူးစက်မှု နှေးကွေးစေရန်နှင့် ရပ်တန့်စေရန်အတွက် လူများအကြား ခွာခွာကင်းကင်းထားနိုင်ရန်အတွက် အများပြည်သူဆိုင်ရာ ကျန်းမာရေးအဆောက်အအုံများတွင် နေရာချထားခြင်းတို့ ဖြစ်ကြသည်။

Ref:Afp

World Health Organization

# ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံအဖြစ် သုံးနှစ်ဆက်တိုက် ဖင်လန်သတ်မှတ်ခံရ



ယခင်နှစ်များက ထုတ်ပြန်ခဲ့သော ကမ္ဘာ့ပျော်ရွှင်မှုအစီရင်ခံစာများတွင် ထိပ်တန်း ၁၀ နိုင်ငံစာရင်းကို ဆွစ်ဇာလန်၊ နယူးဇီလန်၊ ဩစတြီးယားတို့နှင့်အတူ နော်ဒစ်နိုင်ငံများက လွှမ်းမိုးထားခဲ့သည်။ လူဇင်ဘတ်က ယခုနှစ်တွင် အဆင့် (၁၀) နေရာကို ပထမဆုံး ဝင်လာခဲ့သည်။

ကမ္ဘာတွင် ကိုရိုနာကပ်ဘေးကြောင့် ပျော်ရွှင်ခြင်းများ ဆိတ်သုဉ်းချိန်၌ ကုလသမဂ္ဂမှ ကျွမ်းကျင်သူများက ဖင်လန်သည် ကမ္ဘာတွင် အပျော်ရွှင်ဆုံး နိုင်ငံဖြစ်ကြောင်း သုံးနှစ်မြောက်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ကမ္ဘာ့နိုင်ငံ ၁၅၆ နိုင်ငံမှလူများကို စစ်တမ်းပြုစုခဲ့သော World Happiness Report တွင် သုတေသနပညာရှင်များသည် ဂျီဒီပီ၊ လူမှုအထောက်အပံ့၊ ပုဂ္ဂိုလ်ရေးလွတ်လပ်မှု၊ ခြစားမှုပမာဏတို့ကို တွက်ချက်ပြီး တစ်နိုင်ငံချင်းစီ၏ ပျော်ရွှင်မှုကို သုံးသပ်ခဲ့သည်။

ပျော်ရွှင်မှုကို တိုင်းတာသည့် စာရင်း၌ ယခုနှစ်တွင် ပျော်ရွှင်မှုအနည်းဆုံးနိုင်ငံများမှာ အကြမ်းဖက်ပဋိပက္ခနှင့်ဆင်းရဲမွဲတေမှု ထူပြောနေကြသည့် ဇင်ဘာဘွေ၊ တောင်ဆူဒန်နှင့် အာဖဂန်နစ္စတန်တို့ ဖြစ်ကြသည်။

ဖင်လန်လူထုသည် ဘဝအရည်အသွေးမြင့်မားမှု၊ လုံခြုံရေးနှင့် အများပြည်သူဝန်ဆောင်မှု ကောင်းမွန်ခြင်းတို့ကိုရရှိခံစားရပြီး OECD နိုင်ငံများတွင် ဆင်းရဲမွဲတေမှုနှင့်မညီမျှမှု အနိမ့်ဆုံးနိုင်ငံဖြစ်သည်။

ယခုနှစ် World Happiness Report အတွက် အချက်အလက်များကို ၂၀၁၈ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း စုဆောင်းခဲ့သောကြောင့် ကိုရိုနာဗိုင်းရပ်စ်၏ သက်ရောက်မှုများ အကျုံးဝင်မည်မဟုတ်ပေ။ သို့သော်လည်းဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့လူထုအား ကန့်သတ်ပိတ်ဆို့မှုများဆောင်ရွက်ခဲ့ခြင်းက အနာဂတ်တွင် ပျော်ရွှင်မှုကို တိုးမြှင့်နိုင်ကြောင်း အစီရင်ခံစာရေးသူများက ခန့်မှန်းခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကို ရင်ဆိုင်စဉ်ကာလအတွင်း စောင့်ရှောက်ကုသမှုပေးနေသော ကျန်းမာရေးလုပ်သားများအားအိမ်တွင် သီးခြားခွဲနေထိုင်နေရသူများက လေသာဆောင်ထွက်၍ ဩဘာပေးနေသည်ကို ဥရောပတစ်ဝန်းတွင် ဆောင်ရွက်နေကြသည်။ အိမ်မှ မထွက်နိုင်သူများကို အရေးကြီးပစ္စည်းများ ဖြန့်ဖြူးပေးရန် အိမ်နီးချင်းများက ကူညီဆောင်ရွက်ပေးနေကြသည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုအဆောက်အအုံသည် မခိုင်မာလျှင် စိုးရွံ့ထိတ်လန့်မှု၊ စိတ်ပျက်မှု၊ ကြောက်ရွံ့မှုတို့သည် ပျော်ရွှင်မှုကို ပျက်စီးစေမည်ဖြစ်ကြောင်းအစီရင်ခံစာရေးသားသူများက သတိပေးခဲ့သည်။ Ref:Afp

# ကိုလံဘီယာတွင် ရေတပ်အတွက် စိန်ခေါ်မှု ဖြစ်နေသည့် မူးယစ်ဆေးဂိုဏ်းများ၏ ရေငုပ်ယာဉ်များ

၂၀၁၉ ခုနှစ် တစ်နှစ်တည်းတွင် တစ်လလျှင်သုံးစင်းနှုန်းဖြင့် ရေငုပ်ယာဉ် ၃၃ စင်းကို ဟန့်တားနိုင်ခဲ့ပြီး အများစုအား ကိုလံဘီယာ၏ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ယင်းသည် မူးယစ်ဆေးကုန်သွယ်မှုအား နှိမ်နင်းနေသော ရေတပ်ဗိုလ်ချုပ်ကြီး Mattos Dager နှင့် ၎င်း၏ Poseidon အထူးအဖွဲ့အတွက် အဓိကစိုးရိမ်စရာဖြစ်နေသည်။

တောင်အမေရိကရှိ ကိုလံဘီယာတွင် ကိုကင်းထုတ်လုပ်မှုများသည် စံချိန်တင်လုနီးပါး မြင့်တက်နေစဉ် မူးယစ်ဆေးဂိုဏ်းများသည် မူးယစ်ဆေးဝါးများအား အမေရိကန်သို့သာမက ဥရောပသို့ပင် မှောင်ခိုပို့ရန်အတွက် ရေပေါ်တစ်စိတ်တစ်ပိုင်းပေါ်သည့် ရေယာဉ်များကို ပုံမှန်အသုံးပြုလာနေကြောင်း နိုင်ငံအနောက်တောင်ပိုင်း ကမ်းရိုးတန်းမှ အာဏာပိုင်များက ပြောကြားခဲ့ကြသည်။

ကိုကင်းအများအပြားအား ရေလမ်းမှတစ်ဆင့် ပို့နေကြကြောင်း၊ လေဆိပ်တွင်ကုန်များအား အစစ်အဆေးများပြားသောကြောင့် လေယာဉ်ထက် ရေလမ်းမှတစ်ဆင့် ကိုကင်းတန်ချိန်များစွာအား ပို့ဆောင်ရန် ပိုမိုလွယ်ကူစေကြောင်း Dager က ပြောကြားခဲ့သည်။ ကိုလံဘီယာ၏ တရားမဝင်မူးယစ်ဆေးဝါး ကုန်သွယ်မှု၏ ရာခိုင်နှုန်း ၈၀ သည် ပစိဖိတ်မှတစ်ဆင့် မှောင်ခိုထုတ်ခြင်းဖြစ်ပြီး ၁၄ ရာခိုင်နှုန်းကိုမူ ကာရစ်ဘီယံမှတစ်ဆင့် ပို့ဆောင်ခြင်းဖြစ်သည်။

မူးယစ်ဂိုဏ်းများ၏ ထိုရေငုပ်ယာဉ်များသည် အတ္တလန္တိတ်ကို ဖြတ်ကျော်နိုင်သည်အထိ ခေတ်မီပြီး တာရှည်ခံနိုင်ခြင်း ရှိ၊ မရှိကာလရှည်ကြာထွက်ပေါ်နေသောမေးခွန်းသည် ပြီးခဲ့သောနှစ် နိုဝင်ဘာတွင် စပိန်၏ Galician ကမ်းရိုးတန်း အလွန်၌ ၂၂ မီတာရှည်သော ရေငုပ်ရေယာဉ်တစ်စင်းအား ရှာဖွေတွေ့ရှိခဲ့မှုက အဖြေပေးနိုင်ခဲ့ပြီဖြစ်သည်။

ရင်သပ်ရှုမောဖွယ် ကမ်းခြေများကြောင့် ပစိဖိတ်၏ ရတနာဟု တင်စားခံခဲ့ရသော်လည်း မူးယစ်ဆေးဂိုဏ်းများအကြား ကာလရှည်ကြာ ပဋိပက္ခများ ဖိစီးနေသော တူမာကိုသည် မူးယစ်ဆေးနှိမ်နင်းရေးစစ်ပွဲ၏ အချက်အချာဖြစ်နေသည်။

မူးယစ်ဆေးဂိုဏ်းများသည် ရေငုပ်သင်္ဘောများ သုံးစွဲနေကြောင်း ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကောလာဟလများ ထွက်ပေါ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင်မူ ကော်စတာရီကာကမ်းလွန်၌ ကိုကင်း ၃.၅ တန်တင်ဆောင်လာသော ရေငုပ်ရေယာဉ်တစ်စင်းအား စတင်ဖမ်းမိခဲ့သည်။

Ref:Afp

# ဆင်းရဲသောနိုင်ငံများ၌ COVID – 19 စိုးရိမ်မှုများ ကြီးထွားလာ



တရုတ်တွင် ယမန်နှစ် ဒီဇင်ဘာက စတင်ထွက်ပေါ်ခဲ့သော ယင်းဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်းတွင် လူ ၆၀၀,၀၀၀ ကျော်ကူးစက်ခံထားရပြီး လူ ၂၈,၀၀၀ နီးပါး သေဆုံးထားပြီးဖြစ်သည်။

ဥရောပနှင့် အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကို ထိန်းချုပ်ရန် ရုန်းကန်နေရစဉ် ဆီးရီးယားနှင့် ယီမင်ကဲ့သို့ စစ်ပွဲဇုန်များနှင့် ဝင်ငွေနိမ့်နိုင်ငံများတွင်မူ အရေးယူဆောင်ရွက်မှုမရှိပါက လူသန်းနှင့်ချီသေဆုံးနိုင်ကြောင်း အကူအညီပေးရေးအဖွဲ့များက သတိပေးခဲ့သည်။

အာဖရိကတွင် ဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးသူ ၈၃ ဦးသာရှိပြီး တစ်တိုက်လုံး၌ ကူးစက်ခံထားရသူ ၃,၂၀၀ ရှိကြောင်း အာဖရိကသမဂ္ဂက ထုတ်ပြန်ထားသည်။ သို့သော်လည်း သန့်သန့်ရှင်းရှင်းနေထိုင်မှု နိမ့်ကျပြီး ကျန်းမာရေးစောင့်ရှောက်မှု ယိုင်နဲ့နေသောဝင်ငွေနိမ့်နိုင်ငံများ၊ ပဋိပက္ခနယ်အတွင်းမှ နိုင်ငံများတွင်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဆိုးရွားစွာ ဖြစ်ပွားလာပါက အကျိုးဆက်ကြီးမားနိုင်ကြောင်း အကူအညီပေးရေးအဖွဲ့များကသတိပေးတပ်လှန့်ထားသည်။

ကမ္ဘာတစ်ဝန်းမှ လူဦးရေ၏သုံးဘီလျံခန့်သည် ဗိုင်းရပ်စ်ကာကွယ်ရန် အခြေခံအကျဆုံးလက်နက်များဖြစ်သည့်ရေ၊ ဆပ်ပြာတို့မရှိဘဲ နေထိုင်နေကြရကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူများက သတိပေးခဲ့သည်။

ကမ္ဘာတွင် အဆင်းရဲဆုံးနှင့် အားအနည်းဆုံးသူများအား ကူညီရန်အတွက် ဒေါ်လာ ၂ ဘီလျံ လိုအပ်ကြောင်း ဂူတာရက်စ်က ကြေညာခဲ့သည်။

ကျန်းမာရေးအခြေခံအဆောက်အအုံ မရှိခြင်းသည် ဗိုင်းရပ်စ်ကပ်ဘေးကို ရင်ဆိုင်နေရသော ဆင်းရဲသောနိုင်ငံများအတွက် နောက်ထပ်ပြဿနာတစ်ခု ဖြစ်သည်။ ပြင်သစ်တွင် အရေးပေါ်အထူးကြပ်မတ်ကုသရန် ခုတင် ၇,၀၀၀ ရှိပြီး အချို့နိုင်ငံများတွင် ခုတင် ၁၀၀ နှင့်ယင်းအောက်သာရှိကြောင်း အဆိုးရွားဆုံးအခြေအနေ၌ မည်သို့မျှတတ်နိုင်မည်မဟုတ်ကြောင်း နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF) မှ လုပ်ငန်းအကောင်အထည်ဖော်ရေးဆိုင်ရာ ဥက္ကဋ္ဌအစ္စဘဲဒီဖိုနီက ပြောကြားခဲ့သည်။
Ref:Afp

# မူးယစ်အကြမ်းဖက်မှုဖြင့် အမေရိကန်က ဗင်နီဇွဲလားခေါင်းဆောင် မာဒူရိုကို တရားစွဲ

အမေရိကန်နိုင်ငံတွင်း ဆယ်စုနှစ်ခုကျော်ကြာ မူးယစ်ဆေးများ တင်သွင်းခဲ့သည့် “The Cartel of the Suns“ ဟုခေါ်သည့် ကိုကင်းမှောင်ခိုဂိုဏ်းကို မာဒူရိုက ဦးဆောင်ခဲ့ပြီး ဒေါ်လာသန်းရာချီ၍ ဝင်ငွေရှာခဲ့သည်ဟု တရားရေးဌာနက စွပ်စွဲခဲ့သည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလတ်စ်မာဒူရိုနှင့် လက်ထောက်များအား မူးယစ်အကြမ်းဖက်မှုနှင့် အမေရိကန်က တရားစွဲဆိုခဲ့ပြီး မာဒူရိုအား ဖမ်းဆီးရန် သတင်းပေးနိုင်သူကို ဒေါ်လာ ၁၅ သန်းချီးမြှင့်မည်ဟု ဆုကြေးထုတ်ခဲ့သည်။

ထိုမူးယစ်မှောင်ခိုဂိုဏ်းသည် အမေရိကန်က အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ထားသည့် ကိုလံဘီယာလွတ်မြောက်ရေးတပ်ဦး(Revolutionary Armed Forces of Colom) နှင့် ပူးပေါင်းလုပ်ကိုင်ခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့သည်။

အလိမ်အညာဟု အများက သတ်မှတ်ခဲ့သည့် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲပြီးနောက် အတိုက်အခံခေါင်းဆောင်ဟွမ်ဂွါအီဒိုက ကြားဖြတ်သမ္မတအဖြစ် ကိုယ့်ကိုယ်ကို ကြေညာထားပြီး အမေရိကန်အပါအဝင်ကမ္ဘာ့နိုင်ငံ ၅၀ ကျော်က အသိအမှတ်ပြုလက်ခံထားသည်။ မာဒူရိုသည် မူးယစ်မှောင်ခိုကူးမှု စွဲချက်အတွက် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက်ကျခံရမည်ဖြစ်ပြီး ၎င်းအားတရားသူကြီး ရှေ့မှောက်ခေါ်ရန် မည်သို့ဆောင်ရွက်မည်ကို ရှင်းရှင်းလင်းလင်းမသိရပေ။

မာဒူရိုနှင့် အစိုးရထိပ်တန်း ခေါင်းဆောင်များသည် ၁၉၉၉ ခုနှစ်မှစပြီး ကိုလံဘီယာ–ဗင်နီဇွဲလားနယ်စပ်တစ်လျှောက်မူးယစ်မှောင်ခိုကူးမှုတွင် FARC အဖွဲ့ခွဲတစ်ခုနှင့်အတူ ပါဝင်ပတ်သက်ခဲ့ကြောင်းတရားရေးဌာနက စွပ်စွဲထားသည်။ မူးယစ်မှောင်ခိုသမားအဖြစ် ဝါရှင်တန်က သတ်မှတ်ထားပြီးဖြစ်သည့် ဒုသမ္မတ တာရစ်အိုက်ဆာမီကိုလည်း ယခုစွဲချက်များတွင် ထည့်သွင်းထားသည်။ Ref:Afp

# Eurovision 2020 အဆိုပြိုင်ပွဲအား ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖျက်သိမ်း

ဥရောပတစ်ဝန်းနှင့် အခြားဒေသများမှကြည့်ရှုသူ သန်းပေါင်းများစွာရှိသော ထိုအဆိုပြိုင်ပွဲအား ၂၀၂၁ ခုနှစ်တွင် ကျင်းပရန်ကိစ္စနှင့်ပတ်သက်၍ ရုပ်သံထုတ်လွှင့်သည့် ကုမ္ပဏီများက ယခုအခါ ဒတ်ချ်ဆိပ်ကမ်းမြို့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း ထိုစီစဉ်သူများက ပြောကြားခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများကြောင့် နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် လာမည့်မေ၌ ကျင်းပရန်စီစဉ်ထားသော Eurovision 2020 အဆိုပြိုင်ပွဲအား ဖျက်သိမ်းကြောင်း ပြိုင်ပွဲစီစဉ်သူများက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲနှင့်ဗြိတိန်၏ Glastonbury ဂီတဖျော်ဖြေပွဲတို့အပါအဝင် ထင်ရှားသည့်ယဉ်ကျေးမှုနှင့် အားကစားပွဲများအား ဖျက်သိမ်းခဲ့ရပြီး Eurovision 2020 ပြိုင်ပွဲက နောက်ဆုံးဖျက်သိမ်းရသည့် ပြိုင်ပွဲဖြစ်လာခဲ့သည်။

ပြီးခဲ့သောနှစ်တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ကျင်းပခဲ့သောပြိုင်ပွဲတွင် ဒတ်ချ်အဆိုတော် ဒန်ကန်လောရင့်က အနိုင်ရခဲ့ပြီး ရော့တာဒမ်အား ၂၀၂၀ ပြိုင်ပွဲအိမ်ရှင်အဖြစ် ပြီးခဲ့သောနှစ် ဩဂုတ်လတွင် သတ်မှတ်ခံရပြီးနောက် နယ်သာလန်သည် ယခုနှစ် Eurovision ပြိုင်ပွဲ ကျင်းပခွင့်ရရှိခဲ့သည်။

ပြီးခဲ့သောပြိုင်ပွဲသက်တမ်း ၆၄ နှစ်အတွင်း မည်သည့်အနှောင့်အယှက်မျှမရှိဘဲ ပရိသတ်များအား နှစ်စဉ်ညီညွတ်စေခဲ့သည့် Eurovision ပြိုင်ပွဲအတွက် မိမိတို့ကအလွန်အမင်း ဂုဏ်ယူမိကြောင်း၊ ကမ္ဘာတစ်ဝန်းမှ ပရိသတ်သန်းပေါင်းများစွာကဲ့သို့ပင် မိမိတို့သည်လည်းလာမည့်မေတွင် ထိုပြိုင်ပွဲအား ကျင်းပနိုင်မည်မဟုတ်သဖြင့် အလွန်ဝမ်းနည်းမိကြောင်း စီစဉ်သူများက ပြောကြားခဲ့သည်။

Ref:Afp



# ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသော တွမ်ဟန့်ခ် ဆေးရုံမှ ပြန်ဆင်း

ပြီးခဲ့သောသီတင်းပတ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီးနောက်ပိုင်း သီးခြားခွဲနေခဲ့သော သရုပ်ဆောင်တွမ်ဟန့်ခ်သည် ဩစတြေးလျရှိဆေးရုံမှ ပြန်ဆင်းသွားပြီဖြစ်သော်လည်း ဇနီးဖြစ်သူ ရီတာဝီလ်ဆင်မှာမူ ဆေးရုံတွင် ကုသနေဆဲဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အော်စကာဆုရှင်တွမ်ဟန့်ခ်သည် ဩစတြေးလျဒါရိုက်တာ Baz Luhrmann ရိုက်ကူးသော အဲလ်ဗစ်ပရက်စလေ အတ္ထုပ္ပတ္တိဇာတ်ကားတွင် သရုပ်ဆောင်ရန်အတွက် ဘရစ္စဘိန်းအနီး Gold Coast သို့ရောက်ရှိနေစဉ် အသက် ၆၃ နှစ်ရှိ ၎င်းနှင့်ဇနီးဖြစ်သူတို့ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရခြင်း ဖြစ်သည်။ တေးရေးနှင့် အဆိုတော်တစ်ဦးဖြစ်သော ဝီလ်ဆင်သည် COVID–19 မကူးစက်ခံရမီ ဆစ်ဒနီနှင့် ဘရစ္စဘိန်းတို့တွင် ဖျော်ဖြေပွဲများကျင်းပခဲ့သည်။

ထိုစုံတွဲနှင့်ထိတွေ့ခဲ့ပြီး ကူးစက်ခဲ့ဖွယ်ရှိသူများအား ဩစတြေးလျတာဝန်ရှိသူများက ခြေရာခံရှာဖွေနေကြသည်။ ဩစတြေးလျတွင် မတ် ၁၇ အထိ ဗိုင်းရပ်စ်ကူးစက်မှု ၄၀၀ နီးပါးနှင့်သေဆုံးသူ ငါးဦးရှိသည်။ ဟန့်ခ်သည်ဆေးရုံမှ ဆင်းပြီးနောက် Luhrmann ဇာတ်ကားအတွက် ပြင်ဆင်စဉ် Gold Class ရှိ ငှားရမ်းထားသည့်အိမ်တစ်လုံးသို့ ပြန်သွားဖွယ်ရှိသည်။

Ref:Afp

# Lockdown အကြောင်း သိကောင်းစရာ










COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် အစိုးရအဖွဲ့များက lockdown ဟုခေါ်သည့် နည်းလမ်းတစ်ရပ်ကို ကျင့်သုံးလာကြသည်။ မဖြစ်မနေမဟုတ်သောလုပ်ငန်းများအားလုံးကို ပိတ်ပစ်ရမည်ဖြစ်ပြီး လူတိုင်းသည် တစ်ဦးတည်း လေ့ကျင့်ခန်းလုပ်ခြင်းနှင့် မရှိမဖြစ်ဝန်ဆောင်မှုများထံသို့ သွားခြင်းတို့မှလွဲ၍နေအိမ်ထဲ၌သာနေကြရမည်ဖြစ်သည်။ Lockdown ချထားစဉ်အတွင်း စူပါမားကက်များကို ဆက်လက်ဖွင့်ထားမည်ဖြစ်ပြီး ထောက်ပံ့ရေးလမ်းကြောင်းကို ဆက်လက်ထားရှိမည်ဖြစ်သည်။ Lockdown တာဝန်အဖွဲ့များအနေဖြင့် အနေအထားအရ ၊ အနေအထားဖြစ်ပေါ်ပြောင်းလဲမှုအရ အကြံဉာဏ်များကို Update လုပ်ပေးသွားမည်ဖြစ်သည်။

**Lockdown မတိုင်မီ မည်သည့်အရာများကို ဆောင်ရွက်ရမည်နည်း**

ဦးစွာကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်ရန်လိုသည်။ နိုင်ငံသားများအနေဖြင့် စူပါမားကက်များသို့ သွားနိုင်ဆဲဖြစ်ပြီးယင်းတို့၌ အစားအစာများ အမြဲရှိနေမည်ဖြစ်သည်။ ထောက်ပံ့ရေးလမ်းကြောင်း ဆက်လက်လည်ပတ်နေရန်အတွက် အစိုးရကတာဝန်ယူ တာဝန်ခံထားသည်။

သို့သော် နိုင်ငံသားများအနေဖြင့် မိမိဘာသာအစီအစဉ်များစတင်ချမှတ်ကာ ပြင်ဆင်ထားသင့်သည်။ယင်းတို့၌ မိမိ မိသားစုများ၊ ဆွေမျိုးများတို့နှင့် တိုင်ပင်ကာ အစီအစဉ်များရေးဆွဲခြင်း၊ မိမိတို့၏ လူ့အသိုင်းအဝိုင်းအတွင်းဆက်သွယ်ရန် အသေးစိတ်အချက်များရေးဆွဲထားခြင်းနှင့် lockdown ကာလတစ်လျှောက် မိမိအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်မည်နည်းဟူသည်ကို တွေးတောခြင်းတို့ ပါဝင်သည်။ မိမိအနေဖြင့် အလုပ်ကို အိမ်မှနေ၍လုပ်ဆောင်၍ ဖြစ်နိုင်သလားဟူသည်ကိုသိရှိထားသင့်သည်။ မိမိအနေဖြင့် နေအိမ်မှအဝေးသို့ရောက်ရှိနေပါက ချက်ချင်းနေရပ်ပြန်ရန် စီစဉ်ရမည်ဖြစ်သည်။

**အပြင်သို့ ထွက်နိုင်သေးပါသလား**

နိုင်ငံသားများအနေဖြင့် စူပါမားကက်သို့သွားခြင်း၊ တစ်ဦးတည်းလမ်းလျှောက်ခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်း၊ ကလေးများကို ပန်းခြံသို့လိုက်ပို့ခြင်းနှင့် ခွေးများလမ်းလျှောက်မှုကို ထိန်းကျောင်းခြင်းတို့ ပြုလုပ်နိုင်သေးသည်။ ဥပမာအားဖြင့် မိမိတို့၏ ကလေးများကို ကမ်းခြေသို့ ခေါ်သွားနိုင်သော်လည်း အခြားကလေးများနှင့် ကစားခွင့်မပြုသင့်ပေ။

Lockdown ၏ ရည်မှန်းချက်သည် ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုကို ထိန်းချုပ်ကန့်သတ်ရန် ဖြစ်သည်။ အစိုးရအနေဖြင့် ဖြစ်နိုင်သည့် အန္တရာယ်များနှင့် လူအုပ်အတွင်းပျံ့နှံ့မှုတို့ကို တွက်ချက်သုံးသပ်ကာ ဘေးကင်းလုံခြုံမှုရှိပါက တစ်ဆင့်ချင်း ပြန်လည်လျှော့ချသွားရမည် ဖြစ်သည်။

**Lockdown ကို မည်သို့အမိန့်အာဏာ ထိန်းသိမ်းမည်နည်း**

သတ်မှတ်ချက်များနှင့်အညီ အမိန့်အာဏာထိန်းသိမ်းခြင်းကို ရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့များက ဆောင်ရွက်ရသည်။ လမ်းများပေါ်တွင် ရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို လုံလောက်စွာ ချထား မည်ဖြစ်သည်။ လိုအပ်ပါက တပ်မတော်မှ ပူးပေါင်းကူညီရမည် ဖြစ်သည်။

Lockdown ၏ စည်းမျဉ်းများကို ချိုးဖောက်ကြောင်းတွေ့ရှိရသူများကို အာဏာပိုင်များအနေဖြင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။ အစိုးရအနေဖြင့် ရောဂါခြေချုပ်ချထားခြင်းကို ငြင်းဆန်သူများကိုလည်း လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

**မည်သည်တို့ကို မရှိမဖြစ် ဝန်ဆောင်မှုများဟု သတ်မှတ်မည်နည်း**

စူပါမားကက်များနှင့် ၎င်းတို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဆက်လက်ထားရှိရမည် ဖြစ်သည်။ ပြည်သူများအနေဖြင့် စားနပ်ရိက္ခာနှင့် ဆေးဝါးတို့အတွက် ပူပင်ကြောင့်ကြမှုမရှိရအောင် ဆောင်ရွက်ပေးရန် အစိုးရကတာဝန်ယူ တာဝန်ခံရမည် ဖြစ်သည်။ အဆိုပါ စူပါမားကက်များ ဘေးကင်းလုံခြုံမှုကို ရဲတပ်ဖွဲ့အပါအဝင်လုံခြုံရေးတပ်ဖွဲ့များက စောင့်ရှောက်ပေးရမည်ဖြစ်သည်။

ဆရာဝန်များ၊ ဆေးဝါးပညာရှင်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့် ဆက်လက်အလုပ်လုပ်ကိုင်ရန်လိုအပ်သောကြောင့် ဆေးရုံများနှင့် ဆေးခန်းများ ဆက်လက်ဖွင့်ထားရမည် ဖြစ်သည်။ အရေးပေါ်ဝန်ဆောင်များနှင့် အရေးကြီးသော ဆောက်လုပ်ရေးလုပ်ငန်းအချို့ကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရမည်ဖြစ်သည်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရမည်ဖြစ်ပြီး ပြည်သူတို့အတွက် မရှိမဖြစ်ဝန်ဆောင်မှုအားလုံးကို ခွင့်ပြုထားရမည်ဖြစ်သည်။

ရေဒီယို၊ ရုပ်သံ၊ သတင်းစာ အစရှိသည့် မီဒီယာများအားလုံးသည် ပြည်သူများအား အရေးကြီးသည့် သတင်းအချက်အလက်များ၊ လက်တွေ့ကျသော အကြံဉာဏ်များနှင့် သုံးသပ်ချက်များ ပေးရမည်ဖြစ်သောကြောင့် မရှိမဖြစ်ဝန်ဆောင်မှုများ၌ ပါဝင်ပြီး ဆက်လက်လုပ်ကိုင်ခွင့် ပြုထားရမည်ဖြစ်သည်။

Ref:Afp

# COVID-19 တိုက်ဖျက်ရေးအတွက်
# ကမ္ဘာတစ်ဝန်း ဗိုင်းရပ်စ်အကာအကွယ်ဝတ်စုံပြတ်လပ်မှုက ခြိမ်းခြောက်မှုဖြစ်လာ



ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းမှုတိုက်ပွဲသည် အစပျိုးရုံသာရှိသေးသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးခဲ့ပြီးနောက် PPE ဝတ်စုံများထုတ်လုပ်မှုကို မြန်မြန်ဆန်ဆန် အရှိန်မြှင့်ထုတ်လုပ်ရန် စက်မှုအင်အားကြီးနိုင်ငံများကို တိုက်တွန်းခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများအတွက် ဗိုင်းရပ်စ်အကာအကွယ်ပေးသည့် ဝတ်စုံပြတ်လပ်မှုက COVID-19 ဗိုင်းရပ်စ်တိုက်ဖျက်ရေး ကြိုးပမ်းမှုအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က မတ် ၂၇ တွင် သတိပေးခဲ့သည်။

ယင်းအခက်အခဲကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှုတို့နှင့်သာ ဖြေရှင်းနိုင်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Tedros က ပြောကြားခဲ့သည်။ ဆင်းရဲသည့်နိုင်ငံများရှိ ကျန်းမာရေးဝန်ထမ်းများသည်ချမ်းသာသည့်နိုင်ငံများရှိ ကျန်းမာရေးဝန်ထမ်းများကဲ့သို့ပင် တူညီသည့်ကာကွယ်စောင့်ရှောက်မှုရသင့်ရထိုက်သည်။

WHO သည် PPE ဝတ်စုံ နှစ်သန်းနီးပါးခန့်ကိုနိုင်ငံ ၇၄ နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ နောက်ထပ်နိုင်ငံ ၆၀ ကိုလည်း အလားတူ အရေအတွက်အတိုင်းပေးပို့ရန် ပြင်ဆင်နေကြောင်း Tedros က ပြောကြားခဲ့သည်။ အသက်ပေါင်းများစွာ ကယ်တင်ရန်အတွက် လိုအပ်သောဝတ်စုံ၊ ကိရိယာများထုတ်လုပ်ပြီး ဖြန့်ဖြူးပေးရန်အတွက် ဂျီ-၂၀ နိုင်ငံများသည် ၎င်းတို့၏ စက်မှုလုပ်ငန်းဆိုင်ရာ အင်အားနှင့် တီထွင်ဖန်တီးမှုတို့ကို အသုံးပြုရန် ၎င်းကတိုက်တွန်းခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူ ၂၅,၀၀၀ ကျော်သေဆုံးခဲ့ပြီးအများစုသည် ဥရောပမှ ဖြစ်သည်ဟု တရားဝင်ထုတ်ပြန်သည့် စာရင်းများကို အခြေခံပြီး အေအက်ဖ်ပီက ဖော်ပြခဲ့သည်။ ယမန်နှစ်တွင် တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်စတင်ပျံ့နှံ့ခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းတွင် ဗိုင်းရပ်စ် ကူးစက်ခံရသူ တစ်သန်းကျော်ခန့်ရှိလာပြီဖြစ်သည်။

သတိရှိမှုသည် ဘေးကင်းမှုရှိကြောင်း၊ မှန်ကန်သည့်စမ်းသပ်ချက်၊ ကာကွယ်ဆေးအတွက် အနည်းဆုံး ၁၂ လမှ ၁၈ လအထိ ကြာမြင့်နိုင်ကြောင်း၊ ဗိုင်းရပ်စ်ကူးစက်ခံထားရသူများကို ကုသရန် အထောက်အကူပြုနိုင်သည့် ကုသနည်းများရှာဖွေရန် စမ်းသပ်ချက်များ လုပ်ဆောင်နေကြောင်းသိရသည်။

နိုင်ငံ ၄၅ နိုင်ငံကျော်သည်လည်း ယင်းစမ်းသပ်စစ်ဆေးမှုတွင် ပါဝင်ခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုတွင် ဥရောပတွင် စုစုပေါင်း ၃၀၀၀၀၀ ရှိသည်ဟု အေအက်ဖ်ပီ၏ စာရင်းများတွင် ဖော်ပြခဲ့သည်။ အမေရိကန်သည် တရုတ်နှင့် အီတလီကို ကျော်တက်ပြီး ကမ္ဘာတွင် ဗိုင်းရပ်စ်ကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်ခဲ့သည်။

Ref:Afp

# ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းနောက်ပိုင်း
# စင်ကာပူက အဆိုးဆုံးစီးပွားရေးကျဆင်းမှုကို ရင်ဆိုင်နေရ





ပို့ကုန်ကို အဓိကမှီခိုနေရသော ဘဏ္ဍာရေးဗဟိုချက်စင်ကာပူသည် ကမ္ဘာတွင် ပွင့်လင်းမှုအရှိဆုံးစီးပွားရေးအင်အားကြီး တစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးခိုင်မာမှုအတွက် ရည်ညွှန်းမှတ်အဖြစ် ရှုမြင်ခံရသည်။ စင်ကာပူသည် ဇန်နဝါရီ- မတ်သုံးလပတ်တွင် စီးပွားရေးတိုးတက်မှု ၂.၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီးနောက် ယခုနှစ်တွင် စီးပွားရေးကျဆင်းရန် မျှော်လင့်ထားရပြီ ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု ကမ္ဘာတစ်ဝန်းတွင် ဆိုးရွားနေချိန်၌ စင်ကာပူစီးပွားရေးသည် ဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း အဆိုးဆုံးကျဆင်းမှုကို ရင်ဆိုင်ခဲ့ရကြောင်း စာရင်းအင်းများက ဖော်ပြခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု စတင်ဖြစ်ပွားခဲ့ပြီးနောက် စီးပွားရေးတိုးတက်မှုစာရင်းအင်းများကို ပထမဆုံးထုတ်ပြန်သောနိုင်ငံများ၌ စင်ကာပူက တစ်နိုင်ငံအပါအဝင်ဖြစ်ခဲ့သည်။ ကမ္ဘာ့လူဦးရေ၏ ၃ ဘီလျံကျော်သည် ပိတ်ဆို့ထိန်းချုပ်ခံနေရချိန်တွင် ကမ္ဘာသည် နက်ရှိုင်းသော စီးပွားရေးကျဆင်းမှုကို ဦးတည်နေကြောင်း လက္ခဏာများ ထွက်ပေါ်လာနေပြီး စင်ကာပူစီးပွားရေး အလားအလာက မျှော်လင့်ချက်ကို ထိုးနှက်ပစ်ခဲ့သည်။

ကမ္ဘာတစ်ဝန်းမှ အစိုးရများနှင့် ဗဟိုဘဏ်များသည် ကိုရိုနာကပ်ဘေးကို တိုက်ဖျက်ရန်အတွက်မကြုံစဖူးအရေးယူဆောင်ရွက်မှုများကို ချမှတ်ဆောင်ရွက်နေသည်။ အထိနာနေသော အမေရိကန်စီးပွားရေးကို ကယ်တင်ရန်အတွက် ဒေါ်လာ ၂ ထရီလျံ သုံးစွဲရေးသဘောတူညီချက်ကို အမေရိကန်အထက်လွှတ်တော်ခေါင်းဆောင်များက သဘောတူထားသည်။

ယခုနှစ် ပထမသုံးလပတ်တွင် စင်ကာပူစီးပွားရေး ၂.၂ ရာခိုင်နှုန်း ကျဆင်းမှုသည် ၂၀၀၉ ဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း အဆိုးရွားဆုံး သုံးလပတ်စီးပွားရေးဖြစ်ခဲ့သည်။ စီးပွားရေးကဏ္ဍအားလုံး ထိခိုက်ခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းအင်းများက ခန့်မှန်းခဲ့သည်။

ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု မဖြစ်မီကပင် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် စင်ကာပူစီးပွားရေးထိခိုက်နေခဲ့ပြီးဖြစ်သည်။ သုံးလပတ်မကုန်ဆုံးမီ စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို ထုတ်ပြန်လေ့ရှိသည့် စင်ကာပူသည် နောက်ပိုင်းတွင် ပြင်ဆင်သုံးသပ်ချက်ကို ထုတ်ပြန်မည်ဖြစ်သည်။

သို့သော်လည်း နှစ်ဦးသေဆုံးပြီး ၆၃၀ ကျော်ကူးစက်ခံထားရသည့် စင်ကာပူတွင် အလုံးစုံပိတ်ဆို့ထိန်းချုပ်မှုကို ဆောင်ရွက်ရန် ငြင်းဆန်ထားဆဲဖြစ်သည်။

Ref:Afp